ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

၁၃၈၁ ခုနှစ်၊ တပေါင်းလဆန်း ၁၁ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 4 March 2020 ၉၉၄၄

**ကောင်းမှုကိုပြုလုပ်ဆည်းပူး**

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)

### ကြေးမုံ ယနေ့ ဖတ်စရာ

မြို့ပြအမွေအနှစ်၊ စာပေအမွေအနှစ်တို့ ပေါင်းစုစည်းထားရာ အမျိုးသားစာကြည့်တိုက် (ရန်ကုန်)

စာမျက်နှာ » ၆

COVID-19 ရောဂါနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ချက် (၄-၁-၂၀၂၀ ရက်နေ့မှ ၃-၃-၂၀၂၀ ရက်နေ့ထိ)

စာမျက်နှာ » ၁၀

တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

စာမျက်နှာ » ၁၂



ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ်

# ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၆ ရက်မြောက်နေ့ ကျင်းပ


**နေပြည်တော် မတ် ၃**

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၆ ရက်မြောက်နေ့တွင် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေမူကြမ်းများပါ ပုဒ်မ၊ ပုဒ်မခွဲများအပေါ် လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းငေါင်းဆိုင်ဟိန်းက ဥပဒေမူကြမ်းဇယား အမှတ်စဉ် (၂၅) ပုဒ်မခွဲ(ဋ)တွင် နယ်စပ်ရေးရာဝန်ကြီးဌာနဝန်ကြီးကို အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီဝင်အဖြစ်မှ ပယ်ဖျက်ရန် အဆိုပြုတင်ပြလိုသည်ကို တွေ့ရှိရပါကြောင်း၊ မိမိအနေဖြင့် ပယ်ဖျက်ရန်မသင့်သေးသည်ကို ဆွေးနွေးလိုပါကြောင်း၊ လက်ရှိအခြေအနေတွင် နယ်စပ်ရေးရာဒေသများ၏

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

# မြန်မာ့မန်ကျည်းသီးများ မန္တလေးဈေးကွက်သို့ အဖွင့်ဈေးကောင်းဖြင့် စတင်ဝင်ရောက်လာ



**မန္တလေး မတ် ၃**

ယခုနွေဦးရာသီတွင် စတင်ထွက်ရှိလာသည့် ပေါ်ဦးပေါ်ဖျား မြန်မာ့မန်ကျည်းသီးများ အထွက်နှုန်းနည်းပါးသည့်အတွက် မန္တလေးဈေးကွက်သို့ အဖွင့်ဈေးကောင်းဖြင့် စတင်ဝင်ရောက်လာကြောင်း သိရသည်။

**အရောင်းသွက်**

အဆိုပါ မန်ကျည်းသီးများသည် ဇီးပင်ကြီး၊ ပုပ္ပား၊ နေပြည်တော်၊ ပျဉ်းမနား၊ ပခုက္ကူဒေသတို့မှ ထွက်ရှိကာ မန္တလေးဈေးကွက်သို့ ဝင်ရောက်လာပြီး ယမန်နှစ်က ယခုလိုရာသီတွင် အစေ့ပါမန်ကျည်းတစ်ပိဿာလျှင် ကျပ် ၈၀၀ နှုန်းသာရှိခဲ့ရာမှ ယခုနှစ်တွင် ငွေကျပ် ၁၄၅၀ နှုန်းဖြင့်လည်းကောင်း၊ ယမန်နှစ်က အစေ့လွတ်(မန်ကျည်းသား) တစ်ပိဿာလျှင် ငွေကျပ် ၁၄၀၀ နှုန်းရှိခဲ့ရာမှ ယခုနှစ်တွင် ငွေကျပ် ၂၈၅၀ နှုန်းဖြင့်လည်းကောင်း ဈေးနှုန်းများမြင့်တက်၍ အရောင်းသွက်လျက်ရှိသည်။

**စောင့်ပြီးဝယ်ယူ**

“ဒီနှစ်မန်ကျည်းပေါ်ချိန်မှာ ရာသီဥတုကြောင့် အထွက်နှုန်းက မနှစ်ကထက် သုံးပုံတစ်ပုံလောက်ပဲထွက်တယ်။ ဒါ့အပြင် ဝါထပ်နှစ်ဖြစ်တဲ့အတွက် ထွက်ပေါ်ချိန်လည်း နောက်ကျတယ်။ ဒါကြောင့် ဈေးနှုန်းက မနှစ်ကထက် တစ်ဆလောက်မြင့်တက်လာတဲ့အပြင် ဝင်လာသမျှ မန်ကျည်းသီးတွေကို ဈေးကွက်မှာ စောင့်ပြီးဝယ်ယူနေကြရတယ်။ လောလောဆယ် ဈေးကွက်မှာတော့ ဘင်္ဂလားဒေ့ရှ်ဝယ်လက်တွေ အစောဆုံးဆင်းဝယ်နေကြတယ်။ မန်ကျည်းတစ်လှည့် ဆီးတစ်လှည့်ဆိုတဲ့ မြန်မာ့ဆိုရိုးအရဆိုရင် ဒီနှစ်မှာတော့ မန်ကျည်းဈေးကောင်းတဲ့ အလှည့်လို့ပြောရမှာပဲ” ဟု မန္တလေးမြို့မှ ဦးစိုးဝင်းမြင့်(စိုးဝင်းမြင့်ပွဲရုံ)က ပြောသည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ○

C B BANK

Best SME Bank in Myanmar
ASIAN BANKING & FINANCE (ABF) 2019

အသေးစားနှင့်အလတ်စားလုပ်ငန်းများတွင် ပိုမိုကောင်းမွန်သောငွေကြေးလည်ပတ်မှုဖြစ်လာစေရန် အတွက် CB BANK ၏ SME Term Loan ဝန်ဆောင်မှုများကိုရယူလိုက်ပါ.....

Scan Me!

www.cbbank.com.mm Contact Center: (95-1) 2317770



ကြေးမုံ

# အနုပညာဂုဏ်အင်စုံလင် မြန်မာ့ရုပ်ရှင်

ရုပ်ရှင်သည် ခံစားမှုနှင့်နည်းပညာပေါင်းစပ်ထားသော ဆန်းကြယ်သော ပညာရပ်ဖြစ်သည်။ ရုပ်ရှင်ပေါ်ဦးစမှ ယနေ့မျက်မှောက်ကာလအထိ ထိုပညာရပ်သည် လူသားအားလုံးတို့ကို ဆွဲဆောင်ဖမ်းစားနေဆဲဖြစ်သည်။ ထို့ကြောင့် ရုပ်ရှင်အနုပညာကဏ္ဍမှ ကမ္ဘာ့လူသားများအား ကောင်းမွန်သော၊ ဆန်းပြားသော အနှစ်သာရများ ပေးစွမ်းနိုင်အောင်၊ ကျန်ရစ်စေအောင် အစဉ်ကြိုးပမ်းအားထုတ်လျက်ရှိသည်။

ကမ္ဘာ့ရုပ်ရှင်သည် ၁၉ ရာစုနှောင်းပိုင်းတွင် စတင်ပေါ်ထွန်းခဲ့ပြီး မြန်မာ့ရုပ်ရှင်သည် ၂၀ ရာစုဆန်းပိုင်းတွင် စတင်ဖြစ်တည်လာခဲ့သဖြင့် မြန်မာ့ရုပ်ရှင်ခေတ်ဦးသည် ကမ္ဘာနှင့်ရင်ပေါင်တန်းခဲ့သည်ဟု ဆိုရမည်ဖြစ်သည်။ မြန်မာ့ရုပ်ရှင်ကို လန်ဒန်အတ်ဦးအုန်းမောင်က ၁၉၂၀ ပြည့်နှစ် နှစ်လယ်တွင် ဝိုင်အမ်ဘီအေအသင်းခေါင်းဆောင် ဦးထွန်းရှိန်၏ ဈာပနအခမ်းအနားကို ရုပ်ရှင်ဖြင့် မော်ကွန်းတင်နိုင်ခဲ့သည်။ ထိုဈာပနသတင်းကား အောင်မြင်သည်နှင့် မေတ္တာနှင့်သူရာ ရုပ်ရှင်ဇာတ်ကားကို အပြီးတိုင်ရိုက်ကူးပြီး ၁၉၂၀ ပြည့်နှစ် အောက်တိုဘာ ၁၃ ရက်တွင် ရုံတင်ပြသရာ အဆိုပါဇာတ်ကားပြသခဲ့သည့်နေ့သည် မြန်မာ့ရုပ်ရှင်နေ့ ဖြစ်လာခဲ့သည်။

ထို့ကြောင့် ၂၀၂၀ ပြည့်နှစ်တွင် မြန်မာ့ရုပ်ရှင်သည် နှစ် ၁၀၀ ပြည့် အခင်းအကျင်းသို့ ရောက်ရှိလာပြီဖြစ်သည်။ မြန်မာ့ရုပ်ရှင် နှစ် ၁၀၀ သက်တမ်းကာလအတွင်း ရုပ်ရှင်သည် မြန်မာပြည်သူလူထုအပေါင်းတို့အား ပျော်ရွှင်မှု၊ ကြည်နူးမှု၊ ချမ်းမြေ့မှု၊ ရွှင်လန်းမှု၊ တက်ကြွမှု၊ ခံစားနားလည်မှုစသည့်ရသမျိုးစုံတို့ကို ပေးစွမ်းနိုင်ခဲ့သည်။ စာပေ၊ အနုပညာ၊ စက်မှု၊ နည်းပညာ၊ ဖန်တီးမှုစသည့် ပညာရပ်များပေါင်းစုကာ ရုပ်ရှင်ကြည့်ပရိသတ်များ၏ နှလုံးသားတွင် အသိအမြင်များစွဲထင်ကျန်ရစ်ခဲ့သည့် မြန်မာ့ရုပ်ရှင်သမိုင်းကို ယခုကဲ့သို့ နှစ် ၁၀၀ ပြည့်ကာလတွင် မှတ်မှတ်ထင်ထင် ဂုဏ်ယူအသိအမှတ်ပြုရမည်ဖြစ်သည်။

ဖျော်ဖြေမှုလည်းပါ အနုပညာလည်းမြောက်ပြီး နိုင်ငံနှင့် ပြည်သူကို အကျိုးပြုသည့် ရုပ်ရှင်ဇာတ်ကားကောင်းများကို ကျွန်ုပ်တို့ပြည်သူများက ယနေ့ထက်တိုင်မမေ့နိုင် အသိအမှတ်ပြုနေကြဆဲ ဖြစ်သည်။ ရုပ်ရှင်ဇာတ်ကားကောင်းများ ပေါ်ထွန်းရေးတွင် ရုပ်ရှင်အနုပညာရှင်များ၊ အတတ်ပညာရှင်များနှင့် ဝိုင်းတော်သားအားလုံးတို့၏ ထိမိပြောင်မြောက်စွာ စွမ်းဆောင်ဖန်တီးပေးခဲ့မှုများကို ထိုရုပ်ရှင်များပြသခဲ့သည့်ကာလမှ ယနေ့ထက်တိုင်အောင် ပြည်သူလူထုပရိသတ်အပေါင်းတို့က ချီးကျူးထောမနာပြုလျက်ရှိနေကြပါသည်။

လောကသင်္ခါရသဘောတရားအရ ကုန်လွန်ခဲ့သော နှစ် ၁၀၀ ကာလအတွင်း ရုပ်ရှင်အနုပညာဖန်တီးခဲ့ကြသော ပုဂ္ဂိုလ်အပေါင်းတို့သည် တရွေ့ရွေ့ကြွေလွင့်ခဲ့ကြပြီးဖြစ်သော်လည်း မြန်မာ့ရုပ်ရှင်ဇာတ်လမ်းကောင်းများနှင့် ရုပ်ရှင်အနုပညာကို ပြောင်မြောက်အောင်ဖန်တီးကြသည့် အနုပညာရှင်အားလုံးတို့မှာ ရှင်သန်လင်းလက်နေဆဲဖြစ်သည်။ ၎င်းတို့ကို မျက်မှောက်ကာလကဲ့သို့ ထူးခြားသောမြန်မာ့ရုပ်ရှင် နှစ် ၁၀၀ ပြည့်ကာလ၌ မှတ်တမ်းတင်ဂုဏ်ပြုကြရမည်ဖြစ်သလို ယနေ့ရုပ်ရှင်ချစ်ပရိသတ်အပေါင်းတို့ကလည်း ဆက်လက်ဂုဏ်ပြု မြတ်နိုးနှစ်သက်ကြလိမ့်မည် ဖြစ်သည်။

အများပြည်သူတို့၏ စိတ်နှလုံးသားကို သိမ်းကျုံးလှုပ်ကိုင်နိုင်သော သမိုင်းဝင်သည့် မြန်မာ့ရုပ်ရှင်သည် အနုပညာဖြင့် ပြည်သူတို့ကို အလုပ်အကျွေးပြုခဲ့သည်မှာ မှန်ပါသည်။ တိုင်းပြည်နှင့် လူမျိုးအတွက် အကျိုးပြုနိုင်အောင် တစ်တပ်တစ်အား အနုပညာတာဝန်ကို ကျေပွန်စွာထမ်းဆောင်ခဲ့ကြပါသည်။ ခေတ်ကို ထင်ဟပ်ဖော်ညွှန်းပြသနေသော အနုပညာဖန်တီးမှုများနှင့် မြန်မာ့ယဉ်ကျေးမှုအနုပညာရပ်ကို ထိန်းသိမ်းမှုများသည် နှစ် ၁၀၀ မှ နှစ်ပေါင်းရာထောင်ချီ အစွန့်ရှည်တည်တံ့နေမည်ဟု ယုံကြည်ပါသည်။

သို့ဖြစ်ရာ မြန်မာ့ရုပ်ရှင် နှစ် ၁၀၀ ပြည့် သက်တမ်းကာလအတွင်းက အကောင်းဆုံးဖော်ညွှန်းတင်ဆက်ခဲ့သည့် မြန်မာ့ရုပ်ရှင်ဇာတ်ကားများနှင့် အနုပညာရှင်များကို ဂုဏ်တင်သောအားဖြင့် မျက်မှောက်ကာလ၊ အနာဂတ်ကာလများတွင် ဖျော်ဖြေမှုလည်းရောက်၊ အနုပညာလည်းမြောက်ပြီး နိုင်ငံနှင့် ပြည်သူကိုအကျိုးပြုမည့် ပြောင်မြောက်သော ရုပ်ရှင်အနုပညာရှင်များ၊ အဆင့်အတန်းမြင့်မားသော မြန်မာ့ရုပ်ရှင်ဇာတ်ကားကောင်းများ ဆက်လက်ပြန့်ပွားထွန်းကားလာစေရန် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## ၂၀၂၀ ပြည့်နှစ်၊ (၇၅)နှစ်မြောက် စိန်ရတုတပ်မတော်နေ့ ဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေး (၃) ပါးကို အမျိုးသားရေးမူဝါဒအဖြစ် ဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်အတွက် အသက်ပေးတာဝန်ထမ်းဆောင်ရေး။

(၂) ထာဝရငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်နိုင်ရန် တပ်မတော်၏ငြိမ်းချမ်းရေးမူဝါဒ (၆) ရပ်ဖြင့် နိုင်ငံတော်အစိုးရနှင့်အတူ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်ရေး။

(၃) နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူလူထုအကျိုးစီးပွား ကာကွယ်စောင့်ရှောက်ရေးတို့အတွက် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီတပ်မတော်တည်ဆောက်ရေး။

(၄) နိုင်ငံတော်ကာကွယ်ရေးတာဝန်နှင့် အမျိုးသားနိုင်ငံရေးတာဝန်များကို ခေတ်အဆက်ဆက် ကျေပွန်စွာထမ်းဆောင်ခဲ့သည့် တပ်မတော်၏ အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်ရေး။

## အဋ္ဌမအကြိမ် ရန်ကုန်တိုင်းဒေသကြီး သံဃာ့ဝန်ဆောင် (ဒုတိယ) နှစ်ပတ်လည်အစည်းအဝေး ကျင်းပ

ရန်ကုန် မတ် ၃

အဋ္ဌမအကြိမ် ရန်ကုန်တိုင်းဒေသကြီး သံဃာ့ဝန်ဆောင် (ဒုတိယ)နှစ်ပတ်လည် အစည်းအဝေးကို ယမန်နေ့က ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ကြားတောရလမ်းရှိရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ ရုံးဝင်းအတွင်းရှိ မင်္ဂလာဈေး ဓမ္မာရုံ၌ ကျင်းပသည်။

**ငါးပါးသီလ ခံယူဆောက်တည်**

အခမ်းအနားအစီအစဉ် ပထမပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ ဩဝါဒါစရိယဆရာတော် ဘဒ္ဒန္တဓမ္မာလင်္ကာရထံမှ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် ဧည့်ပရိသတ်အပေါင်းတို့က ငါးပါးသီလ ခံယူဆောက်တည်ကြပြီး တိုင်းသံဃာ့ဝန်ဆောင် နှစ်ပတ်လည် အစည်းအဝေး၏ သဘာပတိ တိုင်းဒေသကြီး သံဃနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တ အဂ္ဂသာမိ (ဒွိပိဋကဓရအဂ္ဂမဟာ ပဏ္ဍိတ)၏ အဖွင့်ဩဝါဒကထာကို နာယူကြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက သာသနာရေးဆိုင်ရာများ တင်ပြလျှောက်ထားပြီး အစည်းအဝေးသို့ ကြွရောက်တော်မူကြသော တိုင်းဒေသကြီး ဩဝါဒါစရိယ ဆရာတော်များ၊ တိုင်းဒေသကြီး သံဃနာယကအဖွဲ့၊ တိုင်းဒေသကြီး သံဃာ့ဝန်ဆောင် ဆရာတော်တို့အား ဝန်ကြီးချုပ်နှင့် အလှူရှင်အပေါင်းတို့က လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။



ထို့နောက် တိုင်းဒေသကြီး သံဃနာယကအဖွဲ့၏ လုပ်ငန်းတာဝန်များ ဆောင်ရွက်ရန်အတွက် အလှူရှင်များက အလှူတော်ငွေများ ပေးအပ်လှူဒါန်းကြရာ စုစုပေါင်း လှူဒါန်းငွေ ကျပ်သိန်းပေါင်း ၃၀၀ ကို တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဥပဋ္ဌာက အဖွဲ့တို့က လက်ခံရယူသည်။

ယင်းနောက် တိုင်းသံဃာ့ဝန်ဆောင် နှစ်ပတ်လည် အစည်းအဝေး၏ သဘာပတိဆရာတော် ဘဒ္ဒန္တအဂ္ဂသာမိထံမှ ရေစက်ချ အနုမောဒနာ တရားတော်ကို နာယူပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းလောင်း အမျှပေးဝေခဲ့ကြသည်။

အစီအစဉ် ဒုတိယပိုင်းတွင် အဋ္ဌမအကြိမ် တိုင်းဒေသကြီး သံဃာ့ဝန်ဆောင် (ဒုတိယ) နှစ်ပတ်လည် အစည်းအဝေးကို ဆက်လက်ကျင်းပရာ သဘာပတိအဖြစ် ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တအဂ္ဂသာမိ (ဒွိပိဋကဓရ အဂ္ဂမဟာ ပဏ္ဍိတ)က ဆောင်ရွက်၍ အခမ်းအနားမှူးအဖြစ် အကျိုးတော်ဆောင်ဆရာတော် ဘဒ္ဒန္တ သုမင်္ဂလ (မဟာဂန္ထဝါစကပဏ္ဍိတ) က ဆောင်ရွက်ပြီး တက်ရောက်စာရင်းကြေညာကာ တိုင်းပြုပါဒါစရိယဆရာတင် တန္တဇနက၏ ပါပါကလာကို တိုင်းဩဝါဒါစရိယဆရာတော် ဘဒ္ဒန္တ အာဒိစ္စဝံသက ဖတ်ကြားလျှောက်ထားသည်။

ယင်းနောက် တိုင်းသံဃနာယကအဖွဲ့၏ သာသနာရေးရာ၊ ဝိနိစ္ဆယရေးရာ၊ ပညာရေးရာ ကိစ္စရပ်များ အစီရင်ခံစာကို တိုင်းဒေသကြီး အစည်းအဝေးသို့ တင်သွင်းပြီး တိုင်းဒေသကြီး သံဃနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်၏ နိဂမနကလာကို နာယူကြကာ အစည်းအဝေးသို့ ကြွရောက်တော်မူသော ဆရာတော်တို့အား သံဃဒါန ဆွမ်းဆန်စိမ်းများ လောင်းလှူကြသည်။

**တက်ရောက်**

အခမ်းအနားသို့ တိုင်းဩဝါဒါစရိယ ဆရာတော်ကြီးများ၊ တိုင်းသံဃနာယကအဖွဲ့ ဆရာတော်ကြီးများ၊ တိုင်းသံဃာ့ဝန်ဆောင်ဆရာတော်များ၊ တိုင်းသံဃနာယကအဖွဲ့၏ ဥပဋ္ဌာကအဖွဲ့ဝင်များ၊ မေတ္တာပြည့်ဝ သာသနာပြုအဖွဲ့၊ လေးကျွန်းသူ ဖောင်ဒေးရှင်းနှင့် သာသနာပြုအဖွဲ့များ တက်ရောက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၃-၃-၂၀၂၀)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၁,၅၀၀ | ၁၂,၀၀၀ | ၂,၄၈၁ | ၂၉,၅၀၅,၀၀၀ |
| MTSH | ၄,၀၀၀ | ၃,၉၅၀ | ၇,၂၈၉ | ၂၈,၈၀၄,၉၅၀ |
| MCB | ၈,၄၀၀ | ၈,၄၀၀ | ၂၁ | ၁၇၆,၄၀၀ |
| FPB | ၂၃,၀၀၀ | ၂၃,၀၀၀ | ၁ | ၂၃,၀၀၀ |
| TMH | ၂,၈၅၀ | ၂,၈၀၀ | ၆၉၅ | ၁,၉၅၀,၅၅၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် မတ် ၃

ရန်ကုန်(ရွှေဈေး) ၁၂၁၃၀၀၀ မန္တလေး(ရွှေဈေး) ၁၂၁၃၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၇၅၀/၈၁၅ ကျပ် | ၈၁၀/၈၃၅ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၈၁၀/၈၆၀ ကျပ် | ၉၀၀/၉၁၅ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၆၉၀/၇၄၀ ကျပ် | ၇၇၀/၇၈၅ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၇၆၀/၈၂၅ ကျပ် | ၈၂၅/၈၅၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၆၄၅/၆၅၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၆၅၅/၆၆၅ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၆၂၅/၆၃၀ ကျပ်

(မြန်မာနိုင်ငံစက်သုံးဆီအသင်း)

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၄၂၇.၄ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၅၈၆.၃ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၀၄.၄၄ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၅.၁၃၅ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၃၉.၅၇ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၉.၅၅၈ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၃၂၁.၄ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၉.၆၀ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၉၃၅.၁၀ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၂၄.၁ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဒေါ်နေဇာဇာထွန်း၊ ဦးသက်ထွေး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဦ
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Daily Established in 1957
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၀



ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ် ဝင်းမိုး



မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းဝေါင်းဆိုင်ဟိန်း



လွိုင်လင်မဲဆန္ဒနယ်မှ ဦးခင်မောင်သီ



မိုင်းရယ်မဲဆန္ဒနယ်မှ ဦးစိုင်းသီဟကျော်



ဂန့်ဂေါမဲဆန္ဒနယ်မှ ဒေါ်ယဉ်မင်းလှိုင်



သထုံမဲဆန္ဒနယ်မှ ဒေါ်မာမာခိုင်

☆ ရှေ့ဖုံးမှ

တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှုအစုစုတို့၏ သတင်းအချက်အလက်များစွာကို ယင်းဝန်ကြီးဌာနက အချိန်နှင့်တစ်ပြေးညီ စုစည်းဆောင်ရွက်ထားခြင်းဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ အရေးကြီးသည့် ကိစ္စရပ်များတွင် ပါဝင်အကြံပြုပေးနိုင်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ပယ်ဖျက်ရန်မသင့်ပါကြောင်း ဆွေးနွေးသည်။

တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ်ဝင်းမိုးက ပုဒ်မ ၃၉၆ ပုဒ်မခွဲ(ခ)တွင် လွှတ်တော်ကိုယ်စားလှယ် ပြန်လည်ရုပ်သိမ်းခြင်းနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ မဲဆန္ဒနယ်၏ မူလမဲဆန္ဒရှင်များအနက် အနည်းဆုံး တစ်ရာခိုင်နှုန်းတို့က တာဝန်မှပြန်လည်ရုပ်သိမ်းလိုသော လွှတ်တော်ကိုယ်စားလှယ်နှင့်ပတ်သက်သည့် တိုင်တန်းချက်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ထံ တင်ပြရမည်ဟု ပြဋ္ဌာန်းထားပါကြောင်း။

မူလပြဋ္ဌာန်းထားသည့် ပုဒ်မ ၃၉၆ ပုဒ်မခွဲ(ခ)သည် မဲဆန္ဒရှင် ပြည်သူလူထုအပေါ်တွင်လည်း အခွင့်အရေး အပြည့်အဝရရှိစေခြင်း၊ သက်ဆိုင်ရာ တိုင်တန်းခံရသည့် ကိုယ်စားလှယ်အပေါ်တွင်လည်း မနစ်နာစေခြင်း၊ နိုင်ငံတော်သစ္စာဖောက်ဖျက်မှုကဲ့သို့သော အရေးကြီးကိစ္စရပ်များအပေါ်တွင်လည်း လျင်မြန်စွာကိုင်တွယ်ထိန်းကျောင်းနိုင်ခြင်း၊ ကိုယ်စားလှယ်၏ အကျင့်သိက္ခာချို့ယွင်းပျက်ပြားနေမှုအပေါ်တွင်လည်း အမြန်ဖော်ထုတ်အရေးယူနိုင်ခြင်း၊ မနည်းလွန်း၊ မများလွန်းသော တိုင်တန်းနိုင်သည့် ဦးရေဖြစ်ခြင်း၊ ကာယကံရှင် ကိုယ်စားလှယ်များအနေဖြင့်လည်း မှန်ကန်စွာ ဆောင်ရွက်နေပါက စိုးရိမ်ကြောက်လန့်စရာမလိုခြင်း၊ တိုင်တန်းမှုအပေါ် ချက်ချင်းအရေးယူဆောင်ရွက်ခြင်းမျိုးမဟုတ်ဘဲ စိစစ်မှုများ အဆင့်ဆင့်ဆောင်ရွက်ပြီး မှန်ကန်မှသာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ခြင်း စသည့်အချက်များကြောင့် မူလပြဋ္ဌာန်းချက်အတိုင်းသာထားရှိသွားရန် လိုအပ်ပါကြောင်း ဆွေးနွေးသည်။

လွိုင်လင်မဲဆန္ဒနယ်မှ ဦးခင်မောင်သီက ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁) ပုဒ်မ ၆ ပုဒ်မခွဲ(ဃ) မူလပြဋ္ဌာန်းချက်တွင် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ထွန်းကားရေးဖြစ်ပြီး အဆိုပြုပြင်ဆင်ချက်တွင် စစ်မှန်သော ပါတီစုံဒီမိုကရေစီစနစ်ထွန်းကားရေးဖြစ်ပါကြောင်း၊ ယင်းအဆိုပြုပြင်ဆင်ချက်ကို ကန့်ကွက်ပါကြောင်း၊ မိမိအနေဖြင့် ပုဒ်မ ၆ ပုဒ်မခွဲ (ဃ) မူလပြဋ္ဌာန်းချက်အတိုင်းထားရှိရန် အဆိုပြုတင်ပြအပ်ပါကြောင်း၊ စည်းကမ်းဖြင့် ရှေ့ကိုတက်လှမ်းမှသာ နိုင်ငံရေးပါတီများသည် ဒီမိုကရေစီကို အောင်မြင်ထွန်းကားစေရန် ဆောင်ရွက်နိုင်မည်ဟု ယုံကြည်သဖြင့် မူလပြဋ္ဌာန်းချက်ကို ထောက်ခံခြင်းဖြစ်ပါကြောင်း ဆွေးနွေးသည်။

မိုင်းရယ်မဲဆန္ဒနယ်မှ ဦးစိုင်းသီဟကျော်က နိုင်ငံသားတိုင်းသည် ဥပဒေနှင့်အညီ ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်နှင့် ရွေးကောက်တင်မြှောက်ခွင့်ရှိရမည်ဖြစ်ပါကြောင်း၊ ထို့ပြင် မိမိတို့ကိုယ်စား ရွေးကောက်တင်မြှောက်ထားသည့် လွှတ်တော်ကိုယ်စားလှယ်ကိုလည်း ပြည်သူ့ဆန္ဒကိုဖော်ဆောင်ပေးနိုင်ခြင်းမရှိပါက တာဝန်မှပြန်လည်ရုပ်သိမ်းနိုင်ခွင့် အခွင့်အရေးရရှိရမည် ဖြစ်ပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပုဒ်မ ၃၉၆ ပုဒ်မခွဲ(ခ) မူလပြဋ္ဌာန်းချက်တွင် သက်ဆိုင်ရာမဲဆန္ဒနယ်၏ မူလမဲဆန္ဒရှင်များအနက် အနည်းဆုံးတစ်ရာခိုင်နှုန်းတို့က တာဝန်မှပြန်လည်ရုပ်သိမ်းလိုသော လွှတ်တော်ကိုယ်စားလှယ်နှင့်ပတ်သက်သည့် တိုင်တန်းချက်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ထံ တင်ပြရမည်ဟု ပြဋ္ဌာန်းထားပြီး ဦးထွန်းထွန်းဟိန်ကိုယ်စားပြု တင်သွင်းသည့် ပြင်ဆင်ချက်တွင် တစ်ရာခိုင်နှုန်းအစား ၂၀ ရာခိုင်နှုန်းဟု ပြင်ဆင်ထားပါကြောင်း။

မူလပြဋ္ဌာန်းချက်အရ အနည်းဆုံး တစ်ရာခိုင်နှုန်းဆိုသည်မှာ နည်းလွန်းသည့်အရေအတွက်ဖြစ်ပြီး မကြာခဏ တိုင်ကြားမှုများနှင့်သာ ရင်ဆိုင်နေရခြင်းမှာလည်း လွှတ်တော်ကိုယ်စားလှယ်၏ တာဝန်များ လစ်ဟင်းသွားမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် လွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းနိုင်သည့် ဥပဒေတစ်ရပ် ပြဋ္ဌာန်းဆောင်ရွက်သွားနိုင်ရေးအတွက် မူလမဲဆန္ဒရှင် ၂၀ ရာခိုင်နှုန်းတို့က တာဝန်မှ ပြန်လည်ရုပ်သိမ်းလိုသော လွှတ်တော်ကိုယ်စားလှယ်နှင့်ပတ်သက်သည့် တိုင်တန်းချက်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ထံ တင်ပြရမည်ဆိုသည့် ပြင်ဆင်ချက်သည် သင့်လျော်ပါကြောင်း ဆွေးနွေးသည်။

ယင်းဥပဒေမူကြမ်းများပါ ပုဒ်မ၊ ပုဒ်မခွဲများအပေါ် တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ်အောင်ဇော်လှိုင်၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုးမိုး၊ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ်ကျော်စန်းလင်း၊ မယ်စဲ့မဲဆန္ဒနယ်မှ ဦးသန်းလင်းလင်း၊ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ် သက်ထွန်းအောင်၊ ရသေ့တောင်မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေ၊ ဂန့်ဂေါမဲဆန္ဒနယ်မှ ဒေါ်ယဉ်မင်းလှိုင်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါက်တာ ဦးကြွယ်ကြွယ်၊ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးအောင်ကျော်မိုး၊ ရွာငံမဲဆန္ဒနယ်မှ ဦးအောင်စိုးမင်း၊ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးတင်လင်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးတင်အောင်ထွန်း၊ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး သန်းဦးလွင်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးကျော်မြင့်ဦး၊ ကျိုင်းတုံမဲဆန္ဒနယ်မှ ဦးစတီဖန်၊ ကချင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၂)မှဦးဆီဟူးဒွေ့၊ တပ်မတော်သားအမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီးကျော်ကျော်နှင့် သထုံမဲဆန္ဒနယ်မှ ဒေါ်မာမာခိုင်တို့က ဆက်လက်ဆွေးနွေးကြသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၇ ရက်မြောက်နေ့ကို မတ် ၄ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်၊ အေးအေးသန့်(သတင်းစဉ်)**

**ဓာတ်ပုံ-စိုးဝင်းထွန်း**

## Sun Outage ဖြစ်စဉ်ကြောင့် ရုပ်သံထုတ်လွှင့်မှုများ နှစ်မိနစ်မှ ၁၈ မိနစ်ခန့်အထိ ပြတ်တောက်မည်

**နေပြည်တော် မတ် ၃**

နေ၊ ဂြိုဟ်တုနှင့် TVRO (စလောင်း) တို့ တစ်တန်းတည်းကျရောက်ချိန်တွင် Sun Outage ဖြစ်ပေါ်လေ့ရှိရာ ယင်းသို့ Sun Outage ဖြစ်ပေါ်ချိန်တွင် ဂြိုဟ်တုမှ ပေးပို့ထုတ်လွှင့်နေသော အရုပ်/အသံအချက်အလက်များ ခေတ္တယာယီ ပြတ်တောက်မှုများ ဖြစ်ပေါ်လေ့ရှိသည်။

Sun Outage ဖြစ်စဉ်မှာ နှစ်စဉ် ကြုံတွေ့ရလေ့ရှိသည့် သဘာဝဖြစ်စဉ်တစ်ခုဖြစ်ပြီး နှစ်စဉ် မတ်လတွင် တစ်ကြိမ်၊ စက်တင်ဘာလကုန်နှင့် အောက်တိုဘာလဆန်းတို့တွင် တစ်ကြိမ် ကြုံတွေ့ရလေ့ရှိသည်။

ယင်းဖြစ်စဉ်သည် ထုတ်လွှင့်သည့် ဂြိုဟ်တု၊ ဖမ်းယူသည့် TVRO (စလောင်း) အရွယ်အစားနှင့် တည်နေရာတို့အပေါ် မူတည်၍ Sun Outage ဖြစ်သောအချိန်နှင့် Signal ပြတ်တောက်မှု ကြာချိန်တို့ ကွာခြားမှုရှိသည်။

Thaicom-6 ဂြိုဟ်တုကို အသုံးပြု၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ထုတ်လွှင့်နေသော TV Channel များနှင့် ရေဒီယိုအစီအစဉ်များသည် မတ် ၆ ရက်မှ ၁၆ ရက်အတွင်း နေ့စဉ် နှစ်မိနစ်မှ ၁၈ မိနစ်ခန့်အထိ Sun Outage ဖြစ်စဉ်ကြောင့် Signal ပြတ်တောက်မှု ဖြစ်ပေါ်နိုင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| အမည်ရာ၊ ရာထူး၊ ဌာန | ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|
| (၁) ဦးဝေလင်းမောင်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်<br>ဆည်မြောင်း<br>ဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ငါးလုပ်ငန်းဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်<br>ဆည်မြောင်း<br>ဝန်ကြီးဌာန |
| (၂) ဦးကျော်ဝင်းဟန်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဝန်ထမ်းရေးရာဦးစီးဌာန<br>ပြည်ထောင်စုရာထူးဝန်အဖွဲ့ | ပါမောက္ခချုပ်<br>ဗဟိုဝန်ထမ်းတက္ကသိုလ်<br>(အောက်မြန်မာပြည်)<br>ပြည်ထောင်စုရာထူးဝန်အဖွဲ့ |




## မြန်မာ့ရုပ်ရှင် နှစ်(၁၀၀)ပြည့်အကြို ဂျပန်ဂန္ထဝင်ရုပ်ရှင်ပွဲတော် ကျင်းပမည်

**ရန်ကုန် မတ် ၃**

မြန်မာ့ရုပ်ရှင် နှစ်(၁၀၀)ပြည့်ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဂျပန်ဂန္ထဝင်ရုပ်ရှင်ပွဲတော် (Japanese Classic Film Festival)ကို ရန်ကုန်မြို့ နေပြည်တော်ရုပ်ရှင်ရုံတွင် မတ် ၆ ရက်မှ ၈ ရက်အထိ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံး၏ အစီအစဉ်ဖြင့် ကျင်းပမည်ဖြစ်သည်။

အဆိုပါ ရုပ်ရှင်ပွဲတော်ဖွင့်ပွဲအခမ်းအနားကို မတ် ၆ ရက် ညနေ ၅ နာရီခွဲတွင် ပြုလုပ်မည်ဖြစ်ရာ The Agency for Cultural Affairs of Japanese Government နှင့် National Film Archive of Japan တို့၏ စီစဉ်မှုဖြင့် ဂျပန်နိုင်ငံ IMAGIKA LAB ၌ Digital Restoration ပြုလုပ်ထားသော "ဂျပန့်ရင်သွေး" ရုပ်ရှင်ဇာတ်ကား(DCP)အား ဂျပန်သံရုံးမှ ပြန်ကြားရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ခြင်းကို ဦးစွာပြုလုပ်မည်ဖြစ်ပြီး ဆက်လက်၍ ၎င်းရုပ်ရှင်ဇာတ်ကားကို ပြသမည်ဖြစ်သည်။


ဂျပန်ဂန္ထဝင်ရုပ်ရှင်ပွဲတော်တွင် အေဝမ်းရုပ်ရှင်မှ ၁၉၃၅ ခုနှစ်တွင် ဒါရိုက်တာဦးညီပု ရိုက်ကူးထုတ်လုပ်ပြီး သရုပ်ဆောင် ဦးညီပု၊ မောင်မောင်စိုး၊ မောင်စံညွှန့်နှင့် ဂျပန်မင်းသမီး မိဆုကို တကရို(အေးမိစံ)တို့ ပါဝင်သရုပ်ဆောင်ထားသော "ဂျပန့်ရင်သွေး" ရုပ်ရှင်ဇာတ်ကားအပါအဝင် ဒါရိုက်တာ Miyazaki Hayao ၏ "My Neighbor Totoro"၁၉၈၈၊ ဒါရိုက်တာ Honda Ishiro ၏ "Godzilla" ၁၉၅၄၊ ဒါရိုက်တာ Kurosawa Akira ၏ "Rashomon" ၁၉၅၀၊ ဒါရိုက်တာ Yamada Yoji ၏ "Tora-san, the lovable tramp" ၁၉၆၉ နှင့် ဒါရိုက်တာ Ozu Yasujiro ၏ "Tokyo STORY" ၁၉၅၃၊ စုစုပေါင်း ရုပ်ရှင်ဇာတ်ကား ခြောက်ကားကို အခမဲ့ပြသမည်ဖြစ်ကြောင်း သိရသည်။

**ငြိမ်းကို(FDC)**

# အဋ္ဌမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယအစည်းအဝေး ပထမနေ့ကျင်းပ

ရန်ကုန် မတ် ၃

အဋ္ဌမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယအစည်းအဝေး ပထမနေ့ကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီး၌ ကျင်းပသည်။






ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို သာသနာရေးဆိုင်ရာများ လျှောက်ထားစဉ်။

### တက်ရောက်ကြည်ညို

အဆိုပါ အစည်းအဝေးသို့ နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများ၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ဒုတိယဝန်ကြီး ဦးကြည်မင်း၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဦးနှင့် တိုင်းဒေသကြီး/ပြည်နယ် သာသနာရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။

အစည်းအဝေးတွင် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဥက္ကဋ္ဌ ဗန်းမော်ကျောင်းတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသက သဘာပတိ ဆရာတော်အဖြစ် ဆောင်ရွက်တော်မူပြီး တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တဓမ္မာစာရက အခမ်းအနားမှူး ဆရာတော်အဖြစ် ဆောင်ရွက်တော်မူသည်။

ရှေးဦးစွာ အခမ်းအနားမှူး ဆရာတော်က အစည်းအဝေးစတင်ကြောင်းနှင့် ကြွရောက်တော်မူလာကြသည့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များ၏ အရေအတွက်ကို ဖတ်ကြားလျှောက်ထားပြီး အစည်းအဝေး ထမြောက်အောင်မြင်ကြောင်း ကြေညာသည်။

### အခမ်းအနားဖွင့်လှစ်

ထို့နောက် အစည်းအဝေးသို့ ကြွရောက်တော်မူလာ ကြသည့် ဆရာတော်များက ‘သာသနဿစ လောကဿ ဝုဍ္ဎိ ဘဝတုသဗ္ဗဒါ’ အစချီသော နှစ်ဂါထာကို တညီတညွတ်တည်း သုံးကြိမ်ရွတ်ဆိုလျက် အခမ်းအနားကို ဖွင့်လှစ်တော်မူကြသည်။

ယင်းနောက် အစည်းအဝေးကျင်းပမည့် ၁၃၈၁ ခုနှစ် တပေါင်းလဆန်း (၁၀၊ ၁၁၊ ၁၂)၊ ၂၀၂၀ ပြည့်နှစ် မတ် (၃၊ ၄၊ ၅)ရက်များအတွက် အစည်းအဝေး အစီအစဉ်များကို အကြမ်းဖျင်း လျှောက်ထားပြီး အစည်းအဝေးကြီး၏ အတည်ပြုချက်ကို ရယူသည်။

ဆက်လက်၍ အခမ်းအနားမှူး ဆရာတော်က ယနေ့ဖြန့်ဝေဆက်ကပ်ထားသော အစီအစဉ်တွင်ပါရှိသည့် အတိုင်း အစည်းအဝေးကျင်းပသွားမည်ဖြစ်ကြောင်း လျှောက်ထားပြီး နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၏ ဩဝါဒကထာများကို နာယူကြသည်။

ထို့နောက် အစည်းအဝေး သဘာပတိ ဗန်းမော်ကျောင်းတိုက် ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဒေါက်တာဘဒ္ဒန္တ ကုမာရာဘိဝံသက အစည်းအဝေးဖွင့် သာရဏီယ ဩဝါဒကထာကို မြွက်ကြားတော်မူသည်။

**(သာရဏီယ ဩဝါဒကထာကို စာမျက်နှာ (၅)တွင် သီးခြားဖော်ပြထားပါသည်)**

(သာရဏီယ ဩဝါဒကထာကို စာမျက်နှာ (၅)တွင် သီးခြားဖော်ပြထားပါသည်)

### အထူးလိုအပ်

ယင်းနောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက သာသနာရေးဆိုင်ရာများ လျှောက်ထားရာတွင် ၂၀၁၈ ခုနှစ်က ငါးနှစ်မှ ၁၀ နှစ်အထိ ကြန့်ကြာမှုခင်း ၃၁ မှု၊ ၁၀ နှစ်အထက် ကြန့်ကြာမှုခင်း သုံးမှု၊ စုစုပေါင်း ဝိနိစ္ဆယကြန့်ကြာမှုခင်း ၃၄ မှုရှိခဲ့ပြီး ယခုအခါ ငါးနှစ်မှ ၁၀ နှစ်အထိ ကြန့်ကြာမှုခင်း ၁၀ မှု၊ ၁၀ နှစ်နှင့်အထက် ကြန့်ကြာမှုခင်း ငါးမှု စုစုပေါင်း ဝိနိစ္ဆယကြန့်ကြာမှုခင်း ၁၅ မှုသာရှိသဖြင့် ယခင်နှင့်စာလျှင် ဝိနိစ္ဆယမှုခင်းများ လျော့နည်းသွားပါကြောင်း၊ ဝိနိစ္ဆယမှုခင်းများ ကြန့်ကြာမှု မရှိစေရေးနှင့် မှုခင်းများလျော့နည်းပပျောက်စေရေးအတွက် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တွင် ဓမ္မဝိနယ ကျွမ်းကျင်၍ စီမံခန့်ခွဲမှုထက်မြက်ပြီး သံဃာ့အဖွဲ့အစည်း လုပ်ထုံးလုပ်နည်းများ၌ အတွေ့အကြုံကြွယ်ဝသည့် သံဃနာယက ဆရာတော်များနှင့် ဝိနည်းဓိုရ် ဆရာတော်များ အထူး လိုအပ်မည် ဖြစ်ပါကြောင်း။

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ ဦးဆောင်ဖွင့်လှစ်သည့် သံဃနာယကနှင့် ဝိနည်းဓိုရ် သင်တန်းများကို ၂၀၁၇ ခုနှစ်အထိ ဗဟိုအဆင့် ခုနစ်ကြိမ်မျှ ဖွင့်လှစ်သင်ကြားပို့ချခဲ့ပြီး ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလအတွင်းက ရှစ်ကြိမ်မြောက် ဗဟိုအဆင့်သင်တန်းကို ဖွင့်လှစ်ခဲ့ပြီးဖြစ်၍ ပျမ်းမျှအားဖြင့် ငါးနှစ်လျှင်တစ်ကြိမ် သံဃနာယကနှင့် ဝိနည်းဓိုရ်သင်တန်းများ ပြုလုပ်နိုင်ခဲ့သည်ကို တွေ့ရှိရပါကြောင်း။

### သင်ကြားပို့ချပေးနိုင်ခဲ့

တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်တွင် သံဃနာယကနှင့် ဝိနည်းဓိုရ်ဆင့်ပွားသင်တန်းပေါင်း (၁၈)ကြိမ် ဖွင့်လှစ်ပို့ချနိုင်ခဲ့ပြီး သင်တန်းသားသံဃာတော် ၁၈၅၅ ပါးနှင့် လူပုဂ္ဂိုလ် ၂၀၀ တို့အားလည်းကောင်း၊ မြို့နယ်အဆင့်တွင် မြို့နယ်ပေါင်း ၉၀ မြို့နယ်တို့၌ သံဃနာယကနှင့် ဝိနည်းဓိုရ်ဆင့်ပွားသင်တန်းပေါင်း အကြိမ် ၉၀ ဖွင့်လှစ်ပို့ချနိုင်ခဲ့ကာ သင်တန်းသားသံဃာတော် ၇၂၃၆ ပါး၊ သီလရှင်အပါး ၂၀ နှင့် လူပုဂ္ဂိုလ် ၂၁၆ ဦးတို့အားလည်းကောင်း သင်ကြားပို့ချပေးနိုင်ခဲ့ကြောင်း သိရှိရပါကြောင်း၊ ဤကဲ့သို့ သံဃနာယကနှင့် ဝိနည်းဓိုရ်သင်တန်းများ ဖွင့်လှစ်ခြင်းအားဖြင့် သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်း၊ ဥပဒေ၊ ညွှန်ကြားလွှာများနှင့်အညီ သာသနာရေးရာ၊ ဝိနိစ္ဆယရေးရာများကို ဖြေရှင်းဆောင်ရွက်ရာတွင် အထောက်အကူပြုမည်ဖြစ်ကာ အနာဂတ်သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်၏ တာဝန်များကို ကျွမ်းကျင်စွာ ဆောင်ရွက်နိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း။

ပရိယတ္တိ ပညာရေးရာကဏ္ဍမှာ ဆရာတော်များကိုယ်တိုင် ပရိယတ္တိစာသင်တိုက်များတွင် နေ့စဉ်သင်ကြားပို့ချလျက်ရှိသော ပရိယတ္တိစာပေသင်ကြားပို့ချခြင်း လုပ်ငန်းဖြစ်၍ မြို့ရွာတိုင်းနှင့်အမျှ ကျယ်ပြန့်လှပါကြောင်း၊ ရှေးခေတ် ဘုန်းတော်ကြီးကျောင်းများသည် မြန်မာလူမျိုးတို့၏ ပညာရေးကို တာဝန်ယူခဲ့သည့်အလျောက် လောကီလောကုတ္တရာ ပညာရပ်များ သင်ကြားပေးခဲ့ရာမှ နောက်ပိုင်းတွင် ပရိယတ္တိပညာရေးသည် ရဟန်းသာမဏေတို့၏ လက်ဝယ်၌ သီးခြားသဖွယ် တာဝန်ဖြစ်လာပြီးနောက် ပရိယတ္တိစာမေးပွဲများ၏ အခန်းကဏ္ဍသည်လည်း မြင့်မားလာပါကြောင်း။

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့က ကြီးကြပ်ပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက တာဝန်ယူကာ နှစ်စဉ်ကျင်းပပေးနေသည့် ပရိယတ္တိစာမေးပွဲငါးမျိုးတွင် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးမှာ ပရိယတ္တိဂုဏ်ဆောင် သာသနာ့အာဇာနည်ပုဂ္ဂိုလ်များ မွေးထုတ်ပေးနေသကဲ့သို့ ပါဠိပထမပြန် ဓမ္မာစရိယ စာမေးပွဲများမှာ ပါဠိပညာရေးစနစ် အခြေခံပေါ်တွင် အဆင့်ဆင့်တာဝန်ယူသင်ရိုးရေးဆွဲထားသဖြင့် စာသင်သားအများစုနှင့်သက်ဆိုင်သည့် စာမေးပွဲများဖြစ်ပါကြောင်း။

### ကောင်းမြတ်သင့်လျော်

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့က ကြီးကြပ်သည့် ပညာရေးဗဟိုအဖွဲ့နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဗဟိုအဖွဲ့ခွဲများဖြင့် စနစ်တကျ ဆောင်ရွက်လျက်ရှိရာ စာမေးပွဲများ စည်းမျဉ်းစည်းကမ်း စနစ်တကျရှိစေရေးအတွက် ယခုနှစ် စာမေးပွဲများ မတိုင်မီ တပေါင်းလအတွင်း နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများပါဝင်သည့် အဖွဲ့ခွဲများဖြင့် စာဖြေဌာနများသို့ လှည့်လည်၍ ဩဝါဒပေးခြင်း၊ လိုအပ်သည်များကို ညွှန်ကြားခြင်း၊ ဖြည့်ဆည်းပေးခြင်းတို့ကို ဆောင်ရွက်တော်မူကြရန် စီစဉ်ထားကြောင်း သိရှိရပါသဖြင့် ကောင်းမြတ်သင့်လျော်သည့် အစီအစဉ်ဖြစ်ပါကြောင်း လျှောက်ထားအပ်ပါကြောင်း။

ဝိနည်းတရားတော်သည် သာသနာတော်၏ အသက်ဖြစ်သကဲ့သို့ ရဟန်းသာမဏေများက ဝိနည်းသိက္ခာပုဒ်ကို သိရှိလိုက်နာ ကျင့်သုံးနိုင်ရေးအတွက် ပရိယတ္တိပညာရေးသည် အဓိကကျလှပါကြောင်း၊ ဆရာတော် သံဃာတော်များ၏ ဂန္ထဓုရတာဝန်အဖြစ် ပရိယတ္တိပညာသင်ကြားရေးတွင် စာပေပညာသင်ကြားပေးရင်း အခြားတစ်ဖက်မှလည်း စာသင်သား ရဟန်းသာမဏေတို့အား နေထိုင်ကျင့်ကြံမှုကို တစ်ပါတည်း သင်ကြားပေးသည့် ပညာရေးစနစ်ဖြစ်သဖြင့် လောကုတ္တရာပညာ သင်ကြားရေး၏ ထူးခြားမှုတစ်ရပ်ဟု ဆိုနိုင်ပါကြောင်း၊ အကျင့်သီလ ကောင်းမွန်ခြင်း၊ ပညာဉာဏ် ထက်မြက်ခြင်း၊ သာသနာပြုစိတ် ထက်သန်ခြင်းတို့သည် တစ်ခုနှင့်တစ်ခု ချိတ်ဆက်နေသည့် ဖြစ်ပေါ်တိုးတက်မှုဖြစ်ပါသဖြင့် ပရိယတ္တိပညာရေး အခန်းကဏ္ဍသည် နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများနှင့် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများ မျှော်မှန်းတော်မူကြသည့် သာသနာသုံးရပ် သန့်ရှင်းတည်တံ့ပြန့်ပွားရေး၏ အခြေခံကောင်းပင်ဖြစ်ပါကြောင်း လျှောက်ထားအပ်ပါကြောင်း။

### လျှောက်ထား

နိဂုံးချုပ်အားဖြင့် လျှောက်ထားလိုသည်မှာ အဋ္ဌမအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယအစည်းအဝေးသို့ ကြွရောက်တော်မူလာကြကုန်သော ဆရာတော်ကြီးများ အဆင်ပြေချောမွေ့စွာ သီတင်းသုံးနိုင်ရေး၊ ဆွမ်းကွမ်းဝေယျာဝစ္စ ပြည့်စုံမှုတကောင်းမွန်ရေး၊ ကျန်းမာရေး၊ လုံခြုံရေး စသည့် လုပ်ငန်းဆောင်တာ အဖြာဖြာတို့ကို သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း စီမံဆောင်ရွက်ထားပါကြောင်း၊ ဆရာတော်ကြီးများ အနေဖြင့် အစည်းအဝေးကာလအတွင်း ကျန်းကျန်းမာမာ စိတ်ချမ်းသာစွာဖြင့် သာသနာအရေးအရာများကို ဆွေးနွေးဆုံးဖြတ်နိုင်ကြပါစေ၊ ထေရဝါဒ ဗုဒ္ဓသာသနာတော်ကြီး သန့်ရှင်းစင်ကြယ်စွာဖြင့် ခိုင်မာတောင့်တင်းအောင် တည်ဆောက်နိုင်ကြကုန်သော အရှင်သူမြတ်များ ဖြစ်ကြပါစေ၊ ဗုဒ္ဓသာသနာတော်ကြီး ရောင်ဝါနေသို့ လင်းပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း ဘုရားတပည့်တော်၏ လျှောက်ထားလွှာကို နိဂုံးချုပ်အပ်ပါကြောင်း လျှောက်ထားသည်။

ဆက်လက်၍ တစ်နှစ်တာကာလအတွင်း ပျံလွန်တော်မူသွားကြသည့် နိုင်ငံတော် ဩဝါဒါစရိယဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများနှင့် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများအတွက် သံဝေဂဉာဏ် ပွားတော်မူကြောင်း မှတ်တမ်းတင်သည်။

ယင်းနောက် အစားထိုးရွေးချယ်တင်မြှောက်ခြင်းခံရသော နိုင်ငံတော် ဩဝါဒါစရိယ ဆရာတော်ကြီးများနှင့် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများ၏ ဘွဲ့အမည်စာရင်းကိုတင်သွင်း၍ အတည်ပြုချက်ရယူသည်။

ထို့နောက် တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့သော နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ အစီရင်ခံစာအကျဉ်းကို အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ စန္ဒိမာဘိဝံသက တင်သွင်းလျှောက်ထားပြီး နံနက်ပိုင်း အစည်းအဝေးကို ခေတ္တရပ်နားသည်။

### ပထမနေ့အစည်းအဝေးရပ်နား

မွန်းလွဲ ၁ နာရီတွင် အခမ်းအနားမှူး ဆရာတော်က အစည်းအဝေးစတင်ကြောင်းကြေညာ၍ အစည်းအဝေးကို ဆက်လက်ကျင်းပရာ တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့သော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ အစီရင်ခံစာအကျယ်ကို ကဏ္ဍအလိုက် သက်ဆိုင်ရာ ဆရာတော်ကြီးများက ဖတ်ကြားတင်သွင်းကြပြီး အစီအစဉ်များအတိုင်း ဆက်လက်ဆွေးနွေးတော်မူကြကာ ပထမနေ့အစည်းအဝေးကို ရပ်နားသည်။

ယနေ့ အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသည့် ဆရာတော်ကြီးများအား တစ်နေ့တာ ဆွမ်းအလှူရှင်အဖြစ် အမှတ် ၂၄၀၊ ကုန်ဈေးတန်းလမ်းမှ ဦးသိန်းမောင်-ဇနီး ဒေါ်ပါးပါး စန္ဒီပရဆေးမိသားစုက ဆက်ကပ်လှူဒါန်းခဲ့ကြသည်။ **သတင်းစဉ်**

---

### ❒ မြန်မာ့သနပ်ခါးမှ

ဆက်လက်ရှင်သန်နေသည့်အပြင် တစ်မျိုးသားလုံး၏ ယဉ်ကျေးမှုလက္ခဏာအဖြစ် ကိုယ်စားပြုကာ တန်ဖိုးထားထိန်းသိမ်းစောင့်ရှောက်လျက်ရှိသည့် မြန်မာ့သနပ်ခါးကို UNESCO မှ ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်အဖြစ် သတ်မှတ်ခဲ့သည့် စံနှုန်းငါးချက်နှင့်လည်း ကိုက်ညီမှုရှိနေသဖြင့် ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်စာရင်းဝင်အဖြစ် သတ်မှတ်နိုင်ရေးအတွက် အမည်စာရင်းတင်သွင်းနိုင်ရန် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလမှ စတင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

“သနပ်ခါးကို ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်အဖြစ် တင်သွင်းနိုင်ဖို့ မြန်မာနိုင်ငံရဲ့ ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်များ ဖော်ထုတ်ထိန်းသိမ်းကာကွယ် မြှင့်တင်ရေးလုပ်ငန်းကော်မတီကို ဖွဲ့စည်းပြီး တစ်နိုင်ငံလုံးက သနပ်ခါးသုံးစွဲမှုစာရင်းကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဖေ့စ်ဘွတ်မှာ စစ်တမ်းကောက်ယူခဲ့တယ်။ သနပ်ခါးအသင်းတွေနဲ့ ပူးပေါင်းပြီးတော့လည်း လိုအပ်တဲ့ စာရင်းတွေကို ပြုစုခဲ့တယ်။ လက်ရှိမှာ သနပ်ခါးနဲ့ပတ်သက်တဲ့ မှတ်တမ်းဗီဒီယိုဖိုင်ရိုက်ကူးနေပါတယ်။ ဒီဗီဒီယိုဖိုင်နဲ့အတူ ယူနက်စကိုက သတ်မှတ်ထားတဲ့ စံနှုန်းငါးချက်နဲ့ကိုက်ညီတဲ့ အချက်အလက် အပြည့်အစုံကို ပုံစံစာရွက်မှာ ဖြည့်သွင်းပြီး တင်သွင်းသွားမှာ ဖြစ်ပါတယ်”ဟု ၎င်းက ပြောသည်။

သနပ်ခါးကို ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်စာရင်းဝင်အဖြစ် တင်သွင်းနိုင်ရန်အတွက် သနပ်ခါးသုံးစွဲခြင်း၏ နောက်ကြောင်း ရာဇဝင်များကို စစ်တမ်းကောက်ယူမှုများပြုလုပ်ခဲ့ပြီး ယူနက်စကိုသို့တင်ပြရန်အတွက် ဗီဒီယိုဖိုင် အချက်အလက်များလည်း လုပ်ဆောင်ပြီးဖြစ်သောကြောင့် ၂၀၂၀ ပြည့်နှစ် မတ်လကုန်တွင် တင်သွင်းသွားမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာနအနေဖြင့် သနပ်ခါးအပါအဝင် နိုင်ငံ၏ ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်များ ဖော်ထုတ်ထိန်းသိမ်းနိုင်စေရန် တိုင်းဒေသကြီး၊ ပြည်နယ်အဆင့် ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်များ ဖော်ထုတ်ထိန်းသိမ်း ကာကွယ်မြှင့်တင်ရေး လုပ်ငန်းကော်မတီကို ဖွဲ့စည်းကာ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရ၏ ဦးဆောင်မှုဖြင့် စာရင်းများကောက်ယူနေပြီး လက်ရှိအချိန်အထိ ကောက်ယူရရှိသည့်စာရင်းများအရ မြန်မာနိုင်ငံအတွင်း၌ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ပေါင်း ၂၅၀၀ ကျော်ရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# မိမိတို့ အဖွဲ့အစည်းကြီး ညီညွတ်နေမှသာ၊ ငြင်းခုံခြင်း ဆန့်ကျင်ခြင်းမရှိမှသာ သာသနာတော် သန့်ရှင်း တည်တံ့ ပြန့်ပွားရေးအတွက် အောင်မြင်စွာ ဆောင်ရွက်နိုင်မည်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အဌမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယအစည်းအဝေး၌ မိန့်ကြားတော်မူအပ်သော နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဥက္ကဋ္ဌ အစည်းအဝေး သဘာပတိ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မန္တလေးမြို့၊ ဗန်းမော်ကျောင်းတိုက်ဆရာတော် ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ မဟာထေရ်၏ သာရဏီယ ဩဝါဒကထာ**

**[ ၁၃၈၁ ခုနှစ်၊ တပေါင်းလဆန်း ၁၀ ရက်၊ ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၃ ရက်၊ အင်္ဂါနေ့ ]**

အဌမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယအစည်းအဝေးသို့ ကြွရောက်တော်မူလာကြကုန်သော နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာနာယကဆရာတော်များ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်အရှင်မြတ်တို့ဘုရား။

ဆရာတော်အရှင်မြတ်တို့ သက်တော်ရာကျော် ရှည်တော်မူကြလျက် ကိုယ်စိတ်နှစ်ဖြာ ကြည်သာရွှင်လန်းချမ်းမြေ့စွာ သာသနာတော် သန့်ရှင်း တည်တံ့ပြန့်ပွားရေးတာဝန်များကို ထမ်းဆောင်တော်မူနိုင်ကြပါစေကြောင်း ဆုမွန်တောင်းလျက် နှုတ်ခွန်းဆက်စကား လျှောက်ထားအပ်ပါသည်ဘုရား။

**ဆရာတော် အရှင်မြတ်တို့ဘုရား**

ကောဇာသက္ကရာဇ် ၁၃၄၂ ခုနှစ်၊ နယုန်လ (ခရစ်နှစ် ၁၉၈၀ ပြည့်နှစ်၊ မေလ) ၌ ရန်ကုန်မြို့၊ ကမ္ဘာအေးကုန်းမြေ ဆဋ္ဌသင်္ဂါယနာတင် မဟာပါသာဏ လိုဏ်ဂူတော်ကြီးမှာပင် ပထမအကြိမ် ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးကြီးကို ကျင်းပနိုင်ခဲ့သည်ဖြစ်ရာ နှစ်ပေါင်း ၄၀ တိုင်ခဲ့ပြီဖြစ်ပါသည်ဘုရား။ မြန်မာနိုင်ငံ တစ်ဝန်းလုံးရှိ ရဟန်း၊ သံဃာတော်တို့၏ သမ္မုတိပေးရွေးချယ်စေလွှတ်အပ်သော သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ် ဆရာတော် ၁၂၁၈ ပါးတို့ တက်ရောက်ခဲ့ကြသည့် ယင်းပထမအကြိမ် ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးကြီးက သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းများ၊ ဝိနည်းဓမ္မကံမှုခင်း ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများပြဋ္ဌာန်း၍ ဓမ္မဝိနယများနှင့်အညီ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်ကို ဖွဲ့စည်းကာ သာသနာတော်သန့်ရှင်း တည်တံ့ပြန့်ပွားရေးကို အစဉ်တစိုက် ဆောင်ရွက်ခဲ့ကြပါသည်ဘုရား။

သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း အခန်း(၃) အပိုဒ်(၂၉) သံဃာ့အဖွဲ့အစည်း လုပ်ထုံးလုပ်နည်းများ (ပြင်ဆင်ဖြည့်စွက်ချက်) အခန်း(၃)၊ အပိုဒ်(၅)နှင့် အခန်း(၆)၊ အပိုဒ်-၁၀၉၊ အပိုဒ်ခွဲ(စ)တို့အရ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ကြီးကပင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အား သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးကိစ္စရပ်များ ဆောင်ရွက်ရန် တာဝန်ပေးအပ်ခဲ့ပါသည်ဘုရား။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အနေဖြင့်လည်း တိုင်းဒေသကြီး/ပြည်နယ် သံဃနာယကအဖွဲ့၊ မြို့နယ်သံဃနာယကအဖွဲ့တို့၏ ဆောင်ရွက်ချက်များကို အခြေခံ၍ ဝိနိစ္ဆယရေးရာ၊ သာသနာရေးရာ၊ ပညာရေးရာလုပ်ငန်းကိစ္စအဝဝကို **"သံဃာ့ကိစ္စ သံဃာဆောင်ရွက်"** မူနှင့်အညီ ပျော့ကွက်ဟာကွက်များ နည်းနိုင်သမျှ နည်းပါးရလေအောင် **"သတိတမံ၊ ဉာဏ်မြေကတုတ်"** လက်ကိုင်ပြုလျက် အားထုတ်ကြိုးပမ်းဆောင်ရွက်ခဲ့ကြပါသည် ဘုရား။

ထိုသို့ ဆောင်ရွက်ကြရာ၌ သံဃာ့အဖွဲ့အစည်းအခြေခံစည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းများ၊ ဝိနည်းဓမ္မကံမှုခင်း ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ ဝိနိစ္ဆယလက်စွဲ၊ သံဃနာယကလက်စွဲ၊ ညွှန်ကြားလွှာများနှင့်အညီ ဆောင်ရွက်ကြရန် လိုအပ်ပါသည်ဘုရား။ ထိုအခြေခံစည်းမျဉ်း စသည်တို့သည် ဘုရားရှင်၏ ဓမ္မဝိနယများကို အခြေခံ၍ ခေတ်ကာလအားလျော်စွာ ပေါ်ပေါက်လာသည့် သံဃာ့အဖွဲ့အစည်းအတွက် ရှေးရှေးဒီဃဒဿီ မဟာထေရ်ကြီးများ၏ အမြော်အမြင်ဖြင့် ညှိနှိုင်းဖြေရှင်းကာ တဖြည်းဖြည်းချင်း ရေးဆွဲအတည်ပြုခဲ့ကြသည့်အတွက် အတိုင်းအတာတစ်ရပ်အထိ ပြည့်စုံလုံလောက်သည့် စည်းမျဉ်းစည်းကမ်းများ ဖြစ်ကြပါသည် ဘုရား။ သို့ဖြစ်ရာ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တို့သည် ထိုအခြေခံစည်းမျဉ်း စသည်တို့ကို ကျေကျေလည်လည် လေ့လာ၍ သာသနာသန့်ရှင်းတည်တံ့ပြန့်ပွားရေးကိစ္စများကို ဆောင်ရွက်ကြရန် လိုအပ်ပါသည်ဘုရား။



**နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ**
**အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက**
**ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ မဟာထေရ်**

အချို့သော ဝိနိစ္ဆယမှုခင်းများတွင် ဝိနည်းဓမ္မကံ လုပ်ထုံးလုပ်နည်းများနှင့် မညီညွတ်သဖြင့် မူလကပင် ပျက်ပြယ်ကြောင်း ဆုံးဖြတ်ခဲ့ရသည့်မှုခင်းများရှိနေပါသည်ဘုရား။ အထူးသဖြင့် နိုင်ငံတော်အဆင့်မှာပင် ပျက်ပြယ်မှုခင်းများ ရှိနေကြသည်ကို ဝိုင်းဝန်းအဖြေရှာ အကြံပေးကြရန် လိုအပ်နေပါသည်ဘုရား။ အချို့သော သံဃာ့အဖွဲ့အစည်းတို့၏ ဆောင်ရွက်ချက်များသည် အခြေခံစည်းမျဉ်း လုပ်ထုံးလုပ်နည်းများကို ကျော်လွန်ဆောင်ရွက်မှုကြောင့် သတိပေးရခြင်း၊ သံဃာ့အဖွဲ့အစည်းအခြေခံစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများအရ အရေးယူရခြင်းများရှိနေသည်ကိုလည်း တွေ့ရှိရပါသည်ဘုရား။ ပညာရေးရာလုပ်ငန်းများတွင်လည်း သက်ဆိုင်ရာစည်းမျဉ်းစည်းကမ်းအရ အရည်အချင်းပျက်ယွင်းသဖြင့် အရေးယူခံရခြင်းများ ရှိနေပါသည်ဘုရား။ ဤဖြစ်ရပ်များကို လေ့လာသုံးသပ်ပါက သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်အနေဖြင့် ကြိုးကြပ်ကွပ်ကဲမှုများ သာသနာတော်အတွက် ကြောင့်ကြစိုက်အားထုတ်မှုများ လျော့ပါးလျက်ရှိကြောင်း သုံးသပ်တွေ့ရှိရပါသည်ဘုရား။

**ဆရာတော်အရှင်မြတ်တို့ဘုရား-**

သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးကိစ္စရပ်များကို ဆောင်ရွက်ကြရာ၌ ထက်သန်သော ဝီရိယ၊ ဟီရိဩတ္တပ္ပတရားများဖြင့် ဆောင်ရွက်ကြရန် အလို့ငှာ တပည့်တော်တို့သည် **"သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေး"** ဟူသော ဦးတည်ချက်ဖြင့် သံဃာ့အစည်းအဝေးကြီးများကျင်းပ၍ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်အလိုက် သာသနာတော်အရေးကိစ္စအဝဝကို ဆောင်ရွက်နေကြပါသည်ဘုရား။

**ဆရာတော်အရှင်မြတ်တို့ဘုရား-**

သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တွင် တာဝန်ယူသည့်ကာလ ရှည်ကြာလာသည်နှင့် အမျှ သူတော်ကောင်းတရား ဟီရိဩတ္တပ္ပများ လျော့နည်းလာမည်ကို သတိပြုဆင်ခြင်နိုင်ရန် လျှောက်ကြားရခြင်းဖြစ်ပါသည်ဘုရား။ ထို့အပြင် အချို့သော ရဟန်းသာမဏေများသည် သာသနာတော်နှင့် မအပ်စပ်သည့် သမဏသာရုပ္ပမဖြစ်သော အပြုအမူများ ပြုမူနေကြသည်မှာ ဟီရိဩတ္တပ္ပတရားနည်းပါးလာကြခြင်း၏ သက်သေသာဓကများပင် ဖြစ်ပါသည်ဘုရား။ သို့ဖြစ်၍ သာသနာ့ဝန်ထမ်း ရဟန်း သာမဏေများ ဓမ္မဝိနယနှင့်အညီ သီတင်းသုံးနေထိုင်စေရေး သံဃာထုတစ်ရပ်လုံး သဒ္ဓါပသန္နဖြစ်စေရန် ညွှန်ကြားလွှာများနှင့်အညီ လိုက်နာဆောင်ရွက်စေရေးတို့အတွက် တပည့်တော်တို့အပါအဝင် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တို့က အလေးအနက်ထား၍ထိထိရောက်ရောက်ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း သတိပေးလျှောက်ထားလိုပါသည်ဘုရား။

**ဆရာတော်အရှင်သူမြတ်တို့ဘုရား-**

**"ဝိနယော နာမ သာသနဿ အာယု"** ဆိုသည့်အတိုင်း ဝိနည်းသည် သာသနာတော်၏ အသက်သွေးကြောပင် ဖြစ်ပါသည်ဘုရား။ **"ဝိနယေ ဋ္ဌိတေ သာသနံ ဋ္ဌိတံ"** ဆိုသည့်အတိုင်း ရဟန်းသာမဏေများ ဝိနည်းသိက္ခာပုဒ်တို့ကို စောင့်ထိန်းနေသမျှ ကာလပတ်လုံး ဗုဒ္ဓမြတ်စွာ၏ ထေရဝါဒဗုဒ္ဓသာသနာတော် သန့်ရှင်းတည်တံ့နေမည်ဖြစ်သည့်အတွက် သာသနာရေးရာ၊ ဝိနိစ္ဆယရေးရာ၊ ပညာရေးရာကိစ္စရပ်များ ဆောင်ရွက်ရာတွင် ကိုယ်တိုင်လည်း ဝိနည်းသိက္ခာပုဒ်များကို လိုက်နာခြင်း၊ ဝိနည်းသိက္ခာပုဒ်များနှင့်အညီ ကိုင်တွယ်ဆောင်ရွက်ခြင်း၊ သူတစ်ပါးအပေါ်၌လည်း ကျောသားရင်သားမခွဲခြားဘဲ ဓမ္မဝိနယနှင့်အညီ ဆောင်ရွက်ခြင်းတို့ဖြင့် သာသနာတော်ကြီးကို သန့်ရှင်းအောင်၊ တည်တံ့ပြန့်ပွားအောင် ဆောင်ကြဉ်းနိုင်ကြမည် ဖြစ်ပါသည်ဘုရား။

အထူးသဖြင့် အဖွဲ့အစည်းကြီးတစ်ခုလုံး ညီညီညွတ်ညွတ် ပြေပြေပြစ်ပြစ် ချစ်ချစ်ခင်ခင် လက်တွဲဆောင်ရွက်သွားရန် အရေးကြီးလှပါသည်။ မိမိတို့အဖွဲ့အစည်းကြီး ညီညွတ်နေမှသာ၊ ငြင်းခုံခြင်း ဆန့်ကျင်ခြင်းမရှိမှသာ သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးအတွက် ဆောင်ရွက်ရာ၌ အောင်မြင်စွာ ဆောင်ရွက်နိုင်မည်ဖြစ်သည့်အပြင် ဘုရားရှင်၏အဆုံးအမ ဩဝါဒကိုလည်း လိုက်နာဆောင်ရွက်ခြင်းပင်ဖြစ်ပါကြောင်း အောက်ပါဂါထာဖြင့် လျှောက်ထားအပ်ပါသည်ဘုရား-

**ဝိဝါဒံ ဘယတော ဒိသွာ၊ အဝိဝါဒဉ္စ ခေမတော။**

**သမဂ္ဂါ သခိလာ ဟောထ၊ ဧသော ဗုဒ္ဓါနု သာသနီ။**

ဘိက္ခဝေ- ရဟန်းတို့၊ ဝိဝါဒံ- ငြင်းခုံမှုကို၊ ဘယတော- သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေး၏ ဘေးရန်ကြီးအနေအားဖြင့်၊ ဒိသွာ- ရှုမြင်ကြကုန်သည်ဖြစ်၍၊ အဝိဝါဒဉ္စ- ငြင်းခုံမှုမရှိ ပကတိသင့်တင့်ညီညွတ်မှုကိုလည်း၊ ခေမတော-သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေး၏ ဘေးကင်းရန်ကင်းချမ်းသာခြင်းအနေအားဖြင့်၊ ဒိသာ-ရှုမြင်ကြကုန်သည်ဖြစ်၍၊ သမဂ္ဂါ-သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေး၌ တစ်စုတစ်ဝေးတည်း ညီညွတ်ကြကုန်သည်။ ဟောထ-ဖြစ်ကြပါကုန်လော့၊ သခိလာ-သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေးဆောင်ရွက်ရာ၌ ပြေပြေပြစ်ပြစ် ချစ်ချစ်ခင်ခင် မဆန့်ကျင်ကြကုန်သည်၊ ဟောထ-ဖြစ်ကြပါကုန်လော့၊ ဧသော-ဤသို့ သာသနာတော် သန့်ရှင်း တည်တံ့ပြန့်ပွားရေး ဆောင်ရွက်ရာ၌ တစ်စုတစ်ဝေးတည်း ညီညွတ်ခြင်း၊ ပြေပြေပြစ်ပြစ် ချစ်ချစ်ခင်ခင် မဆန့်ကျင်ခြင်းသည်၊ ဗုဒ္ဓါနုသာသနီ-ဘုရားရှင်ဟူသမျှတို့၏ အဆုံးအမဩဝါဒ လမ်းရိုးကြီးပါပေတည်းဟု လျှောက်ထားရင်းဘုရားတပည့်တော်၏သာရဏီယဩဝါဒကထာကို နိဂုံးကမ္ပတ် အဆုံးသတ်အပ်ပါသည် ဆရာတော် အရှင်သူမြတ်တို့ဘုရား။

**ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ**
**အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက**

## ရွှေတိဂုံစေတီတော်ကြီး၏ (၅၇၇) ကြိမ်မြောက် အလှူတော်ငွေပေးအပ်လှူဒါန်းပွဲနှင့် ထုတိအနုမောဒနာ ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ပွဲကျင်းပ



**ရန်ကုန် မတ် ၃**

ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က စီစဉ်ကျင်းပသော ရွှေတိဂုံစေတီတော်ကြီး၏ (၅၇၇) ကြိမ်မြောက် အလှူတော်ငွေပေးအပ်လှူဒါန်းပွဲနှင့် အလှူရှင်များအား ထုတိအနုမောဒနာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီက စေတီတော်ရင်ပြင်တော် တောင်ဘက် ရှေးဟောင်း ဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ ကျင်းပသည်။

**ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်**

ရှေးဦးစွာ အလှူရှင်များက အလှူတော်ငွေများကို ပေးအပ်လှူဒါန်းရာ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ အလှည့်ကျသဘာပတိ ဒေါက်တာရဲအောင်နှင့် အဖွဲ့ဝင်များက လက်ခံပြီး ထုတိအနုမောဒနာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်ဩဝါဒါစရိယ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ ဩဝါဒါစရိယ အင်းစိန်မြို့နယ် ရွာမပရိယတ္တိစာသင်တိုက် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ တိလောကာဘိဝံသ ထံမှ ဂေါပကအဖွဲ့ဝင်များနှင့် ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး ရေစက်ချအနုမောဒနာ တရားနာယူကြသည်။

**ပေးအပ်လှူဒါန်း**

ယနေ့ကျင်းပသည့် အလှူတော်ငွေ ပေးအပ်လှူဒါန်းပွဲတွင် ရွှေသင်္ကန်းတော်(ရွှေပြား) အလှူရှင် ၁၁၁ ဦးက ရွှေပြား ၁၄၂ ချပ်၊ ရင်ပြင်တော်အခင်းကျောက်ပြား အလှူရှင်များက ကျောက်ပြား ၅၇၆၂၆ ချပ် လှူဒါန်းခဲ့ကြပြီး ငွေသားအလှူရှင် ၃၀ အပါအဝင် လှူဒါန်းငွေစုစုပေါင်း ကျပ် ၁၅၄၀၁၅၂၉၅၀ ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မြို့ပြအမွေအနှစ်၊ စာပေအမွေအနှစ်တို့ ပေါင်းစုစည်းထားရာ အမျိုးသားစာကြည့်တိုက် (ရန်ကုန်)

သတင်းဆောင်းပါး - သီသီမင်း
ဓာတ်ပုံ - နေလင်း



အမျိုးသားစာကြည့်တိုက် (ရန်ကုန်) အဆောက်အဦအား တွေ့ရစဉ်။

ရန်ကုန်မြို့၏ အချက်အချာနေရာ သွားရေးလာရေး လွယ်ကူသည့် ပန်းဘဲတန်းမြို့နယ် ကုန်သည်လမ်းမကြီးတွင် ၁၉၀၈ ခုနှစ်ကတည်းက ယနေ့တိုင်တည်ရှိနေသည့် နှစ်ပေါင်း ၁၀၀ ကျော်သက်တမ်းရှိ အဆောက်အဦကြီးသည် မကြာမီကာလတွင် နိုင်ငံသူ နိုင်ငံသားအားလုံးအတွက် ဗဟုသုတသိုမီးရာ၊ တန်ဖိုးမဖြတ်နိုင်သည့် စာကောင်းပေမွန်များ သိုလှောင်စုစည်းသိမ်းဆည်းထားရာ အမျိုးသားစာကြည့်တိုက် (ရန်ကုန်) အဖြစ် ခံ့ညားထည်ဝါစွာ တည်ရှိလာတော့မည်ဖြစ်သည်။

"စာကြည့်တိုက် အဆောက်အဦပိုင်း ပြင်ဆင်တာ တော့ပြီးပြီ။ အခုက စာကြည့်တိုက်ပိုင်းဆိုင်ရာတွေ ပြင်ဆင်နေပါတယ်။ ၉၀ ရာခိုင်နှုန်းကျော် ပြီးစီးနေပါပြီ။ ဧပြီလ ပထမပတ်မှာ ဖွင့်မှာ ဖြစ်ပါတယ်" ဟု အမျိုးသားစာကြည့်တိုက် (ရန်ကုန်) မှ ညွှန်ကြားရေးမှူး ဒေါ်ရီရီထွေးက ပြောသည်။

ယခင်က အမျိုးသားစာကြည့်တိုက်(ရန်ကုန်)ကို ရန်ကင်းမြို့နယ် အမှတ် ၈၅ (က) သီရိမင်္ဂလာရိပ်သာလမ်းသွယ်၊ ကမ္ဘာအေးဘုရားလမ်းမကြီးတွင် ဖွင့်လှစ်ထားရှိရာမှ စာကြည့်တိုက်သို့ အများပြည်သူအလွယ်တကူ လာရောက်ကာ စာပေဖတ်ရှုနိုင်ခြင်းဖြင့် အကြားအမြင် ဗဟုသုတ အတွေးအခေါ် ပိုမိုမြင့်မားတိုးတက်လာစေရန် ဆိုသည့် ရည်ရွယ်ချက်ဖြင့် ၂၀၁၆ ခုနှစ် ဇူလိုင်လ ၂၇ ရက်နေ့တွင် နိုင်ငံတော်သမ္မတ ဦးထင်ကျော်၏ လမ်းညွှန်မှုဖြင့် အမှတ် ၆၀၄/၆၀၈ ကုန်သည်လမ်း၊ ပန်းဘဲတန်းမြို့နယ်ရှိ အဆောက်အဦသို့ ပြောင်းရွှေ့ရန် စတင်ခဲ့ခြင်းဖြစ်သည်။

ယခုပြောင်းရွှေ့ ဖွင့်လှစ်မည့် ကုန်သည်လမ်းပေါ်ရှိ


အမျိုးသားစာကြည့်တိုက်(ရန်ကုန်)မှ
ညွှန်ကြားရေးမှူး ဒေါ်ရီရီထွေး

အမျိုးသားစာကြည့်တိုက် (ရန်ကုန်) အဆောက်အဦကြီးအား ရှေးမူမပျက် ပြင်ဆင်မွမ်းမံမှုလုပ်ငန်းများကို ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့၊ ဗိသုကာပညာရှင်များ၊ အထပ်မြင့်အဆောက်အဦပိုင်းဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ၊ စာကြည့်တိုက်ပညာရှင်များ ညှိနှိုင်းပေါင်းစပ်ကာ ၂၀၁၇ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့တွင် လုပ်ငန်းများစတင်ခဲ့ခြင်းဖြစ်သည်။

"အခုလို နှစ်၁၀၀ ကျော် သက်တမ်းရှိတဲ့ ရန်ကုန်မြို့ပြအမွေအနှစ်စာရင်းဝင် အဆောက်အဦကို စာကြည့်တိုက်အဖြစ်သုံးနိုင်ဖို့ ကျွမ်းကျင်တဲ့ ပညာရှင်တွေနဲ့ ညှိနှိုင်းပေါင်းစပ်ပြီး ဒီအဆောက်အဦက ကြံ့ခိုင်မှု ဘယ်လောက်ရှိသလဲဆိုတာ စမ်းသပ်မှုတွေ အရင်လုပ်ပြီးမှ စနစ်တကျပြင်ဆင်ခဲ့တာပါ" ဟု အမျိုးသားစာကြည့်တိုက် (ရန်ကုန်)မှ ညွှန်ကြားရေးမှူး ဒေါ်ရီရီထွေးက ပြောသည်။

အမျိုးသားစာကြည့်တိုက် (ရန်ကုန်) အဆောက်အဦသည် ဝင်ပေါက် နှစ်ပေါက်၊ အထပ် လေးထပ်ရှိပြီး အထပ်တစ်ခုချင်းစီတိုင်းတွင် ရှေးမူမပျက် လက်ရာများနှင့်အတူ နံရံများပေါ်တွင်လည်း "ဗဟုသုတနှင့် လူ့စွမ်းအားသည် ခွဲခြား၍မရပေ"၊ " ပညာဗဟုသုတချဲ့ထွင်ဖို့ စာကြည့်တိုက်ကို သုံးကြစို့"အစရှိသည့် စာကြည့်တိုက်နှင့် သက်ဆိုင်သည့် ဆောင်ပုဒ်များ၊ "စာဖတ်သောလူမျိုးသည် တိုးတက်၍ တိုးတက်သောလူမျိုးသည် စာဖတ်ကြသည်" စသည့် မြန်မာနိုင်ငံ၏ အထင်ကရပုဂ္ဂိုလ် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်ဟောင်း ဦးသန့်၏ အဆိုအမိန့်များ၊ အင်္ဂလိပ်၊ မြန်မာနှစ်ဘာသာဖြင့် ရေးသားထားသည့် ရှေးခေတ်စာဆိုကြီး ဖိုးသူတော်ဦးမင်း၏ ၁၂ လရာသီဘွဲ့ ကဗျာများနှင့် ပန်းများအကြောင်းကိုလေ့လာဖတ်ရှုနိုင်မည် ဖြစ်သည်။

**မြေညီထပ်၏ အပြင်အဆင်ထူးခြားမှု**

အမျိုးသားစာကြည့်တိုက်(ရန်ကုန်) အဆောက်အဦ မြေညီထပ်တွင် ပြပွဲများကျင်းပနိုင်သည့် (Exhibition Hall) ခန်းမရှိပြီး ခန်းမ၏ ဝင်ပေါက်ရှေ့တွင် နှစ်ပေါင်း ၁၀၀ ကျော်သက်တမ်းရှိ အရောင်အသွေးစုံလင်လှသည့် ကျောက်ပြားများကို ရှေးမူလက်ရာမပျက် ထိန်းသိမ်းကာ ခင်းကျင်းထားမှုကလည်း စာကြည့်တိုက်သို့ လာရောက်သူတို့အတွက် ထူးခြားမှုရသတစ်ခု ရရှိစေမည်ဖြစ်သည်။

**အမျိုးသားစာကြည့်တိုက် (ရန်ကုန်) ကို မြန်မာနိုင်ငံသား မည်သူမဆို လွတ်လပ်စွာ အသုံးပြုနိုင်ပြီး အမျိုးသားစာကြည့်တိုက်တွင် စာပေဖတ်ရှုလိုပါက စာကြည့်တိုက်၏ မှတ်ပုံတင်ဌာနစိတ် (Information Desk) တွင် အထောက်အထားကတ်ပြား တစ်ခုခုကို ပြ၍ စာရင်းသွင်းရမည်ဖြစ်သည်။ ဧည့်နိုင်ငံသား (သို့မဟုတ်) နိုင်ငံခြားသားဖြစ်ပါက နိုင်ငံကူးလက်မှတ်၊ ဧည့်နိုင်ငံသား လက်မှတ်ပြ၍ စာရင်းသွင်းရမည်။ အသက် ၁၂ နှစ်အောက် ကလေးစာဖတ်သူများသည် အုပ်ထိန်းသူတစ်ဦးဦးနှင့်အတူ လာရောက်ဖတ်ရှုနိုင်မည်ဖြစ်**

ထို့အပြင် မြေညီထပ်တွင် အမျိုးသားစာကြည့်တိုက် (ရန်ကုန်)၏ ကိုယ်ပိုင် Data Center ရှိပြီး စာကြည့်တိုက်တွင် ခေတ်အဆက်ဆက် စုဆောင်းထားရှိသော စာအုပ်မျိုးစုံ၊ စာနယ်ဇင်းများကို Mobile Shelves များဖြင့် သိမ်းဆည်းထားသည့် စာအုပ်စင်ခန်းများကလည်း စနစ်တကျရှိလှသည်။

မြေညီထပ်မှတစ်ဆင့် စာကြည့်တိုက် အထပ်တစ်ထပ်ချင်းစီသို့တက်ရာတွင်လည်း ရိုးရိုးလှေကားနှင့် ဓာတ်လှေကားတို့ကို အသုံးပြုနိုင်ရန် စီစဉ်ပေးထားသည့်အပြင် ကိုယ်အင်္ဂါမသန်စွမ်းသူများအတွက် အဆောက်အဦ အပြင်ဘက်တွင်လည်း ဗိုးချဲလမ်းကိုပါ ထည့်သွင်း စီစဉ်ပေးထားပြန်ရာ မသန်စွမ်းသူများအတွက် သက်သောင့်သက်သာ သွားလာနိုင်မည် ဖြစ်သည်။

**စာကြည့်တိုက်၏ ပထမထပ်အပြင်အဆင်**

အမျိုးသားစာကြည့်တိုက်(ရန်ကုန်) အဆောက်အဦ ပထမထပ်တွင် ပြည်တွင်း၊ ပြည်ပ အစည်းအဝေးများ ကျင်းပနိုင်သည့် လူဦးရေ ၂၅၀ ဆံ့ နိုင်ငံတကာအဆင့်မီ ခန်းမတစ်ခုအပါအဝင် စာကြည့်တိုက် လာရောက်သုံးစွဲသူများအတွက် Multi Media Room တွင် ခေတ်မီသတင်းအချက်အလက် နည်းပညာများကို အသုံးပြု၍ နိုင်ငံတကာမှ ထုတ်ဝေသော ပညာရပ်နယ်ပယ်အသီးသီးမှ စာအုပ်၊ စာနယ်ဇင်းများ၊ သုတေသနစာတမ်းများကို အွန်လိုင်းတွင် အလွယ်တကူ လေ့လာနိုင်မည့်အပြင် ဘာသာစကား လေ့လာလိုသူများအတွက်လည်း Self –Study လုပ်နိုင်မည်ဖြစ်သည်။ ထို့အပြင် Digital Library တွင် Online data base များအပြင် အမျိုးသားစာကြည့်တိုက်ရှိ စာစုများကိုပါ အွန်လိုင်းတွင် ဖတ်ရှုနိုင်ရန် စီစဉ်ထားရှိသည်။

ထို့အပြင် အကြောင်းအရာအမျိုးမျိုး ကိုယ်တိုင်ရှာဖွေလိုသူများအတွက် လူဦးရေ ၁၀၀ခန့် တစ်ပြိုင်နက်တည်း အသုံးပြုနိုင်မည့် Digital Library ထားရှိပေးထားပြီး အွန်လိုင်းအသုံးပြုကာ အမျိုးသားစာကြည့်တိုက်ရှိ သိလိုသမျှ စာအုပ်စာပေများကို ရှာဖွေဖတ်ရှုနိုင်ရန် စီစဉ်ထားသည်မှာလည်း ခေတ်မီနည်းစနစ်များဖြင့် စာပေလေ့လာချင်သူများအတွက် အဆင်ပြေစေမည်ဖြစ်သည်။

**စာကြည့်တိုက်၏ ဒုတိယထပ်အပြင်အဆင်**

ဒုတိယထပ်တွင် စာကြည့်တိုက် လာရောက်သုံးစွဲသူများ လွတ်လွတ်လပ်လပ် သက်သောင့်သက်သာ စာပေဖတ်ရှုနိုင်သည့် နေရာများ၊ စာကြည့်တိုက်တွင် စုဆောင်းထားရှိသည့် တစ်နှစ်အတွင်းထွက်ရှိသည့် သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများ၊ ၂၀၁၃ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ ထွက်ရှိခဲ့သည့် မြန်မာ၊ အင်္ဂလိပ် ဘာသာရပ်ဆိုင်ရာ စာအုပ်စာပေများ၊ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများကို စင်ဖွင့်စနစ်ဖြင့် ထားရှိသည့် အထွေထွေစာဖတ်ခန်းကို မြင်တွေ့ရမည်ဖြစ်သည်။

"စင်ဖွင့်စနစ်ဆိုတာ ဘယ်စင်မှာ ဘာစာအုပ်၊ ဘယ်နံပါတ်က ဘာစာအုပ်ဆိုပြီး ရေးပြီး ကပ်ထားတာရှိတယ်။ စာဖတ်ချင်သူက သူ့ဟာသူ စာအုပ်စင်ကိုသွားပြီး ကြိုက်နှစ်သက်ရာ စာအုပ်ကို ရွေးချယ်ဖတ်ရှုနိုင်မှာ ဖြစ်ပါတယ်။ စင်ပေါ်မှာရှိတဲ့ စာအုပ်တွေကို စာမြည်းလို့လည်း ရပါတယ်" ဟု ညွှန်ကြားရေးမှူး ဒေါ်ရီရီထွေးက ပြောသည်။

ဒုတိယထပ်ရှိ ရည်ညွှန်းစာဖတ်ခန်းတွင် ရည်ညွှန်းစာအုပ်များအပြင် မြန်မာနိုင်ငံအကြောင်း မြန်မာဘာသာ၊ အင်္ဂလိပ်ဘာသာများဖြင့် ထုတ်ဝေထားသော စာအုပ်၊ စာတမ်းများ၊ အစိုးရဌာနများမှ ထုတ်ဝေထားသော စာအုပ်များ၊ တိုင်းရင်းသားဘာသာစကားကို လေ့လာလိုသူများ၊ ကိုယ်တိုင်တတ်ကျွမ်း၍ ဖတ်ရှုလိုသူများအတွက် တိုင်းရင်းသားဘာသာဖြင့် ထုတ်ဝေထားသော စာအုပ်များ၊ ကုလသမဂ္ဂကထုတ်ဝေသည့် စာအုပ်များ၊ အာဆီယံနိုင်ငံများအကြောင်း ရေးသားထားသော စာအုပ်များ၊ နိုင်ငံခြားဘာသာစကား အမျိုးမျိုးဖြင့် ရေးသားထားသည့် စာအုပ်များကိုလည်း စင်ဖွင့်စနစ်ဖြင့် ထားရှိပေးထားရာ စာဖတ်သူများအနေဖြင့် လွတ်လပ်စွာလေ့လာဖတ်ရှုခွင့်ရမည်ဖြစ်သည်။ သို့ရာတွင် ရည်ညွှန်းစာဖတ်ခန်းမှ စာအုပ်များကို ပြင်ပသို့ ငှားရမ်းခွင့်ပြုမည်ကား မဟုတ်ပေ။

ထိုဒုတိယထပ်မှာပင် စာဖတ်ခန်းများကို ကျော်လွန်ပြီး ရှေ့ဆက်သွားမည်ဆိုပါက အမျိုးသားစာကြည့်တိုက်မှ အပြည့်စုံဆုံးဖြစ်အောင် စနစ်တကျ လက်ဆင့်ကမ်းထိန်းသိမ်းလာခဲ့သည့် ၁၉၄၈ ခုနှစ် မတိုင်မီက ထွက်ရှိခဲ့သည့်စာအုပ်များ၊ ၁၉၆၂ ခုနှစ် မတိုင်ခင်က ထွက်ရှိခဲ့သည့် စာနယ်ဇင်းများ၊ ကင်းဝန်မင်းကြီးပေစာစု၊ ပုဂံဝန်ထောက် ဦးတင်ပေစာစု၊ ဘားနာဒ်ပေစာစုအစရှိသည့် ပေ၊ ပုရပိုက်များ၊ လက်ရေးစာများ၊ မြန်မာနိုင်ငံတွင် ပထမဆုံးထွက်ရှိခဲ့သည့် THE MAULMAIN CHRONICLE သတင်းစာ၊ မင်းတုန်းမင်းလက်ထက်က ထုတ်ဝေခဲ့သည့် ရတနာပုံ နေပြည်တော်သတင်းစာအပါအဝင် ခေတ်အဆက်ဆက် ထွက်ရှိခဲ့သည့်သတင်းစာများ၊ ရှားပါးစာအုပ်စာပေများ၊ စာနယ်ဇင်းများစသည့် သုတေသနပညာရှင်များအတွက် လွန်စွာတန်ဖိုးကြီးသော မူရင်းအထောက်အထားများကို သူ့အကန့်နှင့်သူ စနစ်တကျ သိမ်းဆည်းထိန်းသိမ်းထားသည်ကို တွေ့ရမည်ဖြစ်သည်။

"ဒါတွေက မငှားဘူး။ ဒီမှာပဲ ဖတ်ရမယ်။ များသောအားဖြင့် ကွန်ပျူတာမှာ Digital Format ပြောင်းထားပြီးသားတွေကိုပဲ ဖတ်လို့ရမယ်။ အဲဒါတွေကို သုတေသနသမားတွေ မူရင်းအထောက်အထားတွေကြည့်ဖို့လိုမယ်ဆိုမှ မူရင်းအထောက်အထားတွေပြမယ်။ ဒီအတိုင်းဆို ထုတ်ပေးမှာမဟုတ်ပါဘူး" ဟု ညွှန်ကြားရေးမှူး ဒေါ်ရီရီထွေးက ပြောသည်။

ထို့အပြင် အမျိုးသားစာကြည့်တိုက်(ရန်ကုန်) အတွင်းရှိစာအုပ်များကို (Radio–Frequency Identification) ခေတ်မီအချက်ပြ လုံခြုံရေးနည်းစနစ်ထည့်သွင်းထားပြီး ပြင်ပသို့ အလွယ်တကူယူဆောင် မသွားနိုင်ရန် စီစဉ်ထားကြောင်း သိရသည်။ **စာမျက်နှာ ၇ သို့** ✻

# ပဋိပက္ခအတွင်း အမျိုးသမီးများအား အကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီ ညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် မတ် ၃**

ပဋိပက္ခအတွင်း အမျိုးသမီးများအား အကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီ ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၌ ကျင်းပသည်။



**ရေးဆွဲထား**

အစည်းအဝေးတွင် အမျိုးသမီးများအား အကြမ်းဖက်မှုတားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့် ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ယနေ့အစည်းအဝေးတွင် အမျိုးသမီးများအား အကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီက ရေးဆွဲဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစီမံချက်(မူကြမ်း)အပေါ် ညှိနှိုင်းဆွေးနွေးကြရန်ဖြစ်ကြောင်း၊ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ ၇ ရက်နေ့တွင် ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်နှင့် ပဋိပက္ခအတွင်း အမျိုးသမီးများအား အကြမ်းဖက်မှုဆိုင်ရာ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် Ms. Pramila Patten တို့ နယူးယောက်မြို့ ကုလသမဂ္ဂဌာနချုပ်၌ လက်မှတ်ရေးထိုးခဲ့သည့် Joint communique နှင့် ပတ်သက်၍ အမျိုးသားကော်မတီနှင့် လုပ်ငန်းကော်မတီများက အစည်းအဝေးများကျင်းပခဲ့ပြီး အကြံပြုချက်များကို သုံးကြိမ် တောင်းခံခဲ့ပြီးဖြစ်ကြောင်း၊ ရရှိလာသော အကြံပြုချက်များဖြင့် မိမိတို့နိုင်ငံအတွင်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည့် အမျိုးသားအဆင့် လုပ်ငန်းစီမံချက်အဖြစ် ရေးဆွဲထားခြင်းဖြစ်ကြောင်း။

**ဝိုင်းဝန်းညှိနှိုင်းဆွေးနွေး**

ကုလသမဂ္ဂ အဖွဲ့အစည်းများမှ လုပ်ငန်းစီမံချက်တွင် ဖြည့်စွက်ရန် ပေးပို့လာသည့် အကြံပြုချက်များရှိကြောင်း၊ ထိုအကြံပြုချက်များကို ဝိုင်းဝန်းညှိနှိုင်းဆွေးနွေး၍ အဖြေရရှိအောင် ဆောင်ရွက်ပေးစေလိုကြောင်း၊ ဖြည့်စွက်ရန် အကြံပြုလာသည့် အချက်များဖြစ်သည့် အသက်ရှင်ကျန်ရစ်သူ၊ ကျူးလွန်ခံရသူများကို အဓိကထား၍ ဖြေရှင်းဆောင်ရွက်ရန်၊ လုံခြုံမှုနှင့် အကာအကွယ်ပေးနိုင်မှုရှိသည့် တိုင်ကြားနိုင်မှု ယန္တရား ပိုမိုခိုင်မာစေရေး စသည့် အချက်များကို မိမိတို့အနေဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြစ်မှုဆိုင်ရာဥပဒေများနှင့် သက်ဆိုင်ရာဥပဒေများ ပြင်ဆင်ရေးဆွဲရေးနှင့် ပတ်သက်၍ ဆောင်ရွက်ရန် ကိစ္စများရှိပါကြောင်း၊ သို့ရာတွင် အမျိုးသမီးများ အကြမ်းဖက်မှု တားဆီးကာကွယ်ရေးဥပဒေ (မူကြမ်း) ရေးဆွဲပြီးဖြစ်၍ လွှတ်တော်တွင် ဆွေးနွေးရန် စတင်ဆောင်ရွက်လျက်ရှိကြောင်း၊ လုံခြုံရေးကဏ္ဍများရှိ တာဝန်ရှိသူများအား စွမ်းဆောင်ရည်မြှင့်တင်မှုဆိုင်ရာ သင်တန်းများပေးခြင်းနှင့် Qualitative Indicator များဖြင့် တိုင်းတာရန်၊ UN အဖွဲ့အစည်းများ၊ UN Monitoring Analysis and reporting Arrange-ments (MARA) Working Group တို့နှင့် ပူးပေါင်းဆောင်ရွက်ရန် စသည့်အချက်များလည်း ပါဝင်ပါကြောင်း။

**ဝိုင်းဝန်းဆွေးနွေး**

မိမိတို့ကော်မတီအနေဖြင့် လုပ်ငန်းစီမံချက် အကောင်အထည်ဖော် တိုးတက်မှုများနှင့် စပ်လျဉ်း၍ UNCTFMR တို့အကြား တစ်နှစ်လျှင် သုံးကြိမ် တွေ့ဆုံပွဲများကို ဆောင်ရွက်သွားရန်ရှိကြောင်း၊ အမျိုးသမီးများအား အကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့် ကော်မတီ UN အကြံပြုချက်များနှင့် စပ်လျဉ်းပြီး ကော်မတီဝင်များ၏ အမြင်သဘောထားများကို ပွင့်ပွင့်လင်းလင်းဆွေးနွေးပေးကြရန်နှင့် လုပ်ငန်းစီမံချက်အပေါ် ဆောင်ရွက်ရာတွင် ဖြစ်ပေါ်လာနိုင်သည့် ခက်ခဲမည့်အပိုင်းများအား ဖြေရှင်းနိုင်မည့် နည်းလမ်းများကို ဝိုင်းဝန်းဆွေးနွေးပေးကြရန် တိုက်တွန်းပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် ပဋိပက္ခအတွင်း အမျိုးသမီးများအား အကြမ်းဖက်မှုတားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့် ကော်မတီအတွင်းရေးမှူး၊ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အမျိုးသားအဆင့် လုပ်ငန်းစီမံချက်အပေါ် UN အဖွဲ့အစည်းများမှ ပေးပို့လာသော အကြံပြုချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြခဲ့ပြီး တက်ရောက်လာကြသော ကော်မတီဝင်များက လုပ်ငန်းစီမံချက်အပေါ် အကြံပြုချက်များအလိုက် ဆွေးနွေးကြကာ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းများနှင့် ဆုံးဖြတ်ချက်ချခြင်းများ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

■

---

**❍ မြန်မာ့မန်ကျည်းသီးမှ**

မြန်မာ့မန်ကျည်းသီးကို နှစ်စဉ်ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့မှ ပုံမှန်ဝယ်ယူလေ့ရှိပြီး လွန်ခဲ့သည့် ငါးနှစ်ခန့်မှစ၍ တရုတ်နိုင်ငံမှလည်း ဝယ်ယူမှုများရှိလာကြောင်းနှင့် မကြာမီရက်ပိုင်းအတွင်း ရမည်းသင်းနှင့် ကျောက်ပန်းတောင်းမြို့နယ်များမှလည်း ထပ်မံထွက်ရှိလာတော့မည်ဖြစ်ရာ သင်္ကြန်မတိုင်မီကာလအတွင်း ဈေးကွက်သို့ နယ်စုံမှ မန်ကျည်းသီးများ လှိုင်လှိုင်ဝင်ရောက်လာတော့မည်ဖြစ်သည်။

**အများဆုံးစိုက်ပျိုး**

မန်ကျည်းပင်ကို မြန်မာပြည်အလယ်ပိုင်း မန္တလေး၊ စစ်ကိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့မှ နှစ်ရှည်ပင်အဖြစ် ဘိုးဘွားစဉ်ဆက် အများဆုံးစိုက်ပျိုးခဲ့ကြပြီး တစ်နှစ်လျှင် တစ်ကြိမ်သာ နွေဦးပေါက်ရာသီတွင် ခူးဆွတ်ယူနိုင်ကာ မြန်မာလူမျိုးများအတွက် ဆေးဝါးအဖြစ်သာမက ဟင်းချက်ရာတွင် ထည့်သွင်းအသုံးပြုလျက်ရှိသည့်အပြင် ပြည်ပပို့ကုန်အဖြစ်လည်း အားထားရသည့် သီးနှံဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

---

* စာမျက်နှာ ၆ မှ

**ကလေးငယ်များ နှစ်ခြိုက်စေမည့် တတိယထပ်အပြင်အဆင်**

ကလေးများ စာကြည့်တိုက်နှင့် ရင်းနှီးစေရန်နှင့် စာဖတ်ခြင်းအလေ့အကျင့် ပျိုးထောင်ပေးရန် ရည်ရွယ်၍ ထည့်သွင်းထားသည့် အမျိုးသားစာကြည့်တိုက်(ရန်ကုန်)၏ တတိယထပ်ရှိ ကလေးစာကြည့်တိုက်ခန်းမအတွင်း ကလေးကြိုက် စာအုပ်စာပေများဖြစ်သည့် ကာတွန်းစာအုပ်များ၊ ပုံပြင်စာအုပ်များသာမက ဆေးရောင်စုံပန်းချီများ၊ အရောင်အသွေးစုံလင်လှသော ဆိုဖာထိုင်ခုံလှလှလေးများ၊ ကလေးကစားစရာ ရိုးရာအရုပ်လေးများ ခင်းကျင်း ပြင်ဆင်ထားမှုများနှင့်အတူ ကပ်လျက်အခန်းရှိ ကလေးငယ်များအတွက် ပုံပြင်ပြောခန်းကို ထည့်သွင်းစီစဉ်ပေးထားမှုကလည်း စာကြည့်တိုက်သို့ ကလေးငယ်များအား လာချင့်စဖွယ်ဖြစ်အောင် ဖိတ်ခေါ်နေသလိုပင်။

''ကလေးတွေပျော်ရွှင်အောင်၊ စာကြည့်တိုက်နဲ့ ရင်းနှီးအောင် ကလေးတွေ ဒီကိုလာရင် စာဖတ်တာချည်းပဲ မဟုတ်ဘဲ ကလေးတွေအတွက် ကစားစရာတွေ အစုံပါတယ်။ စာကြည့်တိုက်က သူတို့ သွားနေကျ၊ လာနေကျ နေရာလိုမျိုး ဖြစ်စေချင်တယ်။ အဓိက စာကြည့်တိုက်နဲ့ ရင်းနှီးပြီး စာဖတ်တဲ့ အလေ့အကျင့်တွေ ပါသွားစေချင်တာ'' ဟု ညွှန်ကြားရေးမှူး ဒေါ်ရီရီထွေးက ပြောသည်။

**မသန်စွမ်းသူတို့အတွက် စာဖတ်ခန်း**

စာကြည့်တိုက် တော်တော်များများ၌ တွေ့ရခဲသည့် မသန်စွမ်းစာဖတ်ခန်းတစ်ခုကို အမြင်အာရုံ၊ အကြားအာရုံ ချို့ယွင်းချက်ရှိသူများအတွက် မသန်စွမ်းအဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်ကူညီမှု၊ အကြံပေးချက်များကို ရယူကာ အမျိုးသားစာကြည့်တိုက်(ရန်ကုန်)တွင် ထည့်သွင်းဆောင်ရွက်ပေးထားသည်။

အဆိုပါ မသန်စွမ်းစာဖတ်ခန်းတွင် မျက်မမြင်စာပေဖြင့် ရေးသားထားသည့် ဗဟုသုတဖြစ်ဖွယ်၊ စိတ်အားတက်ကြွဖွယ် စာအုပ်စာပေမျိုးစုံ ထားရှိပေးထားပြီး စာပေလေ့လာဖတ်ရှုနိုင်ရန် အသံ File စာအုပ်များ စီစဉ်ထားရှိပေးထားရာ အမြင်အာရုံ၊ အကြားအာရုံ ချို့ယွင်းချက်ရှိသော်လည်း စာဖတ်ဝါသနာပါသူတို့အတွက် များစွာစိတ်ကျေနပ်မှုရရှိစေမည်မှာ အမှန်ပင်ဖြစ်သည်။

''မသန်စွမ်းအဖွဲ့အစည်းတွေက အစပိုင်းမှာ လာကူညီကြမှာ ဖြစ်ပါတယ်။ အမြင်အာရုံ ချို့ယွင်းချက်ရှိသူတွေအတွက် စိတ်အားတက်ကြွစေတဲ့ စာအုပ်တွေ၊ ဂျာနယ်ကျော်မမလေးရဲ့သွေးတို့လို စာအုပ်တွေ၊ ပုံပြင်တွေ မျက်မမြင်စာပေနဲ့ပြန်ရေးထားတာ ရှိတယ်။ အဲဒါမျိုးတွေ စုဆောင်းပေးထားတယ်၊ စာကြည့်တိုက်ဘက်က တတ်နိုင်တဲ့ဘက်က ပံ့ဖော်ပေးထားတာပါ''ဟု ညွှန်ကြားရေးမှူး ဒေါ်ရီရီထွေးက ပြောသည်။

ထိုအထပ်တွင်ပင် ဘွဲ့လွန်စာကြည့်တိုက် ဒီပလိုမာသင်တန်းအခန်း၊ ရက်တိုသင်တန်းများ ဖွင့်လှစ်နိုင်သည့် သင်တန်းခန်းများနှင့် သီးသန့်အုပ်စုလိုက် ဆွေးနွေးနိုင်မည့် အထူးစာဖတ်ခန်းများ ပါဝင်မည်ဖြစ်ပြီး ခေါင်မိုးထပ်တွင် စာဖတ်ရင်း ရန်ကုန်မြို့၏ အလှအပ၊ မြင်ကွင်းများကို ကြည့်ရှုခံစားနိုင်မည့် ကော်ဖီဆိုင်တစ်ခုကိုလည်း ဖွင့်လှစ်ရန် စီစဉ်နေဆဲဖြစ်သည်။

မကြာမီဖွင့်လှစ်တော့မည့် အမျိုးသားစာကြည့်တိုက်(ရန်ကုန်)ကို မြန်မာနိုင်ငံသား မည်သူမဆို လွတ်လပ်စွာ အသုံးပြုနိုင်ပြီး အမျိုးသားစာကြည့်တိုက်တွင် စာပေဖတ်ရှုလိုပါက စာကြည့်တိုက်၏ မှတ်ပုံတင်ဌာနစိတ် (Information Desk) တွင် အထောက်အထား ကတ်ပြားတစ်ခုခုကိုပြ၍ စာရင်းသွင်းရမည်ဖြစ်သည်။ ဧည့်နိုင်ငံသား (သို့မဟုတ်) နိုင်ငံခြားသားဖြစ်ပါက နိုင်ငံကူးလက်မှတ်၊ ဧည့်နိုင်ငံသားလက်မှတ်ပြ၍ စာရင်းသွင်းရမည်။ အသက် ၁၂ နှစ်အောက် ကလေးစာဖတ်သူများသည် အုပ်ထိန်းသူတစ်ဦးဦးနှင့်အတူ လာရောက်ဖတ်ရှုနိုင်မည် ဖြစ်သည်။



အမျိုးသားစာကြည့်တိုက် (ရန်ကုန်)တွင် စာအုပ်များစနစ်တကျထားရှိမှုကို တွေ့ရစဉ်။

အဆိုပါ အမျိုးသားစာကြည့်တိုက်(ရန်ကုန်)တွင် စာအုပ်စာတမ်းများ၊ စာနယ်ဇင်းမဂ္ဂဇင်း၊ စာစောင်များ၊ ပေ၊ ပုရပိုက်များ၊ လက်ရေးစာ ရှားပါးစာစုများ စုဆောင်းထားရှိပြီး စာကြည့်တိုက်တွင် ဖတ်ရှုနိုင်အောင် စီစဉ်ပေးထားခြင်း၊ တချို့စာအုပ်များအား ငှားရမ်းခွင့်ပြုခြင်း၊ သုတေသနနှင့် မှတ်တမ်းထားရှိလိုသူများအတွက် စာကြည့်တိုက်၏ သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်ပေးခြင်းတို့ဖြင့် စာပေယဉ်ကျေးမှုသမိုင်းဆိုင်ရာ အချက်အလက်များအတွက် အကောင်းဆုံးဝန်ဆောင်မှုပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**၂၀၂၀ ပြည့်နှစ် ဧပြီလ ပထမပတ်တွင် ဖွင့်လှစ်ရန် ကြိုးပမ်းလျက်ရှိ**

အသစ်ဖွင့်လှစ်ရန် ပြင်ဆင်မွမ်းမံနေသည့် အမျိုးသားစာကြည့်တိုက်(ရန်ကုန်)၏ ပြင်ဆင်မွမ်းမံမှု အပိုင်းများသည်လည်း ပြီးဆုံးတော့မည်ဖြစ်ပြီး ၂၀၂၀ ပြည့်နှစ် ဧပြီလ ပထမပတ်တွင် ဖွင့်လှစ်ရန်ကြိုးပမ်းလျက်ရှိရာ ရန်ကုန်မြို့၏ မြို့ပြအမွေအနှစ်စာရင်းဝင် နှစ်ပေါင်း ၁၀၀ ကျော်သက်တမ်းရှိ သမိုင်းဝင် အဆောက်အဦကြီးထဲတွင် ရေးမူလက်ရာမပျက် ပြင်ဆင်ထားသည့် ဗိသုကာလက်ရာများနှင့်အတူ ခေတ်မီလေအေးပေးစက်များ တပ်ဆင်ထားသည့် စာဖတ်ခန်းများတွင် စိတ်လက်အပန်းဖြေ အနားယူရင်း စာပေ၊ ယဉ်ကျေးမှု၊ သမိုင်းဆိုင်ရာ အမွေအနှစ်များ ဗဟုသုတဖြစ်ဖွယ်ရာ အချက်အလက်များကို လေ့လာခွင့်ရရှိနိုင်တော့မည်ဖြစ်သည်။

အမျိုးသားစာကြည့်တိုက် (ရန်ကုန်)မှ ညွှန်ကြားရေးမှူး ဒေါ်ရီရီထွေးက ''အမျိုးသားစာကြည့်တိုက်က နိုင်ငံကို ကိုယ်စားပြုပါတယ်။ မြန်မာနိုင်ငံသားအားလုံး အသက်အရွယ်၊ ပညာအရည်အချင်း မခွဲခြားပါဘူး။ မည်သူမဆို အမျိုးသားစာကြည့်တိုက်ကို လာရောက်အသုံးပြုကြဖို့ ဖိတ်ခေါ်ပါတယ်''ဟု စကားဆိုသည်။

# နိုင်ငံသူ နိုင်ငံသားများအတွက် ဗဟုသုတ သိုမှီးရာ အမျိုးသားစာကြည့်တိုက်(ရန်ကုန်)

- အမျိုးသားစာကြည့်တိုက်(ရန်ကုန်)၏ ပြင်ဆင်မွမ်းမံမှုအပိုင်းများသည်လည်း ပြီးဆုံးတော့မည်ဖြစ်ပြီး ၂၀၂၀ ပြည့်နှစ် ဧပြီလပထမပတ်တွင် ဖွင့်လှစ်ရန်ကြိုးပမ်းလျက်ရှိ
- ရန်ကုန်မြို့၏ မြို့ပြအမွေအနှစ်စာရင်းဝင် နှစ်ပေါင်း ၁၀၀ ကျော် သက်တမ်းရှိ သမိုင်းဝင်အဆောက်အဦကြီးထဲတွင် စာပေ၊ ယဉ်ကျေးမှု၊ သမိုင်းဆိုင်ရာအမွေအနှစ်များ ဗဟုသုတဖြစ်ဖွယ်ရာ အချက်အလက်များကို လေ့လာခွင့်ရရှိနိုင်တော့မည်



အမျိုးသားစာကြည့်တိုက်(ရန်ကုန်)တွင် မာလ်တီမီဒီယာခန်းမကို တွေ့ရစဉ်။



အမျိုးသားစာကြည့်တိုက်(ရန်ကုန်)တွင် ကလေးစာကြည့်တိုက်ကို တွေ့ရစဉ်။




အမျိုးသားစာကြည့်တိုက်(ရန်ကုန်)တွင် မျက်မမြင်များအတွက် စာဖတ်နိုင်ရန် စီစဉ်ဆောင်ရွက်ပေးထားသည်ကို တွေ့ရစဉ်။




အမျိုးသားစာကြည့်တိုက်(ရန်ကုန်) ကလေးစာကြည့်တိုက်တွင် ပြသထားသော စာအုပ်စာပေများ။



အမျိုးသားစာကြည့်တိုက်(ရန်ကုန်) မြေညီထပ်တွင် စာအုပ်များ စနစ်တကျ သိမ်းဆည်းထားသည်ကို တွေ့ရစဉ်။



အမျိုးသားစာကြည့်တိုက်(ရန်ကုန်)တွင် ရှားပါးစာအုပ်များကို တွေ့ရစဉ်။



အမျိုးသားစာကြည့်တိုက်(ရန်ကုန်)သို့ လာရောက်သူများ စာအုပ်စာပေများ ဖတ်ရှုနိုင်ရန် စီစဉ်ဆောင်ရွက်ပေးထားစဉ်။



အမျိုးသားစာကြည့်တိုက်(ရန်ကုန်)တွင် ကလေးများအတွက် ပုံပြင်ပြောခန်းကို တွေ့ရစဉ်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး 2019 Novel Coronavirus (2019-nCoV) ကြောင့် ဖြစ်ပွားသော အဆုတ်ရောင်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီ၏ ဒုတိယအကြိမ် အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

❂ ကျောဖုံးမှ

ရောဂါကူးစက်ပြန့်ပွားနေမှု အခြေအနေများကို လေ့လာသုံးသပ်၍ မြန်မာနိုင်ငံတွင်လည်း ရောဂါကူးစက်ပြန့်ပွားမှုကို ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ပိုမိုကောင်းမွန်သည့် လုပ်ငန်းစဉ်များ၊ အစီအမံများ တိုးမြှင့်ချမှတ် အကောင်အထည်ဖော် ဆောင်ရွက်ရေးအတွက် ဆွေးနွေးညှိနှိုင်းသွားကြရန် ဖြစ်ပါကြောင်း၊ COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှု ထိန်းချုပ်၊ ကာကွယ်၊ ကုသရေးနှင့်စပ်လျဉ်း၍ ဖေဖော်ဝါရီ ၁၉ ရက်တွင် လာအိုနိုင်ငံ၊ ဗီယန်ကျင်းမြို့၌ ကျင်းပခဲ့သည့် ကိုရိုနာဗိုင်းရပ်စ် ဆိုင်ရာ အာဆီယံ-တရုတ် နိုင်ငံခြားရေးဝန်ကြီးများ အထူးအစည်းအဝေးတွင် ရောဂါကာကွယ် ထိန်းချုပ်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရန်နှင့် လိုအပ်သည်ထက်ပိုမို၍ ထိန်းချုပ်ကန့်သတ်မှုများ မပြုလုပ်ဘဲ တရုတ်နိုင်ငံနှင့် တစည်းတလုံးတည်းဖြင့် ပူးပေါင်းဆောင်ရွက်ကြရန် တရုတ်နိုင်ငံဘက်မှ တိုက်တွန်းခဲ့ပြီး ပြည်သူများအကြား ထိတွေ့ဆက်ဆံမှု၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို တတ်နိုင်သမျှ ထိန်းသိမ်းဆောင်ရွက်ခြင်းဖြင့် နှစ်ဖက်ပြည်သူများ၏ လူမှုစီးပွားရေး ထိခိုက်မှုများလျှော့ချရေး စသည်တို့အား ဆောင်ရွက်သွားရန် သဘောတူညီခဲ့ပါကြောင်း။

**ပထမဦးစားပေး**

ထို့နောက် တရုတ်နိုင်ငံရောက် တရားမဝင် အလုပ်သမားများနှင့်စပ်လျဉ်း၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏ လမ်းညွှန်ချက်နှင့်အညီ နယ်စပ်ဂိတ်များမှတစ်ဆင့် နေရပ်သို့ပြန်လာနိုင်ရေးအတွက် ပေကျင်းမြို့ရှိ မြန်မာသံရုံး အနေဖြင့် ကူညီဆောင်ရွက်မှုများ ပြုလုပ်ရာတွင် လိုအပ်သည့် စိစစ်ဆောင်ရွက်မှုများ ပြုလုပ်ပြီးနောက် တရုတ်နိုင်ငံမှ သက်ဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပြီး ပြန်လည်ရောက်ရှိသည့် အချိန်တွင်လည်း ကျန်းမာရေးစောင့်ကြပ်ကြည့်ရှုမှုများ ပြုလုပ်နိုင်ရေး သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရတို့နှင့် ပူးပေါင်းဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း၊ ယခုကျင်းပသည့် ဗဟိုကော်မတီ အစည်းအဝေးမှာ ရောဂါကာကွယ်ထိန်းချုပ်ရေး အတွက် ကျန်းမာရေးရှုထောင့်ကသာမက WHO ၏ လမ်းညွှန်ချက်များ ရှုထောင့်၊ နိုင်ငံ၏ စီးပွားရေး၊ ကုန်သွယ်ရေး၊ ခရီးသွားလုပ်ငန်း၊ ပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်း တို့အပေါ် ကြီးမားစွာ မထိခိုက်စေရေး ရှုထောင့်၊ နှစ်နိုင်ငံချင်းဆက်ဆံရေး ရှုထောင့်တို့မှ ဟန်ချက်ညီညီ ညှိနှိုင်းတိုင်ပင်၍ လုပ်သင့် လုပ်ထိုက်သည်များကို ညှိနှိုင်းသွားရန်ဖြစ်ကြောင်း၊ မည်သို့ပင်ဆိုစေကာမူ ပြည်သူလူထု၏ ဘေးကင်းလုံခြုံရေးသည် ပထမဦးစားပေး ဖြစ်ပါကြောင်း၊ ပြည်သူတို့၏ သဘောထားကို လည်း ထည့်သွင်းစဉ်းစားရမည် ဖြစ်ကြောင်း ပြောကြားသည်။

**အထူးဦးစားပေး ဆောင်ရွက်နေ**

ထို့နောက် ဗဟိုကော်မတီ ပူးတွဲဥက္ကဋ္ဌ ဒေါက်တာမြင့်ထွေးက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် COVID-19 ရောဂါကာကွယ် ထိန်းချုပ်ရေးလုပ်ငန်းများ အတွက် ဗဟိုအဆင့် နေ့စဉ် ညှိနှိုင်းအစည်းအဝေးများကို ပြုလုပ်လျက်ရှိပြီး လုပ်ငန်းလမ်းညွှန်များကိုချမှတ်၍ အထူးဦးစားပေး လုပ်ငန်းတစ်ရပ်အနေဖြင့် ဆောင်ရွက်နေပါကြောင်း၊ အဆိုပါနေ့စဉ်အစည်းအဝေးများနှင့် အခြား COVID-19 ရောဂါနှင့် စပ်လျဉ်းသော ညှိနှိုင်းအစည်းအဝေးများတွင် မိမိပြောကြားချက်များ၊ လမ်းညွှန်ချက်များကို စုစည်း၍ ဗဟိုကော်မတီဝင်များ သိရှိနိုင်ရန် ဖြန့်ဖြူးပေးထားပါကြောင်း၊ စုစုပေါင်း (၅၈၉)ချက်ပါဝင်ပြီး လူမှုရေးဝန်ကြီးများအနေဖြင့် မိမိတို့၏ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များသို့ပြန်ရောက်သောအခါ မိမိတိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနများ၌ အဆိုပါအချက်များကို ဆောင်ရွက်ထားရှိမှု အတိုင်းအတာကို လေ့လာဆန်းစစ်သုံးသပ်စေလိုပါကြောင်း၊ တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးမှူးများကလည်း မိမိတို့ဆောင်ရွက်ထားရှိမှု အခြေအနေ အကျဉ်းချုပ် အစီရင်ခံစာကို သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်အစိုးရထံတင်ပြရန် လိုအပ်ပါကြောင်း၊ သက်ဆိုင်ရာလူမှုရေးဝန်ကြီးနှင့် တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးဌာနမှူး အပါအဝင် တာဝန်ရှိသူများသည် အသင်းအဖွဲ့ တစ်ခုတည်း အသွင်ဖြင့် ပူးပေါင်းဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း၊ ဤရောဂါကာကွယ် ထိန်းချုပ်ရေး လုပ်ငန်းများကို ဆောင်ရွက်ရာတွင် ကပ်ရောဂါဗေဒရှုထောင့်နှင့် ပြည်သူ့ကျန်းမာရေး ရှုထောင့်များမှသာမက စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေး၊ ကုန်သွယ်ရေး ရှုထောင့်များမှလည်း ကြည့်ရှုသုံးသပ်၍ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

**တိတိကျကျလိုက်နာ**

ယခုအချိန်တွင် လူစုလူဝေးဖြင့်ကျင်းပသော ပွဲလမ်းသဘင်များ၊ အခမ်းအနားများကို တတ်နိုင်သမျှ မလုပ်သင့်ပါကြောင်း၊ မဖြစ်မနေ ကျင်းပရမည်ဆိုပါကလည်း တက်ရောက်မည့် လူဦးရေကို သိသိသာသာလျှော့ချခြင်း၊ ဖျားနာသူနှင့် နှာစေးချောင်းဆိုးသူများ လုံးဝမလာရောက်စေရေးနှင့် မိမိတို့ဝန်ကြီးဌာနမှ လမ်းညွှန်မှုများကို တိတိကျကျ လိုက်နာပြီး ဆောင်ရွက်စေလိုပါကြောင်း၊ ပွဲလမ်းသဘင် အခမ်းအနား တစ်ခုချင်းစီအလိုက် ဘက်စုံခြုံငုံ သုံးသပ်ပြီး စဉ်းစားဆုံးဖြတ်ရန် လိုအပ်မည်ဖြစ်ပြီး မိမိတို့ဝန်ကြီးဌာနမှ တတ်နိုင်သမျှ ပံ့ပိုးကူညီသွားမည်ဖြစ်ပါကြောင်း၊ COVID-19 ရောဂါဖြစ်ပွားမှုအခြေအနေသည် အချိန်နှင့်အမျှ ဖြစ်ပေါ် ပြောင်းလဲမှုရှိသော အခြေအနေ (evolving situation) ဖြစ်ပါကြောင်း၊ သေဆုံးမှုနှုန်းသည်လည်း တဖြည်းဖြည်း မြင့်တက်လာပြီး ယခုအခါ (၃.၆ %)ခန့်အထိ ရှိပါကြောင်း၊ လမ်းပြမြေပုံ မရှိသောနယ်မြေ (Uncharted territory) သို့ ခရီးသွားနေရသည်နှင့် တူပါကြောင်း၊ ကူးစက်ပျံ့နှံ့ပုံ အပါအဝင် ရောဂါ၏ သဘောသဘာဝဖြစ်စဉ် (Natural history) ကို ယခုအချိန်ထိ သေချာတိကျ ပြည့်စုံစွာ မသိရှိသေးပါကြောင်း၊ နောက်ဆုံးသိရှိရသော အချက်အလက်များအရ COVID-19 ရောဂါ ကူးစက်ခံရသူများ၏ (၈၀%)သည် ပြင်းထန်မှုမရှိ သာမန်လက္ခဏာများသာရှိသော ရောဂါ (mild disease)၊ လူနာများ၏ (၁၄%) သည် ပြင်းထန်သော လက္ခဏာရှိသောရောဂါ (severe disease)နှင့် (၆%)ခန့်သည် အသက်သေဆုံးနိုင်သည်အထိ ပြင်းထန်သောရောဂါ (critically ill) ဖြစ်နိုင်ပါကြောင်း၊ ရောဂါကူးစက်ဖြစ်ပွားခံရသူတစ်ဦးမှတစ်ဆင့် ထပ်မံကူးစက်ခံရနိုင်ခြေရှိသည့်ဦးရေ Basic Preproduction Number - Ro) သည် (၂)ဦးမှ (၄) ဦးခန့်အထိ ရှိသည်ဟု သိရှိရ၍ ဤရောဂါသည် ကူးစက်မှုအလွန်မြန်ပါကြောင်း၊ ကိုရီးယားသမ္မတနိုင်ငံတွင်လည်း ကူးစက်ဖြစ်ပွားမှု အလွန်မြန်ခဲ့ခြင်းဖြစ်ပါကြောင်း။

**ကြိုးစားဆောင်ရွက်လျက်ရှိ**

ကူးစက်ဖြစ်ပွားမှုများသော ကိုရီးယားသမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံနှင့် စင်ကာပူနိုင်ငံတို့မှ လာရောက်သည့် ခရီးသည်ဝင်ရောက်မှု (Influx) လျော့နည်းသွားပါက ရောဂါကူးစက် ဝင်ရောက်နိုင်ခြေလည်း လျော့နည်းသွားမည်ဖြစ်ပါကြောင်း၊ ဝင်ရောက်လာသောခရီးသည်များမှ (Health Declaration Form)တွင် ဖြည့်ရသည့် အချက်များကိုလည်း တတ်နိုင်သမျှ လျှော့ချပြီး တည်းခိုနေထိုင်မည့် ဟိုတယ်နှင့်တည်းခိုခန်းနှင့် နေရပ်လိပ်စာတို့ကို အဓိကထားဖြည့်စွက်စေခဲ့ပါကြောင်း၊ ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာန အကူအညီကိုရယူပြီး မိမိတို့ ဝန်ကြီးဌာနမှ ဝန်ထမ်းများအနေဖြင့် သက်ဆိုင်ရာဟိုတယ်၊ တည်းခိုခန်းများနှင့် ချက်ချင်းဆက်သွယ်ဆောင်ရွက်ခြင်း၊ လိုက်လံစုံစမ်းခြင်းများကို ကြိုးစားဆောင်ရွက်လျက်ရှိပါကြောင်း။

သို့ဖြစ်ပါ၍ ပြည်သူများနှင့် သက်ဆိုင်ရာ ကာယကံရှင်များကို ရောဂါဖြစ်ပွားရာ နေရာများမှ ပြန်ရောက်လာပါက (သို့မဟုတ်) ရောဂါဖြစ်ပွားသူနှင့် အနီးကပ်ထိတွေ့မှု ရာဇဝင်ရှိပါက အသွားအလာ ပိတ်ပင်တားမြစ်ပြီး သတ်မှတ်နေရာတွင် နေထိုင်စေခြင်း (Quarantine) သည် သက်ဆိုင်ရာပုဂ္ဂိုလ်အတွက် ရောဂါဖြစ်ပွားပါက ချက်ချင်းကုသမှုပေး နိုင်ခြင်းနှင့် အခြားသူ မိမိ၏မိတ်ဆွေနှင့် ဆွေမျိုးများကို မကူးစက်စေရန် ကာကွယ်မှုပေးနိုင်သည်ဟူသော အကျိုးကျေးဇူးများ ရှိကြောင်းကိုသိရှိရန် ကျယ်ကျယ်ပြန့်ပြန့် အသိပေးသွားမည်ဖြစ်ပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် (Quarantine) လုပ်ရန်ရှိပါက လူနာက ကူးစက်ရောဂါဆေးရုံဟု သတ်မှတ်ထားသော ဝေဘာဂီဆေးရုံတွင် ထားရှိတော့မည်မဟုတ်ဘဲ တည်ဆောက်ပြီးသော်လည်း လူနာများ မထားရှိရသေးသော တောင်ဥက္ကလာပရှိ မိခင်နှင့်ကလေးဆေးရုံ (၄)ထပ်ဆောင်တွင် ပြုလုပ်သွားမည်ဖြစ်ပြီး ရောဂါလက္ခဏာရှိသောသူများနှင့် သံသယရှိလူနာများကိုသာ ဝေဘာဂီဆေးရုံတွင် ထားရှိသွားမည်ဖြစ်ပါကြောင်း၊ COVID-19 ရောဂါဖြစ်ပွားသူများ၏ ၈၈ % တွင် ကိုယ်ပူဖျားနေခြင်းကို တွေ့ရှိရပါသဖြင့် လေဆိပ်၊ နေအိမ်နှင့် နယ်စပ်ဝင်/ထွက် ဂိတ်များတွင် Fever Screening ကို သေချာစွာ လုပ်ဆောင်လျက်ရှိပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် COVID-19 ရောဂါသည် တရုတ်-မြန်မာနယ်စပ်မှ ဝင်ရောက်လာနိုင်ခြေနည်းပါးသည်ဟု ထင်မြင်ယူဆပါကြောင်း၊ တရုတ်ပြည်တွင် အဓိကရောဂါဖြစ်ပွားနေသော ဝူဟန်မြို့၊ ဟူပေပြည်နယ်နှင့် မြန်မာနိုင်ငံတို့အကြားတွင် ယူနန်ပြည်နယ်၊ ဟူနန်ပြည်နယ်နှင့် ကွမ်းကျိုးပြည်နယ်တို့ ခြားနေသည့်အပြင် အဆိုပါပြည်နယ်များတွင် လူနာသစ် မတွေ့ရှိရသည်မှာ ရက်သတ္တ (၁) ပတ်ခန့် ရှိနေပြီဖြစ်ပြီး နယ်စပ်ဖြတ်ကျော်ဝင်ရောက်သွားလာနေသူ အများစုမှာလည်း ယူနန်ပြည်နယ်အတွင်း မိုင်အနည်းငယ်ခန့်သာ သွားလာပြီး နေ့ချင်းပြန် ဝင်ထွက်နေသူများဖြစ်သည်ဟု သိရှိရပါကြောင်း၊ မြန်မာနိုင်ငံအတွင်းသို့ ရောဂါဖြစ်ပွားနေသော နိုင်ငံများမှ လေကြောင်းခရီးဖြင့် ဝင်ရောက်လာသူများမှ တစ်ဆင့် ရောဂါကူးစက်ဖြစ်ပွားရန် အခွင့်အလမ်းပိုများပါကြောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် အဖျားရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းကို အားဖြည့်ဆောင်ရွက်ရန်အတွက် ဧရာဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ကျန်းမာရေးမှူးများကို တွဲဖက်တာဝန်ချထားပြီးဖြစ်ပါကြောင်း။

**ပြင်ဆင်ဆောင်ရွက်လျက်ရှိ**

ရောဂါဖြစ်ပွားသူများကို ဆောလျင်စွာ ထောက်လှမ်းခြင်း (Early Case Detection) နှင့် သီးခြားထားရှိ ကုသမှုပေးခြင်း (Isolation & Treatment) ပေးခြင်းဖြင့် ကူးစက်ပြန့်ပွားမှုကို ထိရောက်စွာ တားဆီးနိုင်မည်ဖြစ်ပါကြောင်း၊ ယခုအချိန်တွင် ဆေးရုံများကို လူနာများတွေ့ရှိပါက ထိရောက်စွာ ကုသပေးနိုင်ရေးအတွက် အသင့်အနေထားရှိရေး ပြင်ဆင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ သံသယလူနာ(၄)ဦး သို့မဟုတ် (၅)ဦးခန့် တစ်ပြိုင်နက်တွေ့ရှိပါက မည်ကဲ့သို့ဆောင်ရွက်မည်ကို အစမ်းလေ့ကျင့်ခြင်း (Table Top Exercise) တို့ကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှု ဆိုင်ရာဌာနကလည်း COVID-19 ရောဂါကို နေ့ချင်းဓာတ်ခွဲစစ်ဆေးပေးလျက်ရှိပြီး ယနေ့အချိန်ထိ စောင့်ကြည့်လူနာ (၅၀)ဦးကို စစ်ဆေးပေးခဲ့ကာ ရောဂါပိုးတွေ့ရှိသူ မရှိသေးပါကြောင်း၊ စင်ကာပူနိုင်ငံမှ ပေးအပ်လှူဒါန်းသော COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရန်အတွက် လူနာအယောက် (၃၀၀၀)အတွက် ဓာတ်ခွဲပစ္စည်းများ ယနေ့ ရရှိမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဗဟိုကော်မတီ အတွင်းရေးမှူး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ပါမောက္ခဒေါက်တာ သက်ခိုင်ဝင်းက ကမ္ဘာ့နိုင်ငံများတွင် COVID-19 ရောဂါဖြစ်ပွားသေဆုံးမှု အခြေအနေများ၊ မြန်မာနိုင်ငံတွင် သံသယ/စောင့်ကြည့်လူနာများ တွေ့ရှိကုသပေးနေမှုအခြေအနေများ၊ ပထမအကြိမ် ဗဟိုကော်မတီ၏ ဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများအား ဆုံးဖြတ်ချက်ပေးရမည့် ကိစ္စရပ်များနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ကိုယ်စားလှယ်များက 2019 Novel Coronavirus (COVID-19)ကြောင့် ဖြစ်ပွားသော အဆုတ်ရောင်ရောဂါ ကာကွယ် ထိန်းချုပ်ရေးနှင့် ရောဂါစောင့်ကြပ် ကြည့်ရှုရေးလုပ်ငန်းများတွင် လေကြောင်းလိုင်းများ ပျံသန်းနေမှုအခြေအနေ၊ ရောဂါဖြစ်ပွားရာ နိုင်ငံများမှ မြန်မာနိုင်ငံသို့ လာရောက်မည့် နိုင်ငံခြားသားခရီးသွားများအား ပြည်ဝင်ခွင့် စိစစ်ဆောင်ရွက်ပေးနေမှု အခြေအနေ၊ လူစုလူဝေးဖြင့် ပြုလုပ်သည့် ပွဲလမ်းသဘင်များ ကျင်းပခြင်းကို ရှောင်ကြဉ်ရေးနှင့် မဖြစ်မနေ ကျင်းပရမည်ဆိုပါက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် အသိပညာပေး နှိုးဆော်ချက်များနှင့်အညီ တိကျစွာ စနစ်တကျလိုက်နာဆောင်ရွက်နိုင်ရေး ပြည်သူလူထုထံ အသိပညာပေးရေးကိစ္စ၊ ရောဂါကူးစက် ပြန့်ပွားမှုနှင့်စပ်လျဉ်းသည့် သတင်းထုတ်ပြန်နိုင်ရေးနှင့် မီဒီယာများမှ တိကျမှန်ကန်သော သတင်းများအား အချိန်နှင့် တစ်ပြေးညီ ဖြန့်ဝေနိုင်ရေးအတွက် ဆောင်ရွက်နေမှုများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံရှိ တရားမဝင် မြန်မာအလုပ်သမားများ မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်နိုင်ရေး ကူညီဆောင်ရွက်နေမှုအခြေအနေများ၊ အပြည်ပြည်ဆိုင်ရာ လေဆိပ်၊ ဆိပ်ကမ်း၊ နယ်စပ် ဝင်ထွက်ပေါက်များတွင် ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း လုပ်ငန်းများအား စနစ်တကျ ဆောင်ရွက်နေမှုအခြေအနေများ စသည်တို့အပေါ် ပွင့်ပွင့်လင်းလင်း အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

**စနစ်တကျ တိုးမြှင့်ဆောင်ရွက်**

ဗဟိုကော်မတီ ဥက္ကဋ္ဌ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်က နိဂုံးချုပ်မိန့်ခွန်းပြောကြားရာတွင် လက်ရှိတွင် မြန်မာနိုင်ငံအနေဖြင့် Confirmed Case မတွေ့ရှိရသေးသော်လည်း ပေါ့ဆခြင်းမရှိဘဲ ကြိုတင်ပြင်ဆင်မှုများ၊ ကာကွယ်ထိန်းချုပ်မှုများကို စနစ်တကျ တိုးမြှင့်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ မိမိတို့အနေဖြင့်လည်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး (WHO)နှင့် International Civil Aviation Organization(ICAO)တို့၏ စည်းမျဉ်းစည်းကမ်းများနှင့် အကြံပြုချက်များနှင့်အညီ ရောဂါကာကွယ်ထိန်းချုပ်ရေး အစီအမံများကို ပိုမိုတိုးမြှင့်ဆောင်ရွက်ရန် အထူးသဖြင့် လူစုလူဝေးဖြင့် ပြုလုပ်သည့် အခမ်းအနားများ၊ ပွဲလမ်းသဘင်များကို လျှော့ချသွားရန် လိုအပ်ပါကြောင်း၊ မြန်မာပြည်သူပြည်သားများ၏ ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေးကို ရှေးရှု၍ ယင်းကူးစက်ရောဂါကို ကာကွယ်ထိန်းချုပ်ရန်အတွက် ကျန်းမာရေး၊ ကုန်သွယ်ရေး၊ ခရီးသွားလာရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အစရှိသည်တို့ကို ဘက်ပေါင်းစုံမှ စဉ်းစားသုံးသပ်လျက် ဟန်ချက်ညီမျှသည့် တုံ့ပြန်ဆောင်ရွက်မှုများ ပြုလုပ်သွားရန် လိုအပ်ကြောင်း၊ ရောဂါကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်ဆောင်ရွက်ခြင်းဖြင့် သက်ရောက်နိုင်သည့် စီးပွားရေးဆိုင်ရာထိခိုက်မှုများ ရှိနိုင်သကဲ့သို့ ရောဂါဖြစ်ပွားပါကစီးပွားရေးဆိုင်ရာ ထိခိုက်မှုကို များစွာသက်ရောက်စေနိုင်သည့်အတွက် ကျန်းမာရေးရှုထောင့်အရ ရောဂါကာကွယ် ထိန်းချုပ်ရေး အစီအမံများကို လိုက်နာပူးပေါင်း ဆောင်ရွက်ရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဗဟိုကော်မတီ ပူးတွဲဥက္ကဋ္ဌ ဒေါက်တာမြင့်ထွေးက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ယခုဗဟိုကော်မတီကို ဖွဲ့စည်းထားခြင်းသည် လူမှုရေးဝန်ကြီးများ၊ အခြားဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆွေးနွေးနိုင်သောကြောင့် အလွန်အကျိုးရှိပါကြောင်း၊ COVID-19 ရောဂါကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ အပြည်ပြည်ဆိုင်ရာ ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေ (Public Health Emergency of International Concern - PHEIC) ဟု (၃၀-၁-၂၀၂၀)ရက်နေ့တွင် ကြေညာကာ အဖွဲ့ဝင်နိုင်ငံများကို ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်ချက်(၅)ရပ်ကို ထုတ်ပြန်ကြေညာခဲ့ပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် ထိုကဲ့သို့ မကြေညာမီကပင် အဆိုပါ လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါကြောင်း။

**စာမျက်နှာ ၁၀ သို့ ❍**

# COVID-19 ရောဂါနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက် (၄-၁-၂၀၂၀ ရက်နေ့မှ ၃-၃-၂၀၂၀ ရက်နေ့ထိ)

**(၃-၃-၂၀၂၀) ရက်နေ့၊ ည (၈:၁၅) နာရီ**

၁။ **ကမ္ဘာ့နိုင်ငံများ၏ COVID-19 ရောဂါ ဖြစ်ပွားမှုအခြေအနေ**

(ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ (၃-၃-၂၀၂၀) ရက်နေ့ မြန်မာစံတော်ချိန် နံနက်(၁၁:၃၀)နာရီအချိန်ထုတ်ပြန်ချက်)

| | | | |
|---|---|---|---|
| ကမ္ဘာပေါ်တွင် ရောဂါဖြစ်ပွားနေသည့်နိုင်ငံစုစုပေါင်း | - | ၆၅ | နိုင်ငံ |
| ကမ္ဘာ့နိုင်ငံများတွင် ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | - | ၈၈,၉၄၈ | ဦး |
| ကမ္ဘာ့နိုင်ငံများတွင် သေဆုံးသူ စုစုပေါင်း | - | ၃,၀၄၃ | ဦး |

- ကမ္ဘာ့ဒေသအသီးသီးတွင် ရောဂါကူးစက်ဖြစ်ပွားသောနိုင်ငံများ ဆက်တိုက်များပြားလာခဲ့ကြောင်းနှင့် နိုင်ငံပြင်ပမှ ရောဂါကူးစက်မှု (Imported case) များသာမက နိုင်ငံတွင်း၌ပါ ရောဂါကူးစက်မှု (Local transmission) များရှိလာကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ထုတ်ပြန်ချက်များအရ သိရှိရပါသည်။
- တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြင်ပတွင် နိုင်ငံတွင်းကူးစက်မှုဖြစ်ပွားသော နိုင်ငံ(၂၆) နိုင်ငံမှာ -

| စဉ် | ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ သတ်မှတ်ထားသော ဒေသကြီးများ | နိုင်ငံ |
|---|---|---|
| ၁။ | အနောက်ပစိဖိတ်ဒေသ | - ကိုရီးယားသမ္မတနိုင်ငံ၊ ဂျပန်၊ စင်ကာပူ၊ သြစတြေးလျ၊ မလေးရှား၊ ဗီယက်နမ် |
| ၂။ | ဥရောပဒေသ | - အီတလီ၊ ဂျာမနီ ၊ ပြင်သစ်၊ စပိန်၊ အင်္ဂလန်၊ ခရိုအေးရှား၊ ဆန်မာရီနို၊ နော်ဝေ ၊ နယ်သာလန်၊ ဆွစ်ဇာလန်၊ ဂရိ၊ ဖင်လန်၊ ဒိန်းမတ် |
| ၃။ | အရှေ့တောင်အာရှဒေသ | - ထိုင်း၊ အင်ဒိုနီးရှား |
| ၄။ | အရှေ့အလယ်ပိုင်းဒေသ | - အီရန် ၊ ယူအေအီး၊ အီကွေဒေါ |
| ၅။ | အမေရိကဒေသ | - အမေရိကန်၊ ကနေဒါ |

- သို့ဖြစ်ပါ၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ (၂၈-၂-၂၀၂၀) ရက်နေ့ ထုတ်ပြန်ချက်တွင် COVID-19 ရောဂါ ကူးစက်ပြန့်ပွားနိုင်မှုအခြေအနေ (Risk Assessment) အား-
  - တရုတ်ပြည်သူ့သမ္မတနိုင်ငံ (China)၊ ဒေသတွင်းနိုင်ငံများ (Regional) နှင့် ကမ္ဘာ့နိုင်ငံများအားလုံး (Global) တွင် အလွန်မြင့်မားသည့်အဆင့် (Very High) အဖြစ် တိုးမြှင့်သတ်မှတ်ခဲ့ပါသည်။

၂။ မြန်မာနိုင်ငံ၏ COVID-19 ရောဂါဖြစ်ပွားမှုအခြေအနေ (၃-၃-၂၀၂၀) ရက်နေ့၊ ညနေ (၆:၀၀) နာရီ အချိန်ထိ

| | ဓာတ်ခွဲစစ်ဆေးမှု အခြေအနေ | | | လူနာဦးရေ စုစုပေါင်း |
|---|---|---|---|---|
| | ပိုးတွေ့ | ပိုးမတွေ့ | ဆောင်ရွက်ဆဲ | |
| စောင့်ကြည့်လူနာ | - | ၄၇ | ၄ | ၅၁ |
| သံသယလူနာ | - | ၂ | - | ၂ |
| စုစုပေါင်း | - | ၄၉ | ၄ | ၅၃ |

၃။ တိုင်းဒေသကြီး/ ပြည်နယ် အသီးသီးတွင် (၃၁-၁-၂၀၂၀) ရက်နေ့မှ (၃-၃-၂၀၂၀) ရက်နေ့အထိ သံသယလူနာနှင့်စောင့်ကြည့်လူနာတွေ့ရှိရမှု အခြေအနေများမှာ ရန်ကုန်တိုင်းဒေသကြီးတွင် (၁၉) ဦး၊ ရှမ်းပြည်နယ်တွင် (၁၃) ဦး၊ မန္တလေးတိုင်းဒေသကြီးတွင် (၉) ဦးနှင့် အခြားတိုင်းဒေသကြီး/ ပြည်နယ်များတွင် (၁၂) ဦး စုစုပေါင်း (၅၃) ဦး တို့ဖြစ်ပါသည်။

၄။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် COVID- 19 ရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများအား ဆောင်ရွက်ရာတွင်-

(က) ဆင့်ပွားကူးစက်ပျံ့နှံ့မှုများအား ကာကွယ်နိုင်ရေးအတွက် လူနာနှင့်အနီးကပ်ထိတွေ့သူများ (အတူနေမိသားစုများနှင့် ကျန်းမာရေးဝန်ထမ်းများ စသည်)ကို ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းနှင့် ဆေးရုံ၊ ဆေးခန်းများတွင် ရောဂါပိုးကူးစက်မှု ကာကွယ်ထိန်းချုပ်ခြင်းလုပ်ငန်းများအား အစဉ်တစိုက် အားဖြည့်ဆောင်ရွက်ခြင်း၊

(ခ) သံသယလူနာနှင့် စောင့်ကြည့်လူနာများအား စောစီးစွာရှာဖွေဖော်ထုတ်ခြင်း၊ သီးခြားထားရှိ ကုသခြင်းနှင့် ထိရောက်ကောင်းမွန်သည့် ကုသမှုများပေးခြင်း၊

(ဂ) ကျန်းမာရေးဝန်ထမ်းများအား မှန်ကန်ထိရောက်သည့် ရောဂါကာကွယ်ရေးလုပ်ငန်းများအား တိကျစွာဆောင်ရွက်နိုင်ရန် လုပ်ငန်းလမ်းညွှန်ချက်များအား ဖြန့်ဝေခြင်းနှင့် ပြည်သူလူထုမှ လိုက်နာဆောင်ရွက်ရမည့် လမ်းညွှန်ချက်များအား ဖြန့်ဝေခြင်း၊

(ဃ) ကမ္ဘာ့နိုင်ငံများအပါအဝင် မြန်မာနိုင်ငံ၌ လတ်တလောဖြစ်ပွားနေသော အခြေအနေများ၊ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများအား နိုင်ငံပိုင်သတင်းစာမျက်နှာများနှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ (www.mohs.gov.mm) နှင့် လူမှုကွန်ရက်စာမျက်နှာများ (https://www.facebook.com/ MinistryOfHealthAndSportsMyanmar နှင့် https://www.facebook.com/MyanmarCDC) တို့တွင် ဖော်ပြခြင်းနှင့် တစ်ပြိုင်တည်းမှာပင် ပြည်သူလူထုအကြား ပျံ့နှံ့လေ့ရှိသည့် သတင်းအမှားများအား သတင်းအမှန်များဖြင့် အချိန်နှင့်တစ်ပြေးညီ တုံ့ပြန်ဆောင်ရွက်ခြင်း၊

(င) COVID – 19 ရောဂါကြောင့် ပြည်သူလူထု၏ လူမှုစီးပွားထိခိုက်မှုများ နည်းပါးစေရန် သက်ဆိုင်ရာနီးနွယ်ဌာနများဖြင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

၅။ မြန်မာနိုင်ငံတွင် လက်ရှိအချိန်၌ COVID-19 ရောဂါ ဖြစ်ပွားသူ လူနာမတွေ့ရှိသေးသော်လည်း

- ရောဂါစတင်ဖြစ်ပွားသော တရုတ်ပြည်သူ့သမ္မတနိုင်ငံအပြင် စင်ကာပူနိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံ၊ အီတလီနိုင်ငံနှင့် အီရန်နိုင်ငံတို့၌ အရှိန်အဟုန်ဖြင့် ရောဂါကူးစက်ဖြစ်ပွားလျက်ရှိသည်ကို သိရှိရပါသည်။
- အဆိုပါနိုင်ငံများမှခရီးသည်များသည် လေကြောင်းခရီးဖြင့် တိုက်ရိုက်သော်လည်းကောင်း၊ အခြားနိုင်ငံများတွင် ခေတ္တရပ်နားဖြတ်သန်းပြီးသော်လည်းကောင်း မြန်မာနိုင်ငံသို့ ဝင်ရောက်နိုင်သည့် အခြေအနေများစွာရှိနေပါသည်။
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် အပြည်ပြည်ဆိုင်ရာလေဆိပ်များ၌ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို နီးနွယ်ဝန်ကြီးဌာနများနှင့်ပူးပေါင်းကာ အထူးအားဖြည့်၍ ဆောင်ရွက်လျက်ရှိပါသည်။
- အပြည်ပြည်ဆိုင်ရာဝင်ပေါက်များမှ သံသယရောဂါလက္ခဏာရှိသူများ မဝင်ရောက်နိုင်စေရန် ထိန်းချုပ်ဆောင်ရွက်နေသကဲ့သို့ နိုင်ငံတကာခရီးသည်များ တည်းခိုနေထိုင်မည့် ဟိုတယ်၊ တည်းခိုခန်းနှင့် အိမ်များ၌ ရောဂါစောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများ ဆောင်ရွက်မှုမှာ အရေးကြီးသည့် အချက်တစ်ချက်ဖြစ်ပါသည်။
- COVID-19 ရောဂါလူနာများနှင့် အနီးကပ်ထိတွေ့ခဲ့ခြင်းမရှိသူ (သို့မဟုတ်) ရောဂါဖြစ်ပွားရာ ဒေသ၊ နိုင်ငံများသို့ လတ်တလောသွားရောက်ခဲ့သော ခရီးသွားရာဇဝင်မရှိသူများတွင်လည်း ရောဂါကူးစက်ဖြစ်ပွားမှုဖြစ်စဉ် (နိုင်ငံတွင်းရောဂါကူးစက်မှု - Local transmission) များအား နိုင်ငံအချို့တွင် တွေ့ရှိနေရပါသည်။
- လူစုလူဝေးများသောနေရာများတွင် COVID-19 ရောဂါဖြစ်ပွားသူ (သို့မဟုတ်) ရောဂါလက္ခဏာမပြသေးသော်လည်း ရောဂါရှိသူ (asymptomatic carrier) တစ်ဦးထံမှ အခြားသူများထံသို့ ရောဂါကူးစက်ပြန့်ပွားနိုင်ပါသည်။

၆။ မြန်မာနိုင်ငံတွင်လည်း ရောဂါဖြစ်ပွားသူအများအပြား ရုတ်တရက် တစ်ပြိုင်နက် တွေ့ရှိလာနိုင်ပြီး ပြည်သူများအတွင်း၌ ကူးစက်ဖြစ်ပွားနိုင်ခြင်းတို့ကြောင့် ပြည်သူများနှင့် လူမှုရေးအဖွဲ့အစည်းများအနေဖြင့် -

(က) ယခုကာလအတွင်း လူစုလူဝေးများပြားရာနေရာများနှင့် ပွဲလမ်းသဘင်ရှိရာနေရာများကို အတတ်နိုင်ဆုံးရှောင်ကြဉ်ကြပါရန်၊

(ခ) အခြေအနေ အကြောင်းကြောင်းကြောင့် မဖြစ်မနေကျင်းပရမည့် လူစုလူဝေးနှင့် ပွဲလမ်းသဘင်များကိုသာ ပြုလုပ်ကြပါရန်နှင့်

(ဂ) အကယ်၍ ထိုသို့ မလွှဲမရှောင်သာကျင်းပရပါက တက်ရောက်သည့်လူအရေအတွက် နည်းနိုင်သမျှနည်းပါးစေရန်နှင့် ဖျားနာသူများနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါရှိသူများ မလာရောက်စေရေး အစီအမံများ တင်းကျပ်စွာပြုလုပ်ရမည့်အပြင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ရောဂါကာကွယ်ရေး ကျန်းမာရေးအသိပညာပေး နှိုးဆော်ချက်များကိုလည်း တိကျစွာ စနစ်တကျလိုက်နာဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်ပန်ကြားအပ်ပါသည်။ **ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

○ စာမျက်နှာ ၉ မှ

ထို့ပြင် ကမ္ဘာ့ကျန်းမာရေးပညာရှင်များ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ သွားရောက်လေ့လာပြီးနောက် ထုတ်ပြန်ကြေညာချက်တွင်ပါရှိသော ရောဂါမဖြစ်ပွားသေးသည့် နိုင်ငံများ ဆောင်ရွက်ရမည့်လုပ်ငန်း (၅)ရပ်ကိုလည်း ဝန်ကြီးဌာနအနေဖြင့် ကြိုတင်ဆောင်ရွက်ထားခဲ့ပါကြောင်း၊ ပြည်တွင်း/ ပြည်ပ လေကြောင်းခရီးစဉ်များတွင် လေယာဉ်ကို ပိုးသန့်စင်ခြင်းလုပ်ငန်း (Disinfection)ကို ပျံသန်းသည့် အချိန်နာရီပေါ်မူတည်၍ ပြုလုပ်ခြင်းမျိုး မဟုတ်ဘဲ ပျံသန်းသည့် ခရီးစဉ်တစ်ခုပြီးတိုင်း ဆောင်ရွက်စေလိုပါကြောင်း၊ လေယာဉ်ပေါ်တွင် သံသယလူနာ(၁)ဦး ပါရှိလာပါက ရောဂါပိုးများသည် အဆိုပါလေယာဉ်တွင် ကျန်ရှိနိုင်ပြီး အခြားသူများကို ကူးစက်နိုင်ခြေ မြင့်မားသောကြောင့် ဤကဲ့သို့ ပိုးသန့်စင်ခြင်းလုပ်ငန်းကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ သက်ဆိုင်ရာလေကြောင်းဌာနသို့ ဆက်သွယ်ညှိနှိုင်းကာ ပိုးသန့်စင်ခြင်း အထောက်အထား လက်မှတ် (disinfection certificate) ကို တောင်းယူစေလိုပါကြောင်း၊ ပြည်တွင်းလေကြောင်းများ၌လည်း ပိုးသန့်စင်ခြင်းလုပ်ငန်းများကို စနစ်တကျဆောင်ရွက်စေလိုပါကြောင်း၊ COVID-19 ရောဂါသည် တိရစ္ဆာန်မှတစ်ဆင့် ကူးစက်တတ်သောရောဂါ (zoonosis) တစ်မျိုးဖြစ်၍ ဝန်ကြီးဌာနအနေဖြင့် သားသတ်ရုံများကို တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ စနစ်တကျကြီးကြပ်ပေးရန် သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်ဝန်ကြီးချုပ်များထံ အကြောင်းကြားခဲ့ပြီးဖြစ်ပါကြောင်းနှင့် လူမှုရေးဝန်ကြီးများကလည်း ကြီးကြပ်လမ်းညွှန်ပေးစေလိုပါကြောင်း။

မိမိအနေဖြင့် အကြံပြုလိုသည်မှာ အစည်းအဝေးများ၊ အလုပ်ရုံဆွေးနွေးပွဲများပြုလုပ်သည့်အခါ လေဝင်လေထွက်ကောင်းစေရန်အတွက် အလုံပိတ်အခန်းများတွင် မပြုလုပ်စေဘဲ တံခါးများ၊ ပြတင်းပေါက်များကို တတ်နိုင်သမျှ ဖွင့်ထားစေလိုပါကြောင်း၊ မိမိတို့ အနေဖြင့် ယခုအချိန်ကာလတွင် COVID-19 ရောဂါဖြစ်ပွားမှုမရှိသေးသော်လည်း ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို ပြင်းပြင်းထန်ထန် တင်းတင်းကျပ်ကျပ် အရေးယူဆောင်ရွက်ခြင်း (Aggressive actions) များ ဆောင်ရွက်ရန်လိုအပ်ပြီး သတင်းများကို ထိမ်ချန်မှုမရှိဘဲ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်သွားရန် အရေးကြီးပါကြောင်း၊ ယခုအချိန်တွင် အရပ်ဘက်ဆေးရုံများနှင့် တပ်မတော်ဆေးရုံများအကြား ပူးပေါင်းလုပ်ဆောင်ရန် လိုအပ်ပါကြောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ COVID-19 ရောဂါနှင့်ပတ်သက်၍ လုပ်ငန်းလမ်းညွှန်ချက်များ၊ လုပ်ထုံးလုပ်နည်းများ၊ ထုတ်ပြန်ကြေညာချက်များကို ဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာတွင် ဝင်ရောက်ကြည့်ရှုရယူနိုင်ပါကြောင်း။

အမျိုးသားကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာနမှ စောင့်ကြည့်လူနာ(၅၀)ကို COVID-19 ရောဂါ ပိုး ရှိ/မရှိ စစ်ဆေးခဲ့ရာ ယခုအချိန်ထိ ရောဂါပိုးရှိသူ တစ်ဦးမျှ မတွေ့ရှိရသေးဘဲ ဓာတ်ခွဲအဖြေများသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ရည်ညွှန်းဓာတ်ခွဲခန်းတစ်ခုဖြစ်သော ထိုင်းနိုင်ငံရှိ ဓာတ်ခွဲခန်းအဖြေများနှင့် ကိုက်ညီမှုရှိကြောင်းကို တွေ့ရှိရပါကြောင်း၊ ဓာတ်ခွဲစစ်ဆေးသော PCR စက်များသည် ဝန်ကြီးဌာနတွင် ယခင်ကတည်းက ရှိသော်လည်း COVID-19 ရောဂါပိုးအတွက် သီးသန့် Primer နှင့် Probe များ ဓာတ်ခွဲပစ္စည်းများမရှိသောကြောင့် ယခင်က မစစ်ဆေးနိုင်ခဲ့သော်လည်း အဆိုပါဓာတ်ခွဲပစ္စည်းများကို ဂျပန်နိုင်ငံမှ ရရှိပြီးနောက် ယခုအခါ စစ်ဆေးနိုင်မည်ဖြစ်ပါကြောင်း၊ ယခုအခါတွင် ရောဂါဖြစ်ပွားကူးစက်နိုင်သော နိုင်ငံအနေဖြင့် တရုတ်နိုင်ငံနှင့် အခြားနိုင်ငံများဟူ၍ ခွဲခြားမစဉ်းစားသင့်တော့ပါကြောင်း၊ သတင်းအချက်အလက်များကို လွတ်လပ်စွာ မျှဝေရယူခြင်း (Free Flow of Information) ရှိရန် အရေးကြီးပါကြောင်း၊ လေယာဉ်များပေါ်တွင် လက်သန့်စင်ပိုးသတ်ဆေးရည်ပုလင်းများ (Hand Sanitizer) များ အလွယ်တကူရယူသုံးစွဲနိုင်ရန် စီစဉ်ပေးစေလိုပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ရောဂါကူးစက်ဖြစ်ပွားနေသော နိုင်ငံများမှ ပြန်လည်ရောက်ရှိလာသူများ (သို့မဟုတ်) ဓာတ်ခွဲအတည်ပြု လူနာများနှင့် ထိတွေ့သူများကို အသွားအလာ ပိတ်ပင်တားမြစ်ကန့်သတ်ပြီး စောင့်ကြည့်ရန်အတွက် တောင်ဥက္ကလာပ မိခင်နှင့် ကလေးလူနာဆောင်အဆောက်အဦသစ်နှင့် လှည်းကူးကွင်းဆင်းသင်တန်းကျောင်း ပြင်ဆင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဖောင်ကြီးသင်တန်းကျောင်းတို့တွင် ထားရှိနိုင်ရန်လည်း ဆက်သွယ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

လေကြောင်းခရီးဖြင့် ဝင်ရောက်လာသည့် ခရီးသည်များအနေဖြင့် Health Declaration Form ကို ပြည့်စုံစွာ ဖြည့်စွက်ပြီးသူများကိုသာ ပြည်တွင်းသို့ ဝင်ခွင့်ပေးရန်ဖြစ်ပါကြောင်း၊ အကျဉ်းထောင်နှင့် အချုပ်များတွင်လည်း COVID-19 ရောဂါ ကာကွယ်တားဆီးရေးနှင့်ပတ်သက်၍ ဝန်ကြီးဌာနမှ အကူအညီများပေးသွားမည်ဖြစ်ပါကြောင်း၊ ဆေးရုံများအတွက် လိုအပ်သော တစ်ကိုယ်ရေရောဂါကာကွယ်ရေးပစ္စည်း (PPE)များကိုလည်း ဖြည့်ဆည်းပေးထားမည်ဖြစ်ပါကြောင်း၊ လူစုလူဝေးဖြင့် ကျင်းပမည့် ပွဲလမ်းသဘင်များ၊ အခမ်းအနားများ ကျင်းပသည့်အခါ လိုက်နာရမည့် ဆောင်ရန်၊ ရှောင်ရန်အချက်များကို Update ပြုလုပ်၍ သက်ဆိုင်ရာဌာနများ အဖွဲ့အစည်းများထံ ဖြန့်ဝေပေးသွားမည်ဖြစ်ပါကြောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် လေဆိပ်ကျန်းမာရေးဌာနခွဲ၊ လူဝင်မှုကြီးကြပ်ရေးဌာန၊ အကောက်အခွန်ဌာန၊ လေကြောင်းပို့ဆောင်ရေးနှင့် လေဆိပ်ကြီးကြပ်ရေးကော်မတီမှ ဝန်ထမ်းများသည် အပတ်စဉ်ညှိနှိုင်းဆွေးနွေးပွဲများ ပြုလုပ်လျက်ရှိပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ရောဂါကူးစက်ဖြစ်ပွားနေသော နိုင်ငံများ၌ ပြုလုပ်သည့် ကာလတိုသင်တန်းများ၊ အစည်းအဝေးများသို့ သင်တန်းသားများနှင့် ကိုယ်စားလှယ်များ မစေလွှတ်တော့ကြောင်းနှင့် အခြားဝန်ကြီးဌာနများကလည်း မလွှဲမရှောင်သာသည့် အရေးကြီးသည့် သင်တန်းများ၊ အစည်းအဝေးများမှလွဲ၍ မစေလွှတ်သင့်ပါကြောင်း ပြောကြားသည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ ဗဟိုကော်မတီဝင်များဖြစ်ကြသည့် သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ ပြည်နယ် သုံးခုနှင့် တိုင်းဒေသကြီး သုံးခုတို့၏ အစိုးရအဖွဲ့များမှ ဝန်ကြီးများ၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# မြို့တော်သာယာလှပရေးနှင့် ရေရှည်တည်တံ့သော အဆောက်အဦများအကြောင်းဟောပြော ဆွေးနွေးပွဲကျင်းပ

**ရန်ကုန်  မတ်  ၃**

မြို့တော်သာယာလှပရေးနှင့်ရေရှည်တည်တံ့သော အဆောက်အဦများအကြောင်း ဟောပြောဆွေးနွေးပွဲကို ယနေ့ မွန်းလွဲပိုင်းက ရန်ကုန်မြို့ရှိ Chatrium Hotel ၌ ကျင်းပသည်။



**အရေးကြီးသည့် အခန်းကဏ္ဍ**

ဟောပြောဆွေးနွေးပွဲတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်က တိုင်းပြည်တစ်ခု ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အညီ စီးပွားရေး၊ လူနေမှုအဆင့်အတန်း၊ ခေတ်မီတိုးတက်သော အဆောက်အဦများ စသဖြင့် တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်လာခြင်းဖြစ်ကြောင်း၊ ခေတ်မီတိုးတက်သော အဆောက်အဦများတည်ဆောက်ရာတွင် တိုးတက်လာသော ဗိသုကာပညာရပ်များ၊ ကြံ့ခိုင်သော အဆောက်အဦများ စသဖြင့် ဖွဲ့စည်းတည်ဆောက်ပြီး ရေရှည်တည်တံ့သော အဆောက်အဦကောင်းများ ဖြစ်ပေါ်လာရေးသည် အင်မတန်ပင်အရေးကြီးသည့် အခန်းကဏ္ဍတစ်ခုဖြစ်ကြောင်း၊ ခေတ်မီလှပခိုင်ခံ့သော အဆောက်အဦများ အသစ်တည်ဆောက်၊ အဟောင်းများကိုလည်း ပြုပြင်ထိန်းသိမ်းနိုင်မှုလည်း နိုင်ငံတစ်ဝန်းတိုးတက်လှပသည့် အဆောက်အဦများကို တွေ့မြင်နိုင်မည်ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရက နိုင်ငံတိုးတက်ရေးကို အားကြိုးမာန်တက် ဆောင်ရွက်နေချိန်တွင် ယခုကဲ့သို့ နည်းပညာဆွေးနွေးဖလှယ်ပွဲများ ကျင်းပခြင်းသည် အင်မတန်ကောင်းမွန်သည့် ပြယုဂ်တစ်ခုဖြစ်ကြောင်း၊ ယနေ့ဟောပြောပွဲမှတစ်ဆင့် ဗိသုကာပညာရပ်၊ တည်ဆောက်ရေးနှင့် သံနှင့်သံမဏိ စသည့် နည်းပညာ၊ စံချိန်စံညွှန်းများနှင့် အတွေ့အကြုံများကို လက်ဆင့်ကမ်း ဝေမျှပြန့်ပွားစေပြီး နိုင်ငံတော်အတွက် ခေတ်မီလှပ ရေရှည်တည်တံ့သော အဆောက်အဦများ ဆောက်လုပ်ရာတွင် မျိုးဆက်သစ်အင်ဂျင်နီယာများကို ပြုစုပျိုးထောင်ပေးရန်အထူးပင်လိုအပ်ပါကြောင်း။

အဆောက်အဦ၊ လမ်း၊ တံတား၊ စက်ရုံ၊ အလုပ်ရုံနှင့် မည်သည့် တည်ဆောက်ရေးလုပ်ငန်းစဉ်တွင်မဆို တည်ဆောက်နေစဉ်မှစ၍ ရေရှည်တည်တံ့ခိုင်မြဲရန် အထူးပင်အရေးကြီးကြောင်း ပြောကြားလိုပါကြောင်း၊ ယနေ့အချိန်အခါတွင် သဘာဝဘေးအန္တရာယ်များဖြစ်သည့် ရေကြီးခြင်း၊ မြေပြိုခြင်း၊ ငလျင်ဒဏ်၊ လေပြင်းမုန်တိုင်းများ တိုက်ခတ်ခြင်း၊ မိုးသီးမိုးပေါက်များ ကျဆင်းခြင်း စသည်တို့ကို နိုင်ငံတကာတွင် ရင်ဆိုင်ကြုံတွေ့နေကြရပြီး အဆိုပါအခြေအနေတွင် မိမိတို့နေထိုင်သည့် အဆောက်အဦ၏ ကြံ့ခိုင်မှုသည် အင်မတန်မှအရေးကြီးပါကြောင်း။

**အကာအကွယ်ပြုနိုင်မည်**

ကြံ့ခိုင်သောအမိုးအကာ အဆောက်အဦတို့သည် သဘာဝဘေးအန္တရာယ်ကျရောက်ခြင်း၊ ပျက်စီးဆုံးရှုံးခြင်းများမှ အထိုက်အလျောက် အကာအကွယ်ပြုနိုင်မည်ဖြစ်ပါကြောင်း၊ ထိုကဲ့သို့ ကြံ့ခိုင်မှုအပိုင်း၊ သဘာဝဘေးအန္တရာယ်ခံနိုင်မှုအပိုင်းတို့တွင် အားနည်းခဲ့သော အဆောက်အဦများကို ဒီဇိုင်းပိုင်း၊ တည်ဆောက်ရေးနှင့် သုံးစွဲသောပစ္စည်းများ၏ စံချိန်စံညွှန်း အရည်အသွေး စသည်တို့ကို ပူးပေါင်းလေ့လာ အဖြေရှာပြီး နောင်အလားတူ အဆောက်အဦ၊ စက်ရုံ၊ အလုပ်ရုံ အမိုးအကာများ တည်ဆောက်ရာမှာ ပိုမိုကောင်းမွန်ပြီး တည်တံ့ခိုင်မြဲအောင် လုပ်ဆောင်ရာတွင် အဖြေကောင်းများ ရှာဖွေနိုင်ရန်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက မြို့တော်သာယာလှပဖွံ့ဖြိုးရေးနှင့် ပတ်သက်၍ အမှာစကားပြောကြားပြီး ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးက မြို့တော်အင်္ဂါရပ်နှင့်အညီ ရေရှည်တည်တံ့ခိုင်မြဲသော အဆောက်အဦကောင်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ် ဥက္ကဋ္ဌ ဦးအောင်မြင့်က ဆွေးနွေးပွဲပြုလုပ်ရခြင်း ရည်ရွယ်ချက်ကိုရှင်းလင်းပြောကြားပြီး JFE MERANTI Myanmar မှ အမှုဆောင်အရာရှိချုပ် Dr. Sebastian Langendorf က ဆွေးနွေးပွဲပြုလုပ်ရခြင်းနှင့်စပ်လျဉ်း၍ ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ်၊ မြန်မာနိုင်ငံ ဗိသုကာအသင်း၊ မြန်မာနိုင်ငံ သံနှင့် သံမဏိအသင်းတို့မှ တာဝန်ရှိသူများက မြို့တော်သာယာလှပရေးနှင့် ရေရှည်တည်တံ့သော အဆောက်အဦများအကြောင်းနှင့် စပ်လျဉ်း၍ နည်းပညာပိုင်းဆိုင်ရာများကို ဟောပြောဆွေးနွေးကြသည်။

**ရည်ရွယ်ကျင်းပ**

ယနေ့ ဟောပြောဆွေးနွေးပွဲကို JFE MERANTI Myanmar ကုမ္ပဏီ၏ ပံ့ပိုးကူညီမှုဖြင့် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ်၊ မြန်မာနိုင်ငံ ဗိသုကာအသင်းနှင့် မြန်မာနိုင်ငံ သံနှင့် သံမဏိအသင်းတို့ပူးပေါင်းကာ မြို့တော်သာယာလှပရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲသော အဆောက်အဦများ ဖြစ်ပေါ်လာစေရေးတို့အတွက် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

ဟောပြောဆွေးနွေးပွဲသို့ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း၊ မြန်မာနိုင်ငံ ဗိသုကာကောင်စီ၊ မြန်မာနိုင်ငံဗိသုကာအသင်း၊ မြန်မာနိုင်ငံ သံနှင့်သံမဏိအသင်း၊ မြန်မာနိုင်ငံ ဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်းနှင့် မြန်မာနိုင်ငံ စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းတို့မှ တာဝန်ရှိသူများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များနှင့်ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**သတင်း-ဇော်ကြီး၊ ဓာတ်ပုံ-ဖေဇော်**

## COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

**(၃-၃-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ကမ္ဘာ့နိုင်ငံ (၆၄) နိုင်ငံတွင် ကူးစက်ပျံ့နှံ့လျက်ရှိသည့် COVID-19 ရောဂါဖြစ်ပွားမှုဖြစ်စဉ်နှင့်ပတ်သက်၍ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများအား အပြည်ပြည်ဆိုင်ရာ ဝင်ပေါက်၊ ထွက်ပေါက်ဂိတ်များတွင်လည်းကောင်း၊ ဆေးရုံအခြေပြုအဖြစ်လည်းကောင်း၊ ပြည်သူလူထုအခြေပြု စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများဖြင့်လည်းကောင်း၊ ပုဂ္ဂလိကဆေးရုံများနှင့် ပူးပေါင်း၍လည်းကောင်း ဆောင်ရွက်လျက်ရှိပါသည်။

၂။ ထိုသို့ဆောင်ရွက်ရာတွင် -

(က) စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့တွင် နေထိုင်သော အသက် (၂၄) နှစ်အရွယ် အမျိုးသားတစ်ဦးသည် (၂၉-၂-၂၀၂၀) ရက်နေ့မှစတင်၍ ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ ရင်ဘတ်အောင့်ခြင်းနှင့် မောပန်းခြင်းစသည့် ရောဂါလက္ခဏာများဖြင့် မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးသို့ (၁-၃-၂၀၂၀) ရက်နေ့တွင် တက်ရောက်ကုသမှုခံယူခဲ့ရာ လူနာအား စမ်းသပ်စစ်ဆေးချက်များအရ လွန်ခဲ့သော (၁၄) ရက်အတွင်း ရောဂါကူးစက်ဖြစ်ပွားလျက်ရှိသောဒေသများသို့ ခရီးသွားရာဇဝင်မရှိသော်လည်း COVID-19 ရောဂါ သံသယလက္ခဏာများတွေ့ရှိခဲ့ရသဖြင့် (၂-၃-၂၀၂၀) ရက်နေ့၊ ညနေ (၆ : ၃၀) နာရီအချိန်တွင် မန္တလေးမြို့၊ ကန်တော်နဒီဆေးရုံသို့ ညွှန်းပို့ခဲ့ပါသည်။ အဆိုပါလူနာအား စောင့်ကြည့်လူနာ (Person Under Investigation – PUI) အဖြစ် သတ်မှတ်၍ သီးခြားထားရှိ ကုသမှုပေးလျက်ရှိပြီး ဓာတ်ခွဲနမူနာရယူ၍ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်)သို့ ပေးပို့စစ်ဆေးရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

(ခ) ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်ရှိ စက်ရုံတစ်ရုံတွင် အလုပ်လုပ်ကိုင်လျက်ရှိသော အသက် (၂၅) နှစ်အရွယ် တရုတ်ပြည်သူ့သမ္မတနိုင်ငံသား အမျိုးသမီးတစ်ဦးသည် (၂၀-၂-၂၀၂၀) ရက်နေ့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကျဲ့ကျန်း (Zhejiang) ပြည်နယ်မှ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာခဲ့ပြီး (၁-၃-၂၀၂၀) ရက်နေ့မှစတင်၍ ဖျားခြင်း၊ ခေါင်းကိုက်ခြင်း၊ ကိုယ်လက်မအီမသာဖြစ်ခြင်းနှင့် ပြင်းထန်စွာနုံးခွေခြင်း စသည့်ရောဂါလက္ခဏာများ ခံစားခဲ့ရသဖြင့် (၃-၃-၂၀၂၀) ရက်နေ့တွင် ဝေဘာဂီအထူးကုဆေးရုံကြီး၊ ပြင်ပလူနာဌာနသို့ လာရောက်ပြသခဲ့ရာ စမ်းသပ်စစ်ဆေးမှုများအရ COVID-19 ရောဂါ သံသယလက္ခဏာများတွေ့ရှိခဲ့ရသဖြင့် စောင့်ကြည့်လူနာ (PUI) အဖြစ် သတ်မှတ်၍ သီးခြားထားရှိကုသမှုပေးလျက်ရှိပြီး ၎င်းထံမှ ဓာတ်ခွဲနမူနာရယူ၍ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်)သို့ ပေးပို့စစ်ဆေးရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

(ဂ) ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်ရှိ စက်ရုံတစ်ရုံတွင် အလုပ်လုပ်ကိုင်လျက်ရှိသော အသက် (၃၈) နှစ်အရွယ် တရုတ်ပြည်သူ့သမ္မတနိုင်ငံသား၊ အမျိုးသားတစ်ဦးသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကျဲ့ကျန်း (Zhejiang) ပြည်နယ်မှ (၁၁-၂-၂၀၂၀) ရက်နေ့တွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့ပြီး (၂-၃-၂၀၂၀) ရက်နေ့မှ စတင်၍ ဖျားခြင်း၊ ခေါင်းကိုက်ခြင်း ကိုယ်လက်မအီမသာဖြစ်ခြင်းနှင့် ပြင်းထန်စွာနုံးခွေခြင်းတို့ခံစားခဲ့ရသဖြင့် (၃-၃-၂၀၂၀) ရက်နေ့တွင် ဝေဘာဂီအထူးကုဆေးရုံကြီး၊ ပြင်ပလူနာဌာနသို့ လာရောက်ပြသခဲ့ရာ စမ်းသပ်စစ်ဆေးမှုများအရ COVID-19 ရောဂါ သံသယလက္ခဏာများ တွေ့ရှိခဲ့ရသဖြင့် စောင့်ကြည့်လူနာ (PUI) အဖြစ်သတ်မှတ်၍ သီးခြားထားရှိ ကုသမှုပေးလျက်ရှိပြီး ၎င်းထံမှ ဓာတ်ခွဲနမူနာရယူ၍ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) သို့ ပေးပို့စစ်ဆေးရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

(ဃ) တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ယူနန်ပြည်နယ်၊ ဂျယ်ခေါင်မြို့တွင် နေထိုင်သော အသက် (၉) နှစ်အရွယ် ဒုတိယတန်းကျောင်းသားတစ်ဦးသည် ဂျယ်ခေါင်မြို့မှ မူဆယ်မြို့သို့ နေ့စဉ်ကျောင်းတက်ရန် လာရောက်လျက်ရှိပြီး (၃-၃-၂၀၂၀) ရက်နေ့တွင် ဂျယ်ခေါင်မြို့မှ မူဆယ်မြို့သို့ လာရောက်စဉ် မူဆယ်နယ်စပ် ဝင်ထွက်ဂိတ်၌ အဖျားစစ်ဆေးရာ ဖျားခြင်း၊ လည်ချောင်းနာခြင်း ရောဂါလက္ခဏာများတွေ့ရှိရသဖြင့် မူဆယ်မြို့နယ် ပြည်သူ့ဆေးရုံတွင် စောင့်ကြည့်လူနာ (PUI) အဖြစ်သတ်မှတ်၍ သီးခြားထားရှိ ကုသမှုပေးလျက်ရှိပြီး ၎င်းထံမှ ဓာတ်ခွဲနမူနာရယူ၍ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်)သို့ ပေးပို့စစ်ဆေးရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ ၎င်းအားစစ်ဆေးရာတွင် လတ်တလော ပြင်းထန်အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာများ မတွေ့ရှိရပါ။

၃။ (၃-၃-၂၀၂၀) ရက်နေ့၊ ညနေပိုင်းတွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) ၏ ပြန်ကြားချက်အရ သက်ဆိုင်ရာဆေးရုံများတွင် စောင့်ကြပ်ကြည့်ရှုကုသမှုပေးလျက်ရှိသော -

(က) ဝေဘာဂီအထူးကုဆေးရုံမှ အသက် (၂၉) နှစ်အရွယ် တရုတ်ပြည်သူ့သမ္မတနိုင်ငံသား အမျိုးသား (၁) ဦး၊

(ခ) ဝေဘာဂီအထူးကုဆေးရုံမှ အသက် (၃၇) နှစ်အရွယ် နယူးဇီလန်နိုင်ငံသားအမျိုးသား (၁) ဦး၊

(ဂ) ဝေဘာဂီ အထူးကုဆေးရုံမှ အသက် (၃၂) နှစ်အရွယ် မြန်မာနိုင်ငံသားအမျိုးသား (၁) ဦးနှင့်

(ဃ) စစ်တွေပြည်သူ့ဆေးရုံကြီးမှ အသက် (၂၉) နှစ်အရွယ် မြန်မာနိုင်ငံသားအမျိုးသား (၁) ဦး၊

စုစုပေါင်း (၄) ဦးတို့၏ ဓာတ်ခွဲအဖြေများတွင် COVID-19 ဗိုင်းရပ်စ်ရောဂါပိုး မရှိပါကြောင်း (မရှိကြောင်း) စစ်ဆေးသိရှိရပါသည်။ ၎င်းတို့ (၄) ဦး၏ ကျန်းမာရေးအခြေအနေမှာလည်း ကောင်းမွန်လျက်ရှိပြီး ဆေးရုံဆင်းခွင့်သတ်မှတ်ချက်များအရ ဆေးရုံတွင် (၄၈) နာရီ ဆက်လက်ထားရှိပြီးနောက် ကျန်းမာရေးအခြေအနေကောင်းမွန်စိတ်ချရမှသာ ဆေးရုံဆင်းခွင့်ပြုမည်ဖြစ်ပါသည်။

၄။ ယနေ့ (၃-၃-၂၀၂၀) ရက်နေ့၊ ညနေ (၆ : ၀၀) နာရီအချိန်အထိ ကျန်လူနာ (၄) ဦးအား သက်ဆိုင်ရာ ဆေးရုံများတွင် ဆက်လက်စောင့်ကြပ်ကြည့်ရှုကုသမှုပေးလျက်ရှိပြီး ၎င်းတို့၏ ကျန်းမာရေးအခြေအနေမှာ ကောင်းမွန်လျက်ရှိကြောင်း သိရှိရပါသည်။

၅။ (၂-၃-၂၀၂၀) ရက်နေ့တွင် ကိုရီးယားသမ္မတနိုင်ငံရှိ ရောဂါကူးစက်မှု အမြင့်ဆုံးမြို့ဖြစ်သော ဒယ်ဂူးမြို့မှ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာသော မြန်မာနိုင်ငံသား ကျောင်းသူ (၃) ဦးအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ရှိ Information Center မှ စစ်ဆေးတွေ့ရှိခဲ့ရသဖြင့် လက်ရှိတွင် ရောဂါလက္ခဏာတစ်စုံတစ်ရာ မတွေ့ရှိရသော်လည်း ရောဂါပျိုးရက်အတွင်း ရောဂါလက္ခဏာပေါ်ပေါက်လာပါက စောစီးစွာကုသနိုင်ရန်နှင့် ၎င်းတို့၏ မိသားစုဝင်များနှင့် အခြားသူများသို့ ကူးစက်ပြန့်ပွားမှုမရှိစေရန်အတွက် အသွားအလာတားမြစ်ကန့်သတ်ပြီး ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း (Hospital Quarantine) (၁၄) ရက်ပြုလုပ်ရန် ဝေဘာဂီအထူးကုဆေးရုံသို့ ပို့ဆောင်ထားရှိပါသည်။

၆။ (၃-၃-၂၀၂၀) ရက်နေ့အထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ မတွေ့ရှိသေးသော်လည်း ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို အရှိန်အဟုန်မြှင့်၍ ဆောင်ရွက်လျက်ရှိပါသည်။ ယခုအခါ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံအချို့ အပါအဝင် ကမ္ဘာ့နိုင်ငံ (၆၄) နိုင်ငံတွင် COVID-19 ရောဂါကူးစက်ဖြစ်ပွားလျက်ရှိသဖြင့် ပြည်သူလူထုအနေဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ရောဂါကာကွယ်ရေးဆိုင်ရာ ကျန်းမာရေးအသိပညာပေးအချက်အလက်များအား တိကျစွာလိုက်နာဆောင်ရွက်ရန် ထပ်မံတိုက်တွန်းနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

# တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**သတင်းထုတ်ပြန်ချက်အမှတ်၊ ၉ / ၂၀၂၀**
၁၃၈၁ ခုနှစ်၊ တပေါင်းလဆန်း ၁၀ ရက်
(၂၀၂၀ ပြည့်နှစ်၊ မတ်လ ၃ ရက်)

**"တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်ခြင်း"**

၁။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးအန္တရာယ်တားဆီးကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူလူထုထံမှ ပေးပို့တိုင်ကြားလာသည့် သတင်းအချက်အလက်များကို စနစ်တကျ လက်ခံရယူနိုင်ရန် **"မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန"** ကို ဤရုံးတွင် ဖွင့်လှစ်ထားရှိကြောင်း ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် အများပြည်သူသို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ **"မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန"**သို့ ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၂၉ ရက်နေ့အထိ ပေးပို့တိုင်ကြားလာသည့် မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက အောက်ပါအတိုင်း ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည်-

| စဉ် | သတင်းလက်ခံရရှိမှု | ဖော်ထုတ်ဖမ်းဆီးအရေးယူမှု |
|---|---|---|
| ၁ | ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ်၊ မမုံကျေးရွာနေ ချင်းပုသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၅-၂-၂၀၂၀ ရက်နေ့တွင် ဖားကန့်မြို့နယ်၊ မမုံကျေးရွာနေ ချင်းပု(ခ) ဆန်းဝင်း(၄၃)နှစ်၊ (ဘ)ဦးမောင်သဲ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ တစ်ရွာတည်းနေ သန်းနိုင် (၅၃)နှစ်၊ (ဘ)ဦးဖြူညွန့်ဦး၊ ငွေးရွှေ(၅၆)နှစ်၊ (ဘ)ဦးဆိုးပေ၊ ဂန်ခါကျေးရွာနေ ဇော်လင်း(၃၈)နှစ်၊ (ဘ)ဦးရထွန်း၊ ဖားပြင်ကျေးရွာနေ ထွန်းနိုင်(၄၇)နှစ်၊ (ဘ)ဦးသန်းညွန့်တို့(၅)ဦးအား ဘိန်းဖြူများနှင့်အတူဖမ်းဆီးရမိသဖြင့် မမစ (ဖားကန့်) မယ (ပ) ၃၇/၂၀၂၀၊ မူး/ စိတ်ပုဒ်မ ၁၆(ဂ)/၂၀(က)/၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၂ | စစ်ကိုင်းတိုင်းဒေသကြီး၊ ဖောင်းပြင်မြို့နယ်၊ ရွာသာကျေးရွာနေ မမြအေးသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၆-၂-၂၀၂၀ ရက်နေ့တွင် ဖောင်းပြင်မြို့နယ်၊ ရွာသာကျေးရွာနေ မမြအေး (၃၉)နှစ်၊ (ဘ)ဦးလူကျော်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ဖောင်းပြင်)မယ(ပ)၃၉/၂၀၂၀၊ မူး/ စိတ်ပုဒ်မ၁၆(ဂ)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၃ | စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မြို့နယ်၊ မြတောင်ကျေးရွာနေဝင်းမြင့်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၆-၂-၂၀၂၀ ရက်နေ့တွင် ထီးချိုင့်မြို့နယ်၊ မြတောင်ကျေးရွာ အရှေ့ဘက် ဆည်ကြီးချောင်းဘေးရှိ ချုံအတွင်း၌ ၎င်းကျေးရွာနေ ဝင်းမြင့်(၅၂)နှစ်၊ (ဘ)ဦးသိန်းအောင်နှင့် မြင့်လွင်(၅၂) နှစ်၊ (ဘ)ဦးမဲညိုတို့(၂)ဦးအား ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ထီးချိုင့်)မယ(ပ)၁၈/ ၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၄ | တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ်၊ စလွန်းကျေးရွာနေ မျိုးမြင့်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၃-၂-၂၀၂၀ ရက်နေ့တွင် မြိတ်မြို့နယ်၊ စလွန်းကျေးရွာနေ မျိုးမြင့်(၄၈) နှစ်၊ (ဘ)ဦးစံတင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(မြိတ်) မယ(ပ) ၃၇/၂၀၂၀၊ မူး/စိတ် ပုဒ်မ ၁၆(ဂ)/၂၀(က) /၂၂(ခ)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၅ | တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံးမြို့နယ်၊ တီဇစ်ကျေးရွာနေ ခေါင်းကြီးသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၅-၂-၂၀၂၀ ရက်နေ့တွင် လောင်းလုံးမြို့နယ်၊ တီဇစ်ကျေးရွာအနီး ဒီရေတောအတွင်း၌ ၎င်းကျေးရွာနေ အောင်သန်းစိုး(ခ)ခေါင်းကြီး(၂၀)နှစ်၊ (ဘ)ဦးအောင်သန်းအား WY စာတန်းပါ စိတ်ကြွဆေးပြားများ၊ လက်လုပ်လေသေနတ် (၁)လက်တို့နှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(လောင်းလုံး) မယ(ပ)၆/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉ (က)/၂၀(က)/၂၂ (ခ)/ ၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၆ | မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့နယ်၊ အင်းနက်ကျေးရွာအတွင်း မူးယစ်ဆေးဝါး ဖြန့်ဖြူးရောင်းချသုံးစွဲမှုများ ပေါများနေကြောင်း သတင်းပေးပို့ခြင်း။ | ယခင်သီတင်းပတ်၌ အမှု(၂)မှုဖော်ထုတ်နိုင်ခဲ့ပြီး တရားခံ ကျား(၂)ဦး၊ မ(၂)ဦး၊ ပေါင်း(၄)ဦးအား စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိပြီး ဥပဒေနှင့်အညီ အမှုဖွင့် အရေးယူထားကြောင်း သတင်းထုတ်ပြန်ပြီးဖြစ်ပါသည်။<br>၂၃-၂-၂၀၂၀ ရက်နေ့တွင် ယခင်ဖမ်းဆီးရမိမှုများမှ ကွင်းဆက် သတင်းအရ သပိတ်ကျင်းမြို့နယ်၊ အင်းနက်ကျေးရွာ၊ နီကယ်ဆိပ်ကမ်းလမ်းပေါ်၌ ထီးချိုင့်မြို့နယ်၊ မောင်းကုန်းကျေးရွာနေ မျိုးဇော်ထက်(၂၀)နှစ်၊(ဘ) ဦးမောင်ညွန့်နှင့်ဇော်မင်း(၃၅)နှစ်၊ (ဘ)ဦးငွေးဝင်းတို့(၂)ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ (တကောင်း)မယ(ပ)၃/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၁ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၇ | မန္တလေးတိုင်းဒေသကြီး၊ တကောင်းမြို့၊ အမှတ်(၃)ရပ်ကွက်နေ ဆန်းကိုသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၆-၂-၂၀၂၀ ရက်နေ့တွင် တကောင်းမြို့၊ အမှတ် (၃) ရပ်ကွက်နေ ဆန်းကို (၄၅)နှစ်၊ (ဘ) ဦးမောင်တင်၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ (တကောင်း) မယ (ပ)၄/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၀(က)ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၈ | မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ ကဒုံစီး ရပ်ကွက်နေ တရုတ်ပုသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၄-၂-၂၀၂၀ ရက်နေ့တွင် ပေါင်မြို့နယ်၊ ကဒုံစီး ရပ်ကွက်နေ တရုတ်ပု(ခ) စိုးမင်းလတ်(၄၂)နှစ်၊(ဘ)ဦးတင်ညွန့်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY နှင့် R စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ပေါင်) မယ(ပ)၅/၂၀၂၀၊ မူး/ စိတ်ပုဒ်မ ၁၉(က)/၂၀ (က)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၉ | ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ သရက်တော(တောင်) ရပ်ကွက်နေ ဒေါ်ဝေဝေသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၆-၂-၂၀၂၀ ရက်နေ့တွင် ကြည့်မြင်တိုင်မြို့နယ်၊ သရက်တော (တောင်) ရပ်ကွက်နေ ဒေါ်ဝေဝေ (ခ)တင်တင်ဝေ (၃၆)နှစ်၊ (ဘ)ဦးဖိုးနီ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ကြည့်မြင်တိုင်)မယ(ပ)၂/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၀ | ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မဘိမ်းမြို့နယ်၊ မိုးလုံးကျေးရွာနေ စံမြင့်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၄-၂-၂၀၂၀ ရက်နေ့တွင် မဘိမ်းမြို့နယ်၊ မိုးလုံးကျေးရွာနေ စံမြင့်(၄၄) နှစ်၊(ဘ)ဦးဝေဘင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (မဘိမ်း) မယ(ပ)၂၆/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၁ | ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ သီပေါမြို့နယ်၊ နမ့်လန်ကျေးရွာနေ တင်မျိုးဝင်း(ခ)ရွှေအ သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၆-၂-၂၀၂၀ ရက်နေ့တွင် သီပေါမြို့နယ်၊ နမ့်လန်ကျေးရွာနေ တင်မျိုးဝင်း (ခ)ရွှေအ(၃၆)နှစ်၊(ဘ)ဦးချစ်စိုး၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူနေ ချက်ကြီး(၄၈)နှစ်၊ (ဘ) ဦးချစ်လှတို့(၂)ဦးအား 88/1 စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ (နမ့်လန်) မယ(ပ) ၂/ ၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၁၂ | ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ကျောက်မဲမြို့နယ်၊ အမှတ်(၉) ရပ်ကွက်၊ နယ်မြေ(၆)၊ သဖန်းဆိပ်တွင် မူးယစ်ဆေးဝါးသုံးစွဲ/ဖြန့်ဖြူးရောင်းချသူများဖြင့် စည်ကားလျက်ရှိကြောင်း သတင်းပေးပို့ခြင်း။ | ၂၆-၂-၂၀၂၀ ရက်နေ့တွင် ကျောက်မဲမြို့၊ အမှတ်(၉)ရပ်ကွက်၊ နယ်မြေ(၆)၊ သဖန်းဆိပ်အနီးလယ်ကွင်းတွင် ဟူးကွက်ကျေးရွာနေ ကျော်လူ(၄၂)နှစ်၊ (ဘ)ဦးမောင်ဆိုင်အား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ကျောက်မဲ) မယ(ပ)၁၅/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |

၃။ တိုင်ကြားလာသော သတင်းများအနက် အထက်ဖော်ပြပါ ယခုသီတင်းပတ်အတွင်း ဖော်ထုတ်ဖမ်းဆီးရမိမှုအပါအဝင် မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့သည့် ၂၆-၆-၂၀၁၈ ရက်နေ့မှ ၂၉-၂-၂၀၂၀ ရက်နေ့အထိ စုံစမ်းဖော်ထုတ်ချက်များအရ အမှုပေါင်း (၁၀၀၂)မှု ဖွင့်လှစ်အရေးယူခဲ့ပြီး တရားခံကျား(၁၂၉၀) ဦး၊ မ(၂၅၄)ဦး၊ ပေါင်း(၁၅၄၄)ဦးဖမ်းဆီးရမိခဲ့၍ ဘိန်းဖြူ(၇၆၅၆.၅၈၁၄)ဂရမ်၊ ICE(၁၃၄၇.၄၂) ဂရမ်၊ ဘိန်း(၄၀၃၃၉.၀၂၁၆၆) ဂရမ်၊ အဆင့်နိမ့်ဘိန်း (၆၆၁.၂၇)ဂရမ်၊ ဘိန်းစာမှုန့်(၅၃၂၄၂.၇၆)ဂရမ်၊ ဘိန်းစာရွက် (၁၂၀၉၇.၃၂)ဂရမ်၊ ဘိန်းစာရည်(၂.၅) လီတာ၊ စိတ်ကြွဆေးပြား (၅၀၄၉၆၂)ပြား၊ ဆေးခြောက်(၁၀၃၁၁.၄၂) ဂရမ်၊ ဘိန်းရည်(၀.၁)လီတာ၊ ဘိန်းဆီခဲ(၅၂၀.၂၈) ဂရမ်၊ ဘိန်းစေ့(၆၀)ဂရမ်၊ စိတ်ကြွဆေးပြားအကြေမှုန့်(၅၅.၄၅)ဂရမ်၊ ECSTASY အကြေ(၀.၀၀၁)ဂရမ်၊ လက်နက်မျိုးစုံ(၂၅) လက်၊ ကျည်မျိုးစုံ(၆၀၉)တောင့်၊ လက်ပစ်ဗုံး(၁)လုံးတို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် မူးယစ်ဆေးဝါးသတင်းများနှင့် ပတ်သက်၍ ဖော်ထုတ်ဖမ်းဆီးအရေးယူမှုကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပြီး ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်မှုအခြေအနေအား ဆက်လက်ထုတ်ပြန်သွားမည် ဖြစ်ပါသည်။

၄။ မူးယစ်ဆေးဝါးများ ပိုမိုဖမ်းဆီးရမိနိုင်ရေးနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များသို့ တိုင်ကြားနိုင်သည့်အပြင် ထူးခြားသည့်ကိစ္စရပ်များနှင့်ကြီးမားသည့် မူးယစ်ဆေးဝါး ရောင်း/ဝယ်မှုကိစ္စရပ်များကို နိုင်ငံတော်သမ္မတရုံး၏ **"မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန"** အောက်ဖော်ပြပါ တယ်လီဖုန်း/ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့သို့ ရုံးချိန်အတွင်း လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း ထပ်မံအသိပေးအပ်ပါသည်-

**ဆက်သွယ်ရန်-**

**အော်တိုတယ်လီဖုန်းနံပါတ်** - ၀၆၇-၃၉၀၂၀၀
**ဖက်စ်ဖုန်းနံပါတ်** - ၀၆၇-၃၉၀၂၃၃
**အီးမေးလ်လိပ်စာ** - antinarcotics@presidentoffice.gov.mm

## ဗဟန်းမြို့နယ် လူထုအခြေပြုဗဟိုဌာန၌ ဇာမဏီမြန်မာနိုင်ငံသား စွမ်းရည်မြှင့်သင်တန်းဖွင့်



ရန်ကုန် မတ် ၃

ဇာမဏီမြန်မာ အသိပညာပေးရေးအဖွဲ့အစီအစဉ်ဖြင့် ဇာမဏီမြန်မာနိုင်ငံသား စွမ်းရည်မြှင့်သင်တန်းကို ယနေ့နံနက် ၉ နာရီက ရန်ကုန်အနောက်ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဗဟန်းမြို့နယ် လူထုအခြေပြုဗဟိုဌာနတွင် ကျင်းပသည်။

**ရှင်းလင်းပြောကြား**

ရှေးဦးစွာ သင်တန်းတာဝန်ခံ ဦးသန့်ဇင်(ဇာမဏီမြန်မာ)က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကိုလည်းကောင်း၊ ဇာမဏီမြန်မာအဖွဲ့၏ နာယက ဦးလတ်(ပြည့်ဖြိုးစွမ်းအင်)က သင်တန်းနှင့်ပတ်သက်၍သိကောင်းစရာများကိုလည်းကောင်း ရှင်းလင်းပြောကြားကြသည်။

သင်တန်းတွင် သင်တန်းသား သင်တန်းသူ ၃၀ တက်ရောက်လျက်ရှိပြီး သင်တန်းကာလမှာ မတ် ၃ ရက်မှ ၅ ရက်အထိ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်သည်။

သင်တန်းတွင် ဒီမိုကရေစီနိုင်ငံသား ပြည်သူ့နီတိသင်ယူပွား၊ အခြေခံအုပ်ချုပ်ရေးပညာနှင့် နည်းပညာအခြေခံများ၊ ခေါင်းဆောင်ကောင်းနှင့် နောက်လိုက်ကောင်း၊ နိုင်ငံသားလုံခြုံရေးနှင့် လုံခြုံမှုအခြေခံများ၊ စွဲစေတတ်သောအပြုအမူများကို ဆန့်ကျင်ခြင်းနှင့် ဆန္ဒနှင့်ဘဝထုတ်ဖော်ခြင်းတို့ကို(အခမဲ့) သင်ကြားပို့ချပေးခြင်းဖြစ်ကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**

# အစ္စရေးနိုင်ငံ၏ ရွေးကောက်ပွဲတွင် လက်ရှိဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟု အနိုင်ရ

**တဲအဗစ် မတ် ၃**

အစ္စရေးနိုင်ငံ၏ တတိယအကြိမ်မြောက် ရွေးကောက်ပွဲတွင် အဂတိလိုက်စားမှုစွဲချက်များရှိခဲ့သော်လည်း လက်ရှိဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟု အနိုင်ရခဲ့သည်။ တနင်္လာနေ့တွင် ကျင်းပခဲ့သော ရွေးကောက်ပွဲအတွင်း လက်ယာစွန်းရောက် ဘင်ဂျမင်နေတန်ယာဟု အနိုင်ရခြင်းဖြင့် နေတန်ယာဟုသည် ရှုပ်ရင်းစွဲနေရာတွင်သာရှိနေပြီး အစ္စရေးအစိုးရအသစ်ဖွဲ့စည်းရေးကို ဆောင်ရွက်နိုင်တော့မည်ဖြစ်သည်။

ဇဟိုရွေးကောက်ပွဲကော်မရှင်က မိမိတို့အနေဖြင့် မဲအားလုံး၏ ၉၀ ရာခိုင်နှုန်းကို ရေတွက်ပြီးစီးခဲ့ပြီးဖြစ်ကြောင်း၊ ကိုယ်စားလှယ်ဦးရေ ၁၂၀ ရှိသော ပါလီမန်တွင် နေတန်ယာဟု၏ လီကွတ်ပါတီက မဲ ၃၆ နေရာရရှိကြောင်း ပြောကြားခဲ့သည်။ နေတန်ယာဟု၏ ဂျူးလူမျိုးများ ပါဝင်သော ပါတီအစုအဖွဲ့အနေဖြင့် အခြားပါတီများအား မဟာမိတ်များအဖြစ် သိမ်းသွင်းနိုင်ရန် ယုံကြည်ကြောင်း လီကွတ်ပါတီ၏ ပြောခွင့်ရသူက ပြောကြားသည်။ လီကွတ်ပါတီ၏ အဓိကပြိုင်ဘက်ပါတီဖြစ်သော အပြာရောင်နှင့် အဖြူရောင်ပါတီအနေဖြင့် အစ္စရေးပါလီမန်တွင် ၃၂ နေရာ အနိုင်ရခဲ့သည်။ နေတန်ယာဟုသည် ညွန့်ပေါင်းအစိုးရဖွဲ့ရန် အာမခံချက်မရှိသေးသော်လည်း ရွေးကောက်ပွဲအောင်မြင်မှုအား ကြီးမားသောအောင်မြင်မှုအဖြစ် ပြောကြားခဲ့သည်။

"ဒီအောင်ပွဲဟာ ကျွန်တော့်ဘဝရဲ့ အရေးပါတဲ့ အောင်ပွဲတစ်ရပ်ဖြစ်တယ်"ဟု ၎င်းကို ထောက်ခံသူများအား တဲအဗစ်မြို့တွင် နေတန်ယာဟုက ပြောကြားသည်။ နေတန်ယာဟု၏ ရွေးကောက်ပွဲမဲဆွယ်စည်းရုံးမှုဆိုင်ရာ ရပ်တည်ချက်မှာ ပါလက်စတိုင်းများအပေါ်တွင် တင်းမာသော ၎င်း၏ သဘောထားနှင့် အနောက်ဘက်ကမ်းဒေသတွင် ဂျူးလူမျိုးများ အခြေချနေထိုင်မှုကို တိုးချဲ့ရန်ဖြစ်သည်။ ထို့အပြင် နေတန်ယာဟု အနေဖြင့် အနောက်ဘက်ကမ်းဒေသ၏ အစိတ်အပိုင်းတစ်ခုဖြစ်သော ပါလက်စတိုင်းလူမျိုးတို့၏ အနာဂတ်မြို့တော်ဖြစ်သည့် ဂျော်ဒန်တောင်ကုန်းအပေါ် နယ်မြေကျူးကျော်ရန် ရည်ရွယ်ချက်ထားရှိခဲ့သည်။ အပြာရောင်နှင့် အဖြူရောင်ပါတီ၏ ခေါင်းဆောင် ဘင်နီဂလန့်က ရွေးကောက်ပွဲ၏ ရလဒ်အပေါ် စိတ်ပျက်ကြောင်း ပြောကြားသည်။ လီကွတ်ပါတီက ထုတ်ပြန်သောကြေညာချက်တွင် နေတန်ယာဟု အနေဖြင့် လက်ယာပါတီများ၏ အကြီးအကဲများနှင့် ညှိနှိုင်းထားပြီး အစ္စရေးနိုင်ငံ၏ ခိုင်မာသော အမျိုးသားအစိုးရတစ်ရပ်ကို အမြန်ဆုံး ဖွဲ့စည်းသွားရန်ရှိသည်ဟု ပြောကြားခဲ့သည်။

**ကိုးကား-အေအက်ဖ်ပီ၊ ဘာသာပြန်-စိုးသူရ**



# တူရကီသမ္မတနှင့် ဂျာမနီအဓိပတိတို့ ဆီးရီးယားအရေး ဖုန်းဖြင့်ဆွေးနွေး

**အန်ကာရာ မတ် ၃**

တူရကီသမ္မတ အာဒိုဂန်သည် အီဒလစ်ပြည်နယ်အရေး၊ ဒုက္ခသည်အကျပ်အတည်းများနှင့်ပတ်သက်၍ ဂျာမနီအဓိပတိ အိန်ဂျယ်လာမာကယ်လ်နှင့် ဖုန်းဖြင့် ဆွေးနွေးခဲ့သည်ဟု တူရကီ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနက ယနေ့ ပြောကြားလိုက်သည်။

သမ္မတ အာဒိုဂန်နှင့် အဓိပတိ မာကယ်လ်တို့သည် နှစ်နိုင်ငံဆက်ဆံရေးကိုလည်း ဆွေးနွေးခဲ့သည်ဟု အဆိုပါဌာနက ထုတ်ပြန်ချက်တစ်ခုအတွင်း ပြောကြားသည်။ ဒုက္ခသည်အရေးနှင့်ပတ်သက်၍ လူတိုင်းက တာဝန်ဝတ္တရားများ မျှမျှတတ ထမ်းဆောင်ခြင်းဖြင့် ကျေပွန်အောင် ဆောင်ရွက်သင့်သည်ဟု သမ္မတ အာဒိုဂန်က ပြောသည်။ ဆီးရီးယားနိုင်ငံအနောက်မြောက်ပိုင်းရှိ အီဒလစ်ပြည်နယ်သည် အစိုးရတပ်ဖွဲ့များကြောင့် မကြာသေးမီနှစ်များအတွင်း နေရပ်စွန့်ခွာခဲ့ရသည့် ဒုက္ခသည်များအပါအဝင် အရပ်သား လေးသန်း နေထိုင်ရာပြည်နယ်ဖြစ်သည်။

ဆီးရီးယားအစိုးရတပ်ဖွဲ့များနှင့် မဟာမိတ်များ၏ ပြင်းထန်သော တိုက်ခိုက်မှုများကြောင့် မကြာသေးမီလများအတွင်း ဆီးရီးယားနိုင်ငံသား ၁ ဒသမ ၇ သန်းနီးပါး တူရကီနယ်စပ်အနီးသို့ ရွှေ့ပြောင်းခဲ့သည်။ ၂၀၁၈ ခုနှစ် စက်တင်ဘာလတွင် တူရကီနှင့် ရုရှားနိုင်ငံက အီဒလစ်ပြည်နယ်ကို စစ်မဲ့ဇုန်တစ်ခုအဖြစ် ပြောင်းလဲရန် သဘောတူခဲ့သည်။ ထို့နောက်ပိုင်း ဆီးရီးယားအစိုးရနှင့် မဟာမိတ်များ၏ လေကြောင်းတိုက်ခိုက်မှုများ၊ အမြောက်ပစ်ခတ်မှုများကြောင့် အရပ်သား ၁၈၀၀ ကျော် သေဆုံးခဲ့သည်။ အရပ်သားများကို ဆီးရီးယားအစိုးရ၏ တိုက်ခိုက်မှုများမှ ကာကွယ်မည့် "Operation Spring Shield" ဟု အမည်ပေးထားသော ထိုးစစ်ဆင်မှုကို တူရကီနိုင်ငံက မတ် ၁ ရက်တွင် ကြေညာခဲ့သည်။

ပြီးခဲ့သည့် ဖေဖော်ဝါရီ ၂၇ ရက်တွင် တူရကီတောင်ပိုင်းနယ်စပ်အနီး စစ်မဲ့ဇုန်အတွင်း အာဆတ်အစိုးရတပ်ဖွဲ့၏ လေကြောင်းတိုက်ခိုက်မှုကြောင့် တူရကီစစ်သည် ၃၄ ဦး သေဆုံးကာ အများအပြား ဒဏ်ရာရရှိခဲ့ခြင်းကြောင့် ထိုးစစ်ဆင်မှုကို တူရကီက ကြေညာခဲ့ခြင်းဖြစ်သည်။

**ကိုးကား-အနာဒိုလူ**
**ဘာသာပြန်-ကျော်ထိုက်စိုး**

# ကိုရိုနာဗိုင်းရပ်စ် ထိန်းချုပ်ရန်အတွက် ပြင်သစ်တွင် စာသင်ကျောင်းအများအပြား ပိတ်ထား

ပါရီ မတ် ၃

ပြင်သစ်တာဝန်ရှိသူများအနေဖြင့် ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှု အများဆုံးဖြစ်ပွားရာ ဒေသများရှိ စာသင်ကျောင်း ၁၂၀ ခန့်ကို ပိတ်ထားကြောင်း၊ လာမည့်ရက်များအတွင်း စာသင်ကျောင်းများကို ထပ်မံပိတ်ထားရနိုင်ကြောင်း ပညာရေးဝန်ကြီး ဂျင်း-မိုက်ကယ် ဘလန်ကာက အင်္ဂါနေ့က ပြောကြားသည်။

ဗိုင်းရပ်စ်ကူးစက်မှုများ အဓိကဖြစ်ပွားရာ ပြင်သစ်နိုင်ငံမြောက်ပိုင်း အွိုက်စ်ဒေသရှိ မူလတန်းနှင့် အလယ်တန်းကျောင်းများကို ပိတ်ထားသည်။ ယင်းဒေသတွင် ဗိုင်းရပ်စ်ပိုးကြောင့် နှစ်ဦး သေဆုံးခဲ့သည်။ ပြင်သစ်နိုင်ငံတွင် ယခုအချိန်အထိ ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားသူ ၁၉၁ ဦးရှိပြီး သုံးဦး သေဆုံးခဲ့ကြောင်း တာဝန်ရှိသူများက ထုတ်ပြန်ထားသည်။

အွိုက်စ်ဒေသတွင် ကျောင်းများ ပိတ်ထားရခြင်းသည် ကျောင်းသားပေါင်း ၃၅၀၀၀ ကို ထိခိုက်စေသည်ဟု ပညာရေးဝန်ကြီးက LCI ရုပ်မြင်သံကြားဌာနသို့ ပြောကြားသည်။ ဤအတောအတွင်း ပြင်သစ်နိုင်ငံအနောက်မြောက်ပိုင်း အတ္တလန္တိတ်ကမ်းခြေရှိ မော်ဘီဟန်ဒေသတွင် ကျောင်းသား ၉၀၀၀ ကို မိမိတို့နေအိမ်၌သာနေကြရန် တာဝန်ရှိသူများက ပြောကြားထားသည်။

ပါရီမြို့၏ အရှေ့ဘက်ဆင်ခြေဖုံး မန်ထရူအီလ်ဒေသရှိ ကျောင်းသားတစ်ဦးတွင် ကိုရိုနာဗိုင်းရပ်စ်ပိုး တွေ့ရှိပြီးနောက် ကျောင်းသား ၂၀ ရှိသည့် အတန်းတစ်ခုကို ပိတ်ထားကြောင်း ပညာရေးဝန်ကြီးက ပြောသည်။ အွိုက်စ်ဒေသရှိ ကျောင်းများကို သတိပေးချက် ထပ်မံမထုတ်ပြန်မချင်း ပိတ်ထားမည်ဖြစ်သည်။ မော်ဘီဟန်ဒေသ အာဏာပိုင်များက အနည်းဆုံး မတ် ၁၄ ရက်အထိ ကျောင်းများကို ပိတ်ထားရန် ညွှန်ကြားထားသည်။

နိုင်ငံ၏ ပြင်ပသို့ သွားရောက်မည့် ကျောင်းသားများ၏ လေ့လာရေးခရီးစဉ်များကို အာဏာပိုင်များက ဆိုင်းငံ့ထားသည်။ အမိုးအကာပါသည့်နေရာများတွင် လူ ၅၀၀၀ ထက်ပိုသည့် လူစုလူဝေး ပြုလုပ်ခြင်းကိုလည်း တားမြစ်ထားသည်။ ကျောင်းများတွင် လက်ဆေးရန်အတွက် ဆပ်ပြာများကို တိုးမြှင့်ထားရှိကြောင်း၊ ယခုအချိန်တွင် တစ်နိုင်ငံလုံးရှိ စာသင်ကျောင်းများအားလုံးပိတ်ထားဖို့ ညွှန်ကြားရန် အစီအစဉ်မရှိကြောင်း ပညာရေးဝန်ကြီး ဘလန်ကာက ပြောကြားသည်။

**ကိုးကား-အေအက်ဖ်ပီ**
**ဘာသာပြန်-အောင်ဇော်လင်း**



# တရုတ်နှင့် ဂျပန်နိုင်ငံတို့၏ ပြင်ပတွင် ကိုရိုနာဗိုင်းရပ်စ်ပိုးကူးစက်ပြန့်ပွားမှု မြင့်တက်

**တိုကျို မတ် ၃**

တရုတ်နှင့် ဂျပန်နိုင်ငံတို့၏ ပြင်ပရှိ နိုင်ငံနှင့် နယ်မြေဒေသ ၇၄ ခုတွင် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူ ၁၀၀၀၀ ကျော် ရှိပြီဖြစ်ကြောင်း သိရသည်။

ယင်းရောဂါပိုး ကူးစက်ပြန့်ပွားမှုခံနေရသည့် ဒေသများ၌ လူဦးရေ ၁၀၀၇၂ ဦး ဗိုင်းရပ်စ်ပိုးကူးစက်မှုရှိပြီး သေဆုံးသူ ၁၆၁ ဦးရှိပြီဖြစ်သည်။ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရမှုအများဆုံးမှာ တောင်ကိုရီးယားနိုင်ငံဖြစ်ပြီး လူပေါင်း ၅၁၈၆ ဦး ဗိုင်းရပ်စ်ပိုးကူးစက်ခံထားရသည်။ ၎င်းနောက်တွင် ကူးစက်ခံရသူဦးရေမှာ အီတလီနိုင်ငံ၌ ၂၀၃၆ ဦး၊ အီရန်နိုင်ငံ၌ ၁၀၅၁ ဦး၊ ပြင်သစ်တွင် ၁၉၁ ဦး၊ ဂျာမနီနိုင်ငံတွင် ၁၅၇ ဦး၊ စပိန်နိုင်ငံ၌ ၁၂၁ ဦး၊ စင်ကာပူနိုင်ငံတွင် ၁၀၈ ဦး၊ ဟောင်ကောင်တွင် ၉၁ ဦး၊ ကူဝိတ်၌ ၅၆ ဦးနှင့် ဘာရိန်းတွင် ၄၉ ဦးတို့ဖြစ်ကြသည်။

ယင်းဗိုင်းရပ်စ်ကြောင့် သေဆုံးရသူဦးရေမှာ အီရန်တွင် ၆၆ ဦး၊ အီတလီတွင် ၅၂ ဦး၊ တောင်ကိုရီးယားတွင် ၂၈ ဦး အမေရိကန်ပြည်ထောင်စု၌ ခြောက်ဦး၊ ပြင်သစ်တွင် သုံးဦး၊ ဟောင်ကောင်၌ နှစ်ဦးနှင့် ဖိလစ်ပိုင်၊ တရုတ်(တိုင်ပေ)၊ ထိုင်းနှင့် ဆန်မာရီနိုတို့တွင် တစ်ဦးစီဖြစ်သည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-ဇော်ဝင်း**

■

# အဆင့်မြင့်ဆွေးနွေးပွဲများ ပြုလုပ်ရန်အတွက် ဥရောပသမဂ္ဂ၏ အထူးကိုယ်စားလှယ် တူရကီသို့ ထွက်ခွာ

**ဘရပ်ဆဲလ် မတ် ၃**

တူရကီသမ္မတ အာဒိုဂန်က တူရကီအစိုးရအနေဖြင့် သန်းနှင့်ချီသော ဒုက္ခသည်များကို တားမြစ်ခြင်းမရှိတော့ဘဲ ဥရောပသို့ ဦးတည်ထွက်ခွာခွင့်ပြုနိုင်ဖွယ်ရှိသည်ဟု ပြီးခဲ့သည့် သီတင်းပတ်က ကြေညာခဲ့ပြီးနောက် ဥရောပသမဂ္ဂ၏ ထိပ်တန်းသံတမန်နှင့် ဒုက္ခသည်များဆိုင်ရာ စီမံခန့်ခွဲရေး အကြီးအကဲတို့သည် တူရကီအရာရှိများနှင့် ညှိနှိုင်းဆွေးနွေးရန် တူရကီနိုင်ငံသို့ ယနေ့ ထွက်ခွာခဲ့ကြသည်။

အာဒိုဂန်က ယခုကဲ့သို့ ကြေညာခဲ့ပြီးနောက် ထောင်နှင့်ချီသော ဒုက္ခသည်များနှင့် ရွှေ့ပြောင်းနေထိုင်သူများသည် တူရကီနှင့် ဂရိနယ်စပ်သို့ ရောက်ရှိလာခဲ့ကြကြောင်း သိရသည်။

ဥရောပသမဂ္ဂ၏ အထူးကိုယ်စားလှယ် ဂျိုးဆက်ဘိုရဲလ်နှင့် ဒုက္ခသည်များဆိုင်ရာ အထူးတာဝန်အပ်နှင်းခြင်းခံရသော ဂျနက်ဖ်လနာဆစ်ခ်တို့သည် ဆီးရီးယားပဋိပက္ခ၊ ဆီးရီးယားဒုက္ခသည်များနှင့် ရွှေ့ပြောင်းနေထိုင်သူများ အရေးနှင့်ပတ်သက်၍ တူရကီအရာရှိများနှင့် အဆင့်မြင့်ဆွေးနွေးပွဲများ ပြုလုပ်ရန်အတွက် နှစ်ရက်ကြာခရီးစဉ်အဖြစ် တူရကီနိုင်ငံသို့ ဦးတည်ထွက်ခွာခဲ့သည်။

ဆီးရီးယားနိုင်ငံ အနောက်မြောက်ဘက် အီဒလစ်ပြည်နယ်အတွင်း အရှိန်မြင့်မားလာသော ပဋိပက္ခ၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျိုးဆက်များနှင့် တူရကီနိုင်ငံအတွင်းရှိ ဆီးရီးယားဒုက္ခသည်များ၏ အခြေအနေနှင့်စပ်လျဉ်း၍ တူရကီအရာရှိများနှင့် ညှိနှိုင်းဆွေးနွေးသွားမည်ဖြစ်ကြောင်း ဂျိုးဆက်ဘိုရဲလ်က ပြောကြားသည်။

ထို့အပြင် အန်ကာရာမြို့၌ နေထိုင်စဉ်အတွင်း တူရကီအာဏာပိုင်များ အပါအဝင် အဆင့်မြင့်အရာရှိများနှင့်လည်း တွေ့ဆုံဆွေးနွေးသွားမည်ဖြစ်ကြောင်း ၎င်းက ထပ်မံပြောကြားသည်။

ဥရောပ၏ အထူးကိုယ်စားလှယ်ဘိုရဲလ်သည် တူရကီအရာရှိများနှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီးနောက် ခရိုအေးရှားနိုင်ငံ ဇာဂရက်မြို့တွင် မတ် ၅ ရက်မှ ၆ ရက်အထိ ကျင်းပပြုလုပ်မည့် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၏ နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးသို့ တက်ရောက်မည်ဖြစ်ပြီး ဂျနက်ဖ်လနာဆစ်ခ်သည် တူရကီနိုင်ငံအရှေ့တောင်ဘက် ဂါဇီနန်တစ်ပ်ပြည်နယ်ရှိ ဒုက္ခသည်စခန်းများသို့ သွားရောက်လည်ပတ်မည်ဖြစ်ကြောင်း သိရသည်။

တူရကီအစိုးရသည် ၂၀၁၆ ခုနှစ်က ဥရောပသမဂ္ဂနှင့် လက်မှတ်ရေးထိုးထားသည့် သဘောတူစာချုပ်ကို လိုက်နာသည့်အနေဖြင့် ဥရောပမြေပေါ်သို့ ဦးတည်ထွက်ခွာရန် စီစဉ်ထားသော ဒုက္ခသည်များနှင့် ရွှေ့ပြောင်းနေထိုင်သူများအား တူရကီနိုင်ငံတွင် နေထိုင်ခွင့်ပေးထားသည်။

**ကိုးကား-အေအက်ဖ်ပီ**
**ဘာသာပြန်-ဂျေတီ**

# စစ်ကိုင်းမြို့ ပတ္တမြားစက်မှုဇုန်ရှိ ချည်မျှင်နှင့် အထည်စက်ရုံတစ်ရုံ မီးလောင်

**စစ်ကိုင်း မတ် ၃**
စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ ပတ္တမြားစက်မှုဇုန်ရှိ ချည်မျှင်နှင့် အထည်စက်ရုံတစ်ရုံ မတ် ၃ ရက် နံနက်ပိုင်းက မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မတ် ၃ ရက် နံနက် ၈ နာရီခန့်က စစ်ကိုင်းမြို့ နီလာရပ်ကွက် ပတ္တမြားစက်မှုဇုန်ရှိ ချည်မျှင်နှင့် အထည်စက်ရုံ မီးလောင်မှုဖြစ်ပွားကြောင်း သတင်းအရ စစ်ကိုင်းတိုင်းမီးသတ်ဦးစီးမှူး ဦးမင်းစမ်းအေး ဦးဆောင်၍ စစ်ကိုင်းခရိုင်မီးသတ်ဦးစီးမှူး ဦးကျော်ကျော်နိုင် ပါဝင်သော ခရိုင်/မြို့နယ်သန္နေ မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် မန္တလေးတိုင်းဒေသကြီး တိုင်းမီးသတ်ဦးစီးမှူး ဦးသန်းဇော်ဦး ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအသင်းအဖွဲ့များ၊ ရပ်ကွက်နေပြည်သူများ ပူးပေါင်း၍ မီးငြှိမ်းသတ်ယာဉ် ၂၃ စီး၊ ရေသယ်ယာဉ် ၁၈ စီးနှင့် အထောက်အကူပြုယာဉ် နှစ်စီးတို့ဖြင့် ဝိုင်းဝန်းငြှိမ်းသတ်ခဲ့ရာ နံနက် ၁၀ နာရီ မိနစ် ၂၀ တွင် မီးထိန်းနိုင်၍ နံနက် ၁၁ နာရီ မိနစ် ၅၀ တွင် မီးငြိမ်းသွားကြောင်း သိရသည်။

မီးလောင်မှုဖြစ်ပွားရခြင်းမှာ ချည်မျှင်စက်ရုံအတွင်း သိုလှောင်ထားသော ဖိုက်ဘာဝါဂွမ်းများ စုပုံထားရာမှ အပူလွန်ကဲ၍ မီးစတင်လောင်ကျွမ်းမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။ မီးလောင်မှုကြောင့် ၃၆၀ x ၁၄၀ ပေ စတီးသံပေါင်တစ်ထပ်စက်ရုံ တစ်ရုံ၊ ဖိုက်ဘာဝါဂွမ်း တန် ၂၀၀၊ ဝါဖန့်စက် တစ်လုံး၊ ပင်ပေါင်းစက်ခြောက်လုံး၊ ဒုညင်းစက် လေးလုံး၊ ချည်ငင်စက် အလုံး ၄၀၊ ချည်ကန်တော့စက် ခုနစ်လုံး၊ ပင်ပူးစက် လေးလုံး၊ ချည်ကျစ်စက် ၂၃ လုံး မီးလောင်ဆုံးရှုံးခဲ့သည်။ မီးခိုးမွှန်၍ စစ်ကိုင်းဆေးရုံသို့ ပို့ဆောင်ကုသနေသူ ငါးဦးရှိပြီး နှစ်ဦးမှာဆေးရုံမှ ဆင်းခွင့်ရ၍ ကျန်သုံးဦးမှာ ၂၄ နာရီစောင့်ကြည့်လူနာ (မစိုးရိမ်ရ)အဖြစ် ဆေးကုသမှုခံယူနေကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ စစ်ကိုင်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။



မိုးသောက် (ရွှေဘို)

## လားရှိုး၌ ငွေလုယူထွက်ပြေးသူအား ဖမ်းဆီးရမိ

**လားရှိုး မတ် ၃**
လားရှိုးမြို့ ရပ်ကွက်(၃) လမ်းမတော်လမ်းရှိ အင်းဝဘဏ်၌ ယနေ့ နံနက် ၁၀ နာရီ မိနစ် ၄၀ ခန့်တွင် မအေးထွေး လားရှိုးမြို့နေသူသည် မိခင်ဖြစ်သူထံ ငွေလွှဲရန် ကောင်တာရှေ့တွင် ရပ်နေစဉ် ၎င်းအနောက်မှ လူတစ်ဦးက ငွေကျပ် ခုနစ်သိန်းအား လုယူထွက်ပြေးခဲ့သဖြင့် အင်းဝဘဏ် မန်နေဂျာ ဒေါ်နန်းထွေးဖြူ၊ ဘဏ်လုံခြုံရေးတာဝန်ကျ ဦးလှမြင့်နှင့်အဖွဲ့က ဝိုင်းဝန်းဖမ်းဆီးခဲ့ကြသည်။

ထို့နောက် မြို့မရဲစခန်းသို့ အကြောင်းကြားခဲ့သဖြင့် နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် မင်းမင်းထွန်းနှင့်အဖွဲ့က သွားရောက်ဖမ်းဆီးခဲ့ရာ ပိုက်ဆံလုယူသူ ဟိုပန်မြို့နယ် အိုက်ထန်စံပြကျေးရွာနေသူအား မြို့မရဲစခန်းတွင် အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

ဟန်ဋ္ဌေး(လားရှိုး)

## ကျုံပျော် အင်းရဲကြီးအင်းအတွင်း သားအမိနှစ်ဦး ရေနစ်သေဆုံး

**ကျုံပျော် မတ် ၃**
ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် အင်းရဲကြီးအင်းအတွင်း၌ မတ် ၃ ရက် နံနက် ၄ နာရီခန့်က သားအမိနှစ်ဦး ရေနစ်သေဆုံးမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မတ် ၃ ရက် နံနက် ၄ နာရီက ကျုံပျော်မြို့နယ် အင်းရဲလုပ်ကွက်ရှားရဲကင်းတွင် ဒုရဲအုပ် ကျော်သန်းလွင် ရဲကင်းမှူးဆောင်ရွက်နေစဉ် အင်းရဲကျွန်းကျေးရွာအုပ်စု စာဖြူစုကျေးရွာ ရဲစခန်းအရှေ့ဘက် ၅ မိုင်ခန့်အကွာ အင်းရဲကြီးချောင်းအတွင်း အမျိုးသား(ကလေး) အလောင်းတစ်လောင်း ရေနစ်သေဆုံးနေကြောင်း သတင်းအရ သွားရောက်စစ်ဆေးကြည့်ရှုရာ သေဆုံးသူမှာ ကျုံပျော်မြို့ တေဇရပ်ကွက်နေ ဖြိုးမင်းသူ(၁၀)နှစ် ၃ တန်းကျောင်းသားဖြစ်ကြောင်း သိရသည်။

ဆက်လက်ရှာဖွေခဲ့ရာ မတ် ၃ ရက် နံနက် ၇ နာရီ ၁၀ မိနစ်တွင် ကမ်းစပ်နှင့် ပေ ၄၀ ရေအနက် ပေ ၂၀ ခန့်တွင် ပြင်ပဒဏ်ရာမရှိ အမျိုးသမီး အလောင်းတစ်လောင်းထပ်မံတွေ့ရှိရသည်။

ထို့နောက် စုံစမ်းမှုပြုလုပ်ခဲ့ရာ သေသူမှာ ကျုံပျော်မြို့ တေဇရပ်ကွက် ပိတောက်ရွှေဝါလမ်းနေ ဒေါ်သက်မွန်လွင် ဖြစ်ကြောင်းသိရပြီး မတ် ၂ ရက် နံနက် ၁၀ နာရီက စာဖြူစုကျေးရွာရှိ ရေချိုးဆိပ်၌ ရေဆင်းချိုးရာမှ သားအမိနှစ်ဦး ရေနစ်သေဆုံးခဲ့ကြောင်း စုံစမ်းသိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ကျုံပျော်မြို့မရဲစခန်းက သေမှုသေခင်းဖွင့်ပြီး စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ငပလီမြို့၌ ယာဉ်တိုက်မှုကြောင့် နှစ်ဦးသေ၊ နှစ်ဦးဒဏ်ရာရ

**ငပလီ မတ် ၃**
ငပလီမြို့ လမ်းဆုံမီးပွိုင့်၌ မတ် ၂ ရက် ညနေ ၃ နာရီခန့်တွင် ဆိုင်ကယ်နှင့် ခြောက်ဘီးယာဉ်တိုက်မိမှုကြောင့် နှစ်ဦးသေဆုံးပြီး နှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ လင်းသာရပ်ကွက်မှ မဇင်ရပ်ကွက်သို့ ယာဉ်မောင်း ခင်မောင်စိုး သံတွဲမြို့ ကျားအိုကျေးရွာနေသူမောင်းနှင်လာသည့် ခြောက်ဘီးယာဉ်သည် သံတွဲမြို့မှ လင်းသာရပ်ကွက်သို့ ဖြိုးထက်အောင် ဂျိတ္တောရပ်ကွက်နေသူမောင်းနှင်ပြီး ရဲဇော်နိုင် လိုက်ပါလာသည့် ဆိုင်ကယ်အား ဝင်တိုက်မိပြီး အရှိန်မထိန်းနိုင်ဘဲ ဇီးဖြူကုန်းရပ်ကွက်မှ လင်းသာရပ်ကွက်သို့ ဝင်းအေး လေးတန်းကျောင်းသား စီးနင်းလာသည့် စက်ဘီးအား ထပ်မံဝင်တိုက်မိကာ ဘေးတွဲဆိုင်ကယ်နှင့် ထပ်မံဝင်တိုက်မိကြောင်း သိရသည်။

ယာဉ်တိုက်မှုကြောင့် ဖြိုးထက်အောင်နှင့် ဝင်းအေးတို့ နှစ်ဦးမှာ အခင်းဖြစ်နေရာတွင် သေဆုံးခဲ့ပြီး ရဲဇော်နိုင်နှင့် ဘေးတွဲဆိုင်ကယ်ပေါ်ထိုင်နေသူ ကိုဇော်လင်းအောင်တွင် ဒဏ်ရာများ အသီးသီးရရှိခဲ့ပြီး ခင်မောင်စိုးအား ဒုရဲအုပ် မင်းနိုင်က အမှုဖွင့် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရန်ငြိမ်း(ပြန်/ဆက်)

## တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် မတ် ၃**
တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မတ် ၂ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၆၅၉ စီး၊ သွင်းကုန် ၁၇၁၀ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၂၅၄ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ မတ် ၂ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု သုံးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂ ဒသမ ၀၀၅ သန်း) တန်ဖိုးရှိ စားသောက်ကုန်များ သိမ်းဆည်းရမိကြောင်း သိရသည်။ **သတင်းစဉ်**



မတ် ၃ ရက်က ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် ၄၁ ရပ်ကွက် တပင်ရွှေထီးလမ်းနှင့် ဗိုလ်မင်းရောင်လမ်းထောင့် ၄၀ ဈေးတွင် ဈေးရောင်းသူများ၊ ဈေးဝယ်သူများ၊ အနေးယာဉ်လုပ်သားများ၊ အငှားယာဉ်မောင်းများ၊ လမ်းသွားလမ်းလာများအား ဒဂုံမြောက်မြို့မစခန်းမှူး ဒုရဲမှူး သက်နိုင်ဦးနှင့် တပ်ဖွဲ့ဝင်များက မှုခင်းအသိပညာပေးပြခန်းယာဉ်ဖြင့် မှုခင်းအသိပညာပေးဟောပြောစဉ်။

ကိုဋ္ဌေး

## မောင်တော၊ သီပေါ၊ မိုင်းနောင်မြို့နယ်တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် မတ် ၃**
မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၂ ရက် ညနေ ၅ နာရီခွဲက မောင်တောမြို့ မြို့မအရှေ့ရပ်ကွက် ဦးဥတ္တမလမ်း၌ ရပ်တန့်ထားသော ယာဉ်ပေါ်သို့ ဆော်ဒူလာမိန်က ဆာလာအိတ်များ တင်ဆောင်နေသည်ကို တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ အဆိုပါအိတ်များအတွင်းမှ ငွေကျပ် ၉၈၈၁၉ ဒသမ ၂ သိန်းတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၄၉၄၀၉၆၀ သိမ်းဆည်းရမိခဲ့သည်။

အလားတူ ယင်းနေ့ ညနေ ၃ နာရီခွဲတွင် နမ့်လန်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် သီပေါမြို့နယ် နမ့်လန်ကျေးရွာအုပ်စု မြောက်ပိုင်းကျေးရွာနေ အိုက်သန်းလေး(ခ) ဆန်းထွန်း၏ နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၈၀၀ နှင့် မြန်မာငွေကျပ် ၁၅၀၀၀၀ တို့ကို လည်းကောင်း၊ ထို့အတူ မတ် ၁ ရက် ညနေ ၄ နာရီတွင် တပ်မတော်က မိုင်းနောင်မြို့နယ် ပန်ကိုင်းရွာအနီးတွင် တွဲကားသုံးစီးအားရှာဖွေရာ ယင်းတွဲကားများအပေါ်မှ ဟိုက်ဒရိုကလိုရစ်အက်စစ် လီတာ ၁၉၂၀၀၊ အက်စီတုန်း လီတာ ၂၅၆၀၀၊ အီသိုင်းအက်စီတိတ် လီတာ ၂၅၆၀၀ တို့အား သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**



ဆော်ဒူလာမိန်အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

## မန္တလေးတိုင်းဒေသကြီးအတွင်း တရားမဝင်သစ်များ သိမ်းဆည်းရမိ

**နေပြည်တော် မတ် ၃**
ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြု စောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ်ဖြင့် သတင်းပေးပို့ချက်အရ ဖေဖော်ဝါရီ ၂၅ ရက်မှ ၂၆ ရက်အထိ သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ရမည်းသင်းမြို့နယ် လဲဖြူဆည်တမံအောက်ရေမြောင်းဘေး မြင်းနားကျေးရွာ အနီးဝန်းကျင်နှင့် ရွှေမြင်တင်ဘုရားတောင်ဘက် သရက်တောအတွင်းနေရာများမှ တရားမဝင် သစ်ယား/မျောက်ငို/စကားဝါ/ ကညင်သစ်/ခြမ်း ၉ ဒသမ ၉၂၄ တန်အား ပိုင်ရှင်မဲ့သိမ်းဆည်းရမိခဲ့သည်။

အလားတူ ကျောက်ဆည်မြို့နယ် ဒုဋ္ဌဝတီမြစ်ကမ်းဘေးတွင် တရားမဝင်ကျွန်းသစ်/ခွဲသား ၁၁ ဒသမ ၇၃၃၆ တန်နှင့်အတူ ပြစ်မှုကျူးလွန်သူနှစ်ဦးတို့အား ဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာရဲစခန်းတွင် အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ညီညီသန်း(နေပြည်တော်)**

## ရွှေကူမြို့နယ်၌ သေဆုံးသည့်ဝက်များမှာ Porcine Circo Virus Type-2 (PCV-2) ဗိုင်းရပ်စ်ရောဂါဖြစ်ကြောင်း အတည်ပြု

**ရွှေကူ မတ် ၃**
ကချင်ပြည်နယ် ရွှေကူမြို့နယ်အတွင်း ဝက်များ ရုတ်တရက်သေဆုံးမှုမှာ မန္တလေးတိုင်းဒေသကြီး တိရစ္ဆာန်ရောဂါရှာဖွေရေးဓာတ်ခွဲခန်း၏ အတည်ပြုချက်အရ Porcine Circo Virus Type-2 (PCV-2) ဗိုင်းရပ်စ်ရောဂါဖြစ်ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၁၆ ရက်က ကချင်ပြည်နယ် ရွှေကူမြို့ အမှတ်(၄)ဘောဂဗလ ရပ်ကွက်နေ ဦးမြင့်ဦး၏နေအိမ်တွင် မွေးမြူထားသည့် ဝက်ခုနစ်ကောင် နေမကောင်းဖြစ်ရာမှ နှစ်ကောင်သေဆုံးသွားသဖြင့် ရွှေကူမြို့နယ် တိရစ္ဆာန်ဆရာဝန် ဒေါက်တာဆန်းဝင်းက သွားရောက်စစ်ဆေးပြီး ဝက်၏သွေးနှင့် အတွင်းကလီစာများကို မန္တလေးတိုင်းဒေသကြီး တိရစ္ဆာန်ရောဂါ ရှာဖွေရေးဓာတ်ခွဲခန်းသို့ ပို့ဆောင်စစ်ဆေးခဲ့ရာ Porcine Circo Virus Type-2 (PCV-2) ဗိုင်းရပ်စ်ရောဂါဖြစ်သည်ဟု အတည်ပြုပြန်ကြားစာရရှိခဲ့ကြောင်း သိရသည်။

အဆိုပါရောဂါဖြစ်ပွားနေသည့် ဝက်များအား တိရစ္ဆာန်ဆရာဝန် ဒေါက်တာဆန်းဝင်းက ဖေဖော်ဝါရီ ၂၉ ရက်မှ မတ် ၃ ရက်အထိ ရွှေကူမြို့အပါအဝင် ကျေးရွာများသို့ ကွင်းဆင်းစစ်ဆေးကာ ဝက်များအား ဆေးကုသခြင်း၊ ကာကွယ်ဆေးထိုးခြင်းနှင့် ဆေးဖျန်းခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ရွှေကူမြို့နယ်အတွင်း မွေးမြူထားသည့် ဝက်ကောင်ရေမှာ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ စာရင်းအရ စုစုပေါင်း အကောင် ၁၃၃၃၀၊ ရောဂါပိုးကြောင့်သေဆုံးသည့် ဝက်အကောင် ၂၀၊ ကာကွယ်ဆေးထိုးပေးထားသည့်ဝက် ၆၀၃ ကောင်ရှိကြောင်းနှင့် (PCV-2) ဗိုင်းရပ်စ်ကူးစက်မှုရောဂါအား လတ်တလောတွင် ထိန်းချုပ်ထားနိုင်ပြီး ဝက်နားရွက်ပြာရောဂါ၊ အာဖရိကဝက်အပြင်းဖျားရောဂါ၊ (PCV-2)ဗိုင်းရပ်စ်ကူးစက်မှုရောဂါ မဖြစ်ပွားစေရေးအတွက် တာဝန်ရှိသူများနှင့် ဝက်မွေးမြူသူများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အလားတူ ဖေဖော်ဝါရီ ၂၉ ရက်ကလည်း မိုးမောက်မြို့နယ်အတွင်း အိမ်မွေးဝက်ကောင်ရေ ၂၀၀ နီးပါး ရုတ်တရက်သေဆုံးမှုဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။ **ဝင်းနိုင်(ကချင်မြေ)**

# လူမွဲခံယူခြင်းဆိုင်ရာဥပဒေ ပြဋ္ဌာန်း

**ယမန်နေ့မှအဆက်**

(ဃ) ပုဒ်မခွဲ (က) အရ မြီရှင်များအစည်းအဝေးကို ကျင်းပခြင်းမပြုမီမည်သည့်အချိန်တွင်မဆို လူမွဲပိုင်ပစ္စည်းများနှင့်စပ်လျဉ်း၍ တရားဝင်ပစ္စည်းထိန်းသည် ယုံမှတ်အပ်နှံခြင်းခံရသူအဖြစ် ဆက်လက်ဆောင်ရွက်နိုင်သည်။

( င ) ဤပုဒ်မအရခန့်အပ်ခြင်းခံရသော တရားဝင်ပစ္စည်းထိန်းသည် လူမွဲပိုင်ပစ္စည်းများ၏ ယုံမှတ်အပ်နှံခြင်းခံရသူအဖြစ် ဆက်လက်ဆောင်ရွက်သည့်အခါ -

(၁) ပုဒ်မခွဲ (က) မှ (ဃ) အထိပါ ပြဋ္ဌာန်းချက်များသည် သက်ဆိုင်ခြင်းမရှိစေရ၊

(၂) တရားရုံးမှခန့်အပ်သည့် ယုံမှတ်အပ်နှံခြင်းခံရသူတစ်ဦးကဲ့သို့ ၎င်းသည် ပုဒ်မ ၂၆၄ ပါ ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ရမည်။

( စ ) တရားဝင်ပစ္စည်းထိန်းသည် ဤပုဒ်မအရ ခန့်အပ်ခြင်းခံရသော လူမွဲပိုင်ပစ္စည်းများ၏ ယုံမှတ်အပ်နှံခြင်းခံရသူအဖြစ် ဆောင်ရွက်သည့်အခါ ၎င်းအား ဤအပိုင်းအရခန့်ထားသည့် ယုံမှတ်အပ်နှံခြင်းခံရသူအဖြစ် မှတ်ယူရမည်။

**မြီစားက လျှောက်ထားခြင်း**

**မြီစား၏ လျှောက်လွှာ**

၂၅၇။ (က) မြီစားသည် ကြွေးမြီကို ပြန်လည်ပေးဆပ်နိုင်ခြင်းမရှိပါက ဤဥပဒေပုဒ်မ ၂၄၅ ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၂) အရ လူမွဲအဖြစ်ခံယူစေသည့်အမိန့်ချမှတ်ပေးရန် တရားရုံးသို့ လျှောက်လွှာကို တင်သွင်းနိုင်သည်။

( ခ ) ပုဒ်မခွဲ (က) အရ တင်သွင်းသည့်လျှောက်လွှာကို သတ်မှတ်ထားသည့်ပုံစံအတိုင်း လျှောက်လွှာတင်သွင်းရမည်ဖြစ်ပြီး သတ်မှတ်ထားသော ရုံးခွန်တော်ကိုလည်း ထမ်းဆောင်ရမည်။

( ဂ ) ပုဒ်မခွဲ (က) အရ တင်သွင်းသည့် လျှောက်လွှာနှင့်အတူ သတ်မှတ်ထားသည့်အတိုင်း မြီစားသည် မိမိ၏ငွေရေးကြေးရေးအခြေအနေနှင့် မြီရှင်များ၏ အချက်အလက်များအပါအဝင် လုပ်ငန်းအခြေအနေများကို ဖော်ပြသည့် လုပ်ငန်းကိစ္စများနှင့်စပ်လျဉ်းသည့် ထုတ်ဖော်ကြေညာချက်တစ်ရပ်ကို ပူးတွဲတင်ပြရမည်။

(ဃ) မြီစား၏လျှောက်လွှာပါအချက်အလက်များနှင့် ပူးတွဲတင်ပြထားသော ထုတ်ဖော်ကြေညာချက်တွင်ပါရှိသော အချက်အလက်များသည် မှန်ကန်ကြောင်း ကျမ်းကျိန်လွှာဖြင့် ပူးတွဲတင်ပြရမည်။

**မြီစားက လျှောက်ထားနိုင်သည့်အကြောင်းအချက်များ**

၂၅၈။ ကြွေးမြီများကို ပြန်လည်ပေးဆပ်နိုင်ခြင်းမရှိကြောင်း အကြောင်းပြချက်ဖြင့်သာ မြီစားသည် တရားရုံးသို့ တင်ပြလျှောက်ထားနိုင်သည်။

**လျှောက်လွှာအပေါ် အရေးယူဆောင်ရွက်ခြင်း**

၂၅၉။ လျှောက်လွှာအပေါ် ကြားနာပြီးနောက် အောက်ပါအခြေအနေတစ်ရပ်ရပ်ရှိကြောင်း ပေါ်ပေါက်လျှင် တရားရုံးသည် မြီစားအား လူမွဲအဖြစ်ခံယူစေရန် အမိန့်ချမှတ်ခြင်း မပြုရ-

(က) မြီစားမှပေးရန်ရှိသောကြွေးမြီသည်အာမခံအကျိုးခံစားခွင့်မရှိသောကြွေးမြီဖြစ်သည့်အပြင် ထိုကြွေးမြီစုစုပေါင်းသည် ပုဒ်မ ၂၄၈ ပုဒ်မခွဲ ( ခ ) ပုဒ်မခွဲငယ် (၁) အလို့ငှာ သတ်မှတ်ထားသောပမာဏထက် လျော့နည်းနေခြင်း၊

( ခ ) လူမွဲပိုင်ပစ္စည်းများ၏တန်ဖိုးသည် နည်းဥပဒေများဖြင့် ပြဋ္ဌာန်းသတ်မှတ်ထားသည့် ပမာဏနှင့်ညီမျှသော သို့မဟုတ် ပိုမိုသောပမာဏရှိခြင်း၊

( ဂ ) ဤလျှောက်လွှာကိုတင်သွင်းသည့်နေ့မှစ၍ လွန်ခဲ့သည့် ငါးနှစ်တာကာလအတွင်း မြီစားသည် လူမွဲအဖြစ်ခံယူစေရန် အမိန့်ချမှတ်ခံရဖူးခြင်းမရှိသည့်အပြင် ကြွေးမြီများပေးဆပ်ရန် ၎င်း၏ မြီရှင်များနှင့် ညှိနှိုင်းသဘောတူညီချက် ရယူဆောင်ရွက်ခဲ့မှုမရှိခဲ့ဖူးခြင်း၊

(ဃ) မြီစားသည် မိုက်ခရို၊ အသေးစားနှင့် အလတ်စားလုပ်ငန်းတစ်ခု၏ ပိုင်ရှင်တစ်ဦးဖြစ်ပြီး ဤဥပဒေ၏ အပိုင်း (၆) အရ လုပ်ငန်းစဉ်မှာ ပြီးပြတ်မှုမရှိသေးခြင်း။

**ယုံမှတ်အပ်နှံခြင်းခံရသူ သို့မဟုတ် တရားဝင်ပစ္စည်းထိန်းခန့်အပ်ခြင်း**

၂၆၀။ (က) တရားရုံးသည် မြီစားတစ်ဦး၏လျှောက်ထားချက်အရ လူမွဲအဖြစ်ခံယူစေရန် အမိန့်ချမှတ်ရာတွင် တရားဝင်ပစ္စည်းထိန်း သို့မဟုတ် အပိုင်း (၃) အရ လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူအဖြစ် ဆောင်ရွက်ရန် အရည်အချင်းရှိသူတစ်ဦးအား ထိုလူမွဲပိုင်ပစ္စည်းများနှင့်စပ်လျဉ်း၍ ယုံမှတ်အပ်နှံခြင်းခံရသူအဖြစ် ခန့်ထားရမည်။

( ခ ) ပုဒ်မခွဲ(က) အရ ခန့်အပ်ခြင်းခံရသူသည် (တရားဝင်ပစ္စည်းထိန်းမှလွဲ၍) ထိုသို့ခန့်ထားခြင်းကို လက်ခံကြောင်း စာဖြင့်ရေးသားသဘောတူရမည်ဖြစ်ပြီး ယင်းသို့သဘောတူကြောင်းကို တရားရုံးသို့ တင်ပြရမည်။ ထိုသို့ခန့်ထားခြင်းကို သဘောတူကြောင်း စာဖြင့် ရေးသားတင်ပြခြင်းမရှိလျှင် တရားရုံးသည် တရားဝင်ပစ္စည်းထိန်းအား အောက်ပါပုဒ်မခွဲများတွင် ပြဋ္ဌာန်းထားသည့်အတိုင်း မြီရှင်များအစည်းအဝေးကို ခေါ်ယူကျင်းပနိုင်ရန်အတွက် ယာယီပစ္စည်းထိန်းအဖြစ် ခန့်အပ်ရမည်။

( ဂ ) ပုဒ်မခွဲ ( ခ ) အရ ခန့်ထားခြင်းမပြုမီ အပိုင်း (၆) လုပ်ငန်းစဉ်ကို လုပ်ဆောင်နေသောလုပ်ငန်း၏ လုပ်ငန်းရှင်တစ်ဦးနှင့်ပတ်သက်၍ လူမွဲအဖြစ်ခံယူစေရန် အမိန့်ကိုချမှတ်ရာတွင် တရားရုံးသည် ပြန်လည်ထူထောင်ရေးအကြံပေးကို လူမွဲပိုင်ပစ္စည်းများနှင့်စပ်လျဉ်း၍ ယုံမှတ်အပ်နှံခြင်းခံရသူအဖြစ် ပြောင်းလဲခန့်အပ်နိုင်သည်။

(ဃ) ဤပုဒ်မအရ တရားဝင်ပစ္စည်းထိန်းကို ခန့်အပ်သည့်အခါ ပုဒ်မ ၂၅၆ သည် သက်ဆိုင်စေရမည်။

**မိုက်ခရို၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများမဟုတ်သော မြီစားများ**

**မိုက်ခရို၊ အသေးစားနှင့် အလတ်စားလုပ်ငန်းမဟုတ်သော မြီစားများနှင့်ပတ်သက်၍ လျှောက်ထားမှုများ**

၂၆၁။ (က) မိုက်ခရို၊ အသေးစားနှင့် အလတ်စားလုပ်ငန်းတစ်ရပ်မဟုတ်သူ မြီစားတစ်ဦးနှင့်ပတ်သက်၍ တရားရုံးသို့ လူမွဲအဖြစ်ခံယူစေသည့် အမိန့်ချမှတ်ပေးရန် လျှောက်လွှာတင်သွင်းလျှင် တရားရုံးသည် အောက်ပါအမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်-

(၁) မြီစားအနေဖြင့် ငွေကြေးဆိုင်ရာ တိုင်ပင်ဆွေးနွေးမှုခံယူစေသည့်အမိန့်၊

(၂) အပိုင်း (၃) အရ လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူတစ်ဦးအဖြစ် ဆောင်ရွက်ရန် အရည်အချင်းရှိသူ သို့မဟုတ် တရားဝင်ပစ္စည်းထိန်းအား ဤအပိုင်း၏ အခန်း(၁) အရ အဆိုပြုခံရသူအဖြစ် ခန့်အပ်ရန်နှင့် ဤအပိုင်းအရ သင့်တော်သည်ဟု ထင်မြင်ယူဆသော အခြားအမိန့်၊

(၃) ပုဒ်မ ၂၆၂ အရမြီစားအား မြီရှင်များနှင့် စေ့စပ်ဖျန်ဖြေစေသည့် အမိန့်။

( ခ ) တရားရုံးသည် ပုဒ်မခွဲ (က) အရ အမိန့်တစ်ရပ်ချမှတ်သည့်အခါ သင့်သည်ဟုထင်မြင်လျှင် ထိုလျှောက်ထားချက်ကို ရွှေ့ဆိုင်းခြင်း သို့မဟုတ် မြီရှင်၏ လျှောက်ထားချက်ကို ပလပ်ခြင်း ပြုနိုင်သည်။

**စေ့စပ်ဖျန်ဖြေသူအား ခန့်အပ်ခြင်း**

၂၆၂။ မြီစားသည် ကြွေးမြီကို ပြန်လည်ပေးဆပ်နိုင်ခြင်းမရှိကြောင်း သို့မဟုတ် ပြန်လည်ပေးဆပ်နိုင်တန်ရာအကြောင်း မရှိကြောင်း မိမိကိုယ်မိမိ ထင်မြင်ယူဆသည့်အခါ စေ့စပ်ဖျန်ဖြေသူအား ခန့်အပ်၍ အောက်ပါကိစ္စတစ်ရပ်ရပ်ကို ဆောင်ရွက်စေနိုင်သည် -

(က) မြီစားက ပေးဆပ်ရန် ပေါ်ပေါက်နေသော ကြွေးမြီ သို့မဟုတ် ကြွေးမြီများနှင့်စပ်လျဉ်း၍ အငြင်းပွားမှုတစ်ရပ်ရပ်ကို စေ့စပ်ဖျန်ဖြေခြင်း၊

( ခ ) ဤအပိုင်း၏ အခန်း (၁) ပါ ပြဋ္ဌာန်းချက်များအရ မိမိဆန္ဒအလျောက် အစီအစဉ်ပြုလုပ်ရန်အတွက် မြီရှင်များနှင့် ညှိနှိုင်းဆွေးနွေးမှုကို အထောက်အကူပေးခြင်း။

**ဆိုင်းငံ့မိန့် (Moratorium Order)**

၂၆၃။ (က) ပုဒ်မ ၂၆၂ အရ စေ့စပ်ဖျန်ဖြေသူအား ခန့်အပ်ခဲ့သည့် မြီစား၏ လျှောက်ထားချက်အရတရားရုံးသည်အောက်ပါအရေးယူဆောင်ရွက်ချက်များကို ရပ်ဆိုင်းထားစေရန် ဆိုင်းငံ့မိန့်တစ်ရပ် ချမှတ်နိုင်သည်-

(၁) တစ်စုံတစ်ဦးက မြီစားထံတွင် တင်ရှိနိုင်သော သို့မဟုတ် အခိုင်အမာ တောင်းဆိုထားသော ကြွေးမြီ သို့မဟုတ် တောင်းဆိုမှုနှင့်စပ်လျဉ်း၍ ထိုသူက မြီစားအပေါ် အမှုတစ်ရပ်ရပ် စတင်တရားစွဲဆိုခြင်း သို့မဟုတ် စွဲဆိုထားသောအမှုကို ဆက်လက်ဆောင်ရွက်ခြင်းမှ တားမြစ်ခြင်း၊

(၂) မြီစားအပေါ်တွင် လူမွဲအဖြစ်ခံယူစေသည့် အမိန့်ချမှတ်ခြင်းမှ တားမြစ်ခြင်း၊

(၃) မြီစားပိုင်ပစ္စည်းတွင် ရရှိထားသော အာမခံအကျိုးခံစားခွင့်တစ်ရပ်ရပ်ကို အတည်ပြုဆောင်ရွက်ရန်အတွက် တစ်စုံတစ်ဦးက အရေးယူဆောင်ရွက်ခြင်းအား တားမြစ်ခြင်း။

( ခ ) ပုဒ်မခွဲ (က) အရချမှတ်သော ဆိုင်းငံ့မိန့်တစ်ရပ်တွင် ယင်းအမိန့်အကျိုးသက်ရောက်စေရမည့် အချိန်ကာလတစ်ရပ်ကို သတ်မှတ်ဖော်ပြရမည်။ သို့ရာတွင် ထိုသတ်မှတ်ကာလသည် ထိုအမိန့်ကို ချမှတ်သည့်နေ့မှစ၍ ၂၈ ရက်ထက်ကျော်လွန်ခြင်း မရှိစေရ။

( ဂ ) ဤပုဒ်မအရချမှတ်သော ဆိုင်းငံ့ကာလကို တရားရုံးသည် ထိုမြီစား၏ လျှောက်ထားချက်အရ နောက်ထပ် ၂၈ ရက်အထိ တိုးချဲ့သတ်မှတ်ပေးနိုင်သည်။ သို့ရာတွင် ထိုမြီစားက ထိုသို့လျှောက်ထားမည်ဖြစ်ကြောင်း မြီရှင်တစ်ဦးချင်းစီထံသို့ အကြောင်းကြားစာပေးပို့ခဲ့ကြောင်းနှင့် အောက်ပါအခြေအနေတစ်ရပ်ရပ်ရှိနေကြောင်း တရားရုံးသည် ယုံကြည်ကျေနပ်မှသာ ထိုသို့ အချိန်တိုးချဲ့သတ်မှတ်သည့်အမိန့်ကို ချမှတ်ပေးရမည်-

(၁) ထိုသို့သက်တမ်းတိုးခြင်းကို မည်သည့်မြီရှင်ကမျှ ကန့်ကွက်မှုမရှိခြင်း၊

(၂) ဆိုင်းငံ့မိန့်၏သက်တမ်းတိုးပေးရန် လျှောက်ထားချက်အပေါ် တင်သွင်းခဲ့သော ကန့်ကွက်ချက် (ရှိလျှင်) ကို ငြင်းပယ်သင့်ကြောင်း တရားရုံးက ထင်မြင်ယူဆခြင်း။

(ဃ) ပုဒ်မခွဲ (က) သို့မဟုတ် ပုဒ်မခွဲ ( ဂ ) အရ လျှောက်ထားချက်တစ်ရပ်ကို လက်ခံရရှိသည့်တရားရုံးသည် အောက်ပါအချက်များကိုထည့်သွင်းစဉ်းစားနိုင်သည်-

(၁) စေ့စပ်ဖျန်ဖြေရာ၌ ပါဝင်ခြင်းမရှိသည့် မြီရှင်များအပါအဝင် မြီရှင်အားလုံးအပေါ် ထိုအမိန့်၏ အကျိုးသက်ရောက်မှု၊

(၂) ပုဒ်မ ၂၆၂ ပုဒ်မခွဲ (က) တွင် ဖော်ပြထားသည့်ကိစ္စနှင့်စပ်လျဉ်း၍ စေ့စပ်ဖျန်ဖြေခြင်း အောင်မြင်စွာ ဆောင်ရွက်နိုင်မှု အလားအလာများ၊

(၃) စေ့စပ်ဖျန်ဖြေခြင်း အောင်မြင်စွာဆောင်ရွက်နိုင်မှု အလားအလာများနှင့်စပ်လျဉ်း၍ စေ့စပ်ဖျန်ဖြေသူက တင်ပြသည့် ထင်မြင်ယူဆချက်။

( င ) ဤပုဒ်မအရ ဆိုင်းငံ့မိန့်ချမှတ်ပြီးနောက် ထိုမြီစားသည် မြီရှင်တစ်ဦးချင်းစီထံသို့ ထိုအမိန့်၏မိတ္တူကို ချက်ချင်းပေးပို့ရမည်။

**ယုံမှတ်အပ်နှံခြင်းခံရသူအဖြစ် ခန့်အပ်ပြီးကြောင်း အကြောင်းကြားစာ**

၂၆၄။ (က) လူမွဲအဖြစ်ခံယူစေသည့်အမိန့်မိတ္တူ ရရှိသည်နှင့်တစ်ပြိုင်နက် လူမွဲပိုင်ပစ္စည်းများနှင့်စပ်လျဉ်း၍ ခန့်အပ်ခြင်းခံရသော ယုံမှတ်အပ်နှံခြင်းခံရသူသည် အောက်ပါတို့ကို ဆောင်ရွက်ရမည်-

(၁) ထိုသို့ခန့်အပ်ထားကြောင်းကို နေရပ်လိပ်စာသိရှိသည့် မြီရှင်များထံသို့ အကြောင်းကြားစာပေးပို့ခြင်း၊

(၂) ထိုသို့ခန့်အပ်ထားကြောင်းကို နည်းဥပဒေများဖြင့် သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ကြေညာခြင်း။

( ခ ) ပုဒ်မခွဲ (က) အရပေးပို့သော အကြောင်းကြားစာနှင့် ကြေညာစာတွင် အောက်ပါသတင်းအချက်အလက်များ ပါရှိရမည် -

(၁) လူမွဲ၏အမည်နှင့် နေရပ်လိပ်စာ၊

(၂) လူမွဲအဖြစ်ခံယူစေသည့် အမိန့်နှင့်စပ်လျဉ်းသည့် အသေးစိတ်အချက်အလက်များ၊

(၃) ယုံမှတ်အပ်နှံခြင်းခံရသူနှင့်စပ်လျဉ်းသည့် အသေးစိတ်အချက်အလက်များ၊

(၄) နည်းဥပဒေများဖြင့် သတ်မှတ်ထားသော အခြားအချက်အလက်များ။

**လူမွဲဖြစ်မှု စတင်ခြင်းနှင့် ရပ်စဲခြင်း**

**လူမွဲဖြစ်မှု စတင်ခြင်းနှင့် အကျိုးသက်ရောက်ခြင်း**

၂၆၅။ သာမန်လူပုဂ္ဂိုလ်တစ်ဦးအပေါ် လူမွဲအဖြစ်ခံယူစေသည့် အမိန့်တစ်ရပ်ချမှတ်သည့်အခါ ထိုသူနှင့်စပ်လျဉ်း၍ လူမွဲဖြစ်မှုသည်-

(က) ထိုအမိန့်ကို ချမှတ်သည့်နေ့မှ စတင်ရမည်ဖြစ်သည်၊

( ခ ) ဤအခန်းပါ ပြဋ္ဌာန်းချက်များအရ ထိုသူအား လူမွဲဖြစ်မှုရပ်စဲသည့် အချိန်ကာလအထိ ဆက်လက်အကျိုးသက်ရောက်စေရမည်။

**လူမွဲဖြစ်မှု အချိန်ကာလ**

၂၆၆။ (က) တရားရုံးက အခြားနည်းဖြင့် အမိန့်ချမှတ်ထားခြင်းမရှိလျှင် သာမန်လူပုဂ္ဂိုလ်တစ်ဦး၏ လူမွဲဖြစ်မှုသည် ၎င်းအပေါ် လူမွဲအဖြစ်ခံယူစေသည့် အမိန့်ချမှတ်သည့်နေ့ရက်မှစတင်၍ နောက်သုံးနှစ်တာကာလ ကုန်ဆုံးသည့်နေ့ရက်တွင် ရပ်စဲစေရမည်။

( ခ ) ယုံမှတ်အပ်နှံခြင်းခံရသူက ပုဒ်မ ၂၇၄ အရ ဆောင်ရွက်သည့် လူမွဲ၏ အပြုအမူနှင့် အရေးအရာကိစ္စရပ်များကို စုံစမ်းစစ်ဆေးခြင်းသည် မလိုအပ်ကြောင်း သို့မဟုတ် ပြီးဆုံးပြီဖြစ်ကြောင်းကို သတ်မှတ်ကာလမကုန်ဆုံးမီ တရားရုံးသို့ အကြောင်းကြားတင်ပြလာသည့်အခါ ယင်းသို့တင်ပြသည့်အချိန်မှစ၍ လူမွဲဖြစ်မှုရပ်စဲစေရမည်။

( ဂ ) ယုံမှတ်အပ်နှံခြင်းခံရသူ၏ လျှောက်ထားချက်အရ ပုဒ်မခွဲ (က)၌ သတ်မှတ်ဖော်ပြထားသော အချိန်ကာလသည် အောက်ပါအခြေအနေတစ်ရပ်ရပ်တွင် ရပ်စဲစေရမည်ဟု တရားရုံးက အမိန့်ချမှတ်နိုင်သည်-

(၁) သီးခြားအချိန်ကာလတစ်ရပ် ကုန်ဆုံးသည့်အခါ၊

(၂) သီးခြားကိစ္စတစ်ရပ် ပြီးမြောက်သည့်အခါ။

(ဃ) လူမွဲသည် ဤအပိုင်းတွင်ပြဋ္ဌာန်းထားသော တစ်ခု သို့မဟုတ် တစ်ခုထက်ပိုသောတာဝန်များကို ဆောင်ရွက်ရန် ပျက်ကွက်နေကြောင်း သို့မဟုတ် ပျက်ကွက်ခဲ့ကြောင်း ကျေနပ်မှသာလျှင် တရားရုံးသည် အထက်ပါ ပုဒ်မခွဲ (ဂ) အရ အမိန့်တစ်ရပ်ကို ချမှတ်နိုင်သည်။

**(ဆက်လက်ဖော်ပြပါမည်)**

## မန္တလေး၌ မြေသိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီ ညှိနှိုင်းအစည်းအဝေး ကျင်းပ



**မန္တလေး မတ် ၃**

မန္တလေးတိုင်းဒေသကြီး လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မတ် ၂ရက်မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ပြုလုပ်ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင် တက်ရောက် အမှာစကားပြောကြားသည်။

ယင်းလုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တောင်သူလယ်သမားကိုယ်စားလှယ်များနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့မှ ခရိုင်အုပ်ချုပ်ရေးမှူးများ တက်ရောက်ကြပြီး တိုင်းဒေသကြီး လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများမှ အမှုတွဲ ၃၂ တွဲအား စိစစ်ဆောင်ရွက်ခဲ့ကြသည်။

**တင်မောင်**
**(မန်းကိုယ်ပွား)**



## အသက် ၁၀၄ နှစ်ရှိ အဘိုးဦးကြီးဖြူအား အလှူငွေ၊ ဆေးဝါးနှင့် စားသောက်ဖွယ်ရာများ လှူဒါန်း

**ညောင်ဦး မတ် ၃**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ယဉ်စမ်းရွာသာအေးကျေးရွာတွင် နေထိုင်လျက်ရှိသော အသက် ၁၀၄ နှစ်ရှိ အဘိုး ဦးကြီးဖြူအား ညောင်ဦးမြို့ ရွှေစေတီဆရာတော် ဦးတေဇဝံသ ဦးဆောင်လျက် ညောင်ဦးမြို့ စိတ်တူကိုယ်တူပရဟိတမောင်နှမများအဖွဲ့က မတ် ၃ ရက်က သွားရောက်ကာ အလှူငွေ၊ ဆေးဝါးနှင့် စားသောက်ဖွယ်ရာများ လှူဒါန်းဂါရဝပြုခဲ့ကြောင်း သိရသည်။

ညောင်ဦးမြို့နယ် ယဉ်စမ်းရွာသာအေးကျေးရွာတွင် နေထိုင်လျက်ရှိသည့် အဘိုး ဦးကြီးဖြူသည် ၁၉၁၆ ခုနှစ် မြန်မာသက္ကရာဇ် ၁၂၇၈ ခုနှစ်တွင် ယဉ်စမ်းကျေးရွာ၌ မွေးဖွားခဲ့သည်။ ဒေါ်သန်းရွှေနှင့် အိမ်ထောင်ကျ၍ သား၊ သမီး ခုနစ်ဦးမွေးခဲ့ပြီး နှစ်ဦးသာကျန်ရှိကြောင်း သိရသည်။ ယခုအခါ သမီးနှစ်ယောက်၊ မြေးသုံးယောက်၊ မြစ်လေးယောက်တို့နှင့်အတူ နေထိုင်လျက်ရှိကြောင်း သိရသည်။

**ကိုထိန်(ငွါသရောက်)**

### သတင်းစုံကဏ္ဍ

## အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ ပညာပေးဟောပြော

**ညောင်တုန်း**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်တွင် COVID–19 လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါနှင့် ပတ်သက်၍ အသိပညာပေးဟောပြောပွဲကို မတ် ၃ ရက် နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

မြို့နယ်ကျန်းမာရေးမှူး ဦးလှဦးနှင့် လက်ထောက်ကျန်းမာရေးဦးစီးမှူး ဦးစိုးမြင့်တို့က ရောဂါလက္ခဏာများ သံသယရှိဖွယ်တွေ့ရှိပါက အချိန်မီသတင်းပေးပို့ရေး၊ လက်ကိုသန့်စင်အောင် ဆပ်ပြာဖြင့် စနစ်တကျ မကြာခဏဆေးကြောရန်၊ နှာချေ၊ ချောင်းဆိုးလျှင် နှာခေါင်းနှင့် ပါးစပ်ကို လုံခြုံအောင် အဝတ်နှင့် နှာခေါင်းစည်းအသုံးပြုရန်နှင့် ရောဂါကာကွယ်ရေးနည်းလမ်းများ အကြောင်းကို ဟောပြောပြီး လက်ကမ်းစာစောင်များဖြန့်ဝေခဲ့ကြောင်း သိရသည်။

**ဝဠာနိုင်(ညောင်တုန်း)**

## နမ့်ဆန်၌ ကိုရိုနာဗိုင်းရပ်စ် ရှိ-မရှိ ခရီးသည်များအား စစ်ဆေး

**နမ့်ဆန်**

ရှမ်းပြည်နယ် နမ့်ဆန်မြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအောင်ကျော်ဦးသည် ဌာနဆိုင်ရာများ၊ ကျန်းမာရေးဝန်ထမ်းများပူးပေါင်း၍ နမ့်ဆန်မြို့နယ်သို့ ဝင်ရောက်လာသည့် ခရီးသွားပြည်သူများအား COVID–19 ရှိ–မရှိ စောင့်ကြည့်စစ်ဆေးခြင်းလုပ်ငန်းကို မတ် ၃ ရက် နံနက် ၇ နာရီခွဲမှစ၍ မြို့နယ်ပြည်သူ့ဆေးရုံရှေ့၌ ဆောင်ရွက်သည်။

နမ့်ဆန်မြို့ ဝင်/ထွက်နေရာများတွင် မူဆယ်၊ လားရှိုး၊ သီပေါ၊ ကျောက်မဲနှင့်အခြားသောမြို့နယ်များမှ ဝင်ရောက်လာသည့် ခရီးသည်တင်ယာဉ်များ၊ ဆိုင်ကယ်ဖြင့်ဝင်ရောက်လာသည့် ခရီးသည်များတွင် တရုတ်နိုင်ငံမှ ဝင်ရောက်လာသည့်ခရီးသည်များပါရှိခြင်း ရှိ–မရှိ စစ်ဆေးခြင်းနှင့် အပူချိန် တိုင်းတာစက်ဖြင့် တိုင်းတာခြင်း၊ အသိပညာပေးခြင်း၊ အသိပညာပေးလက်ကမ်းစာစောင်ဖြန့်ဝေခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**အောင်မိုး ( ပြန်/ဆက်)**

## ပေါင်မြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးရေး ငွေစာရင်းသင်တန်းဖွင့်

**ပေါင်**

ပေါင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ကျေးရွာများ၏ စီမံကိန်းလုပ်ငန်းညှိနှိုင်းအစည်းအဝေးနှင့် ငွေစာရင်းမွမ်းမံသင်တန်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၂၇ ရက်တွင် သထုံခရိုင် ပေါင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်လတ်က အဖွင့်အမှာစကားပြောကြားပြီး စီမံကိန်းကျေးရွာများ၏ လုပ်ငန်းလည်ပတ်နေမှုအခြေအနေ၊ တွေ့ကြုံရသော အခက်အခဲများ၊ ရှေ့ဆက်ဆောင်ရွက်မည့်အခြေအနေနှင့် ရန်ပုံငွေအလေအလွင့်မရှိစေရေးတို့အတွက် ညှိနှိုင်းအကြံပြုဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ကြေးမုံ**

## နေပြည်တော်ကောင်စီဥက္ကဋ္ဌ ပျဉ်းမနားမြို့ ငလိုက်ချောင်းတံတား ဆောက်လုပ်နေမှု ကြည့်ရှု





**နေပြည်တော် မတ် ၃**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ နေပြည်တော်ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်မှူးကြီး မင်းနောင်၊ ဦးတင်ထွန်း၊ ပျဉ်းမနားမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိုးအောင်နှင့်အဖွဲ့တို့သည် မတ် ၃ ရက် နံနက်ပိုင်းက ပျဉ်းမနားမြို့နယ် ရန်ကုန်–မန္တလေးလမ်းဟောင်းပေါ်ရှိ ငလိုက်ချောင်းတံတား ဆောက်လုပ်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

တံတားကို တာဝန်ခံဆောက်လုပ်သည့် ရွှေတောင်ဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီမှ ဆောက်လုပ်ရေးစီမံကိန်း တာဝန်ခံ ဦးစိန်ဝင်းက တံတားဆိုင်ရာအချက်အလက်များ၊ တံတားပြီးစီးမှုအခြေအနေများ၊ လက်ရှိဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းနှင့် ရှေ့ဆောင်ရွက်သွားမည့်လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် အရှည် ၃၄၅ ပေ၊ အကျယ် ၆၂ ပေ ၄ လက်မ၊ ယာဉ်သွားလမ်း ၅၀ ပေ ၄ လက်မ၊ လူသွားလမ်း ခြောက်ပေရှိ အပေါ်ထည်သံကူကွန်ကရစ်ရက်မနှင့် သံမဏိသံပေါင်ရက်မ (R.C Girder & Plate Girder) လေးလမ်းသွားတံတား ဆောက်လုပ်နေမှုကိုကြည့်ရှုစစ်ဆေးပြီး သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အမြန်ဆုံးပြီးစီးအောင် ဆောက်လုပ်သွားကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**စိုးမိုး (ပြန်/ဆက်)**

## မေမြို့ပန်းစိုက်တောင်သူများ ဈေးကွက်ကောင်း၍ အကျိုးအမြတ်ရရှိ

**မိတ္ထီလာ မတ် ၃**

မိတ္ထီလာမြို့နယ် ထန်းတောကျေးရွာမှ မေမြို့ပန်းစိုက်တောင်သူများ ပန်းဈေးကွက်ကောင်း၍ အကျိုးအမြတ် ကျပ်သိန်း ၂၀ မှ ၂၅ သိန်းအထိရရှိကာ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

"ဒီနှစ် မေမြို့ပန်း ဈေးကွက်ကောင်းတဲ့အတွက် အကျိုးအမြတ်ရရှိပြီး အဆင်ပြေကြပါတယ်။ ငါးပင်ပါတစ်စည်းကို ကျပ် ၁၅၀၊ ၁၈၀ ရောင်းရပြီး ဈေးကောင်းရင် တစ်စည်း ကျပ် ၂၀၀ အထိ ရောင်းရသည်။ အခုလို ဈေးကွက်ကောင်းတဲ့နှစ်ဆို မေမြို့ပန်းစိုက်တဲ့ လုပ်ငန်းကနေ ကျပ်သိန်း ၂၀ မှ ၂၅ သိန်းအထိ ဝင်ငွေရရှိပါတယ်။ ဈေးကွက်မကောင်းတဲ့ နှစ်မျိုးဆိုရင်တော့ ကျပ် ၁၀ သိန်းမှ ၁၅ သိန်းလောက်အထိပဲ ဝင်ငွေရရှိပါတယ်။ မေမြို့ပန်းတွေကို မိတ္ထီလာမြို့ပေါ် ဈေးကွက်ကို တင်ပို့ရောင်းချရသလို ကျေးရွာအထိဆင်းပြီး လာရောက်ဝယ်ယူတာမျိုးတွေလည်း ရှိပါတယ်"ဟု ထန်းတောကျေးရွာမှ မေမြို့ပန်းစိုက်သူ ကိုမြင့်ခိုင်က ပြောသည်။

တခြားဒေသမှ ရောင်စုံဘုရားပန်းများနှင့် ဂန္ဓမာပန်းများ ဈေးကွက်သို့ရောက်ရှိလာချိန်တွင် မိတ္ထီလာဒေသခံများ စိုက်ပျိုးရောင်းချသည့် မေမြို့ပန်းဈေးကွက်မှာ အရောင်းအဝယ်အေး၍ ဈေးကျလေ့ရှိသည်။

မိတ္ထီလာတွင် မေမြို့ပန်းကို ရှမ်းတဲ၊ ရွာသာအေး၊ မွေ၊ ထန်းတောစသည့်ကျေးရွာများတွင် ဒေသခံတောင်သူများအနေဖြင့် အခြားစိုက်သီးနှံများနှင့်အတူ ဝင်ငွေရစိုက်ပျိုးပင်အဖြစ် ဈေးကွက်သို့ တင်ပို့ရောင်းချရန် စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

## သုံးခွမြို့နယ်၌ စိုက်ပျိုးစရိတ်ချေးငွေများ ပြန်လည်ပေးဆပ်

**သုံးခွ မတ် ၃**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်တွင် ၂၀၁၉ စိုက်ပျိုးရာသီ၌ တောင်သူများက မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ချေးယူထားသော မိုးစပါးနှင့် ဆောင်းသီးနှံ စိုက်ပျိုးစရိတ်ချေးငွေများကို စိုက်ပျိုးသီးနှံရောင်းချရရှိသော ငွေများဖြင့် မတ် ၃ ရက် မွန်းလွဲ ၁ နာရီက တာဝန်ကျေစွာ ပြန်လည်ပေးဆပ်လျက်ရှိသည်။ သုံးခွမြို့နယ်တွင် ၂၀၁၉ စိုက်ပျိုးရာသီ၌ မိုးစပါးတစ်ဧက ကျပ် ၁၅၀၀၀၀ နှုန်းဖြင့် ကျပ် ၁၇၂၇၉၅ ဒသမ ၅ သိန်း၊ ဆောင်းသီးနှံ ပဲတီစိမ်းစိုက်ပျိုးရန် တစ်ဧက ကျပ်တစ်သိန်းနှုန်းဖြင့် ငွေကျပ် ၁၀၇၇၄၂ သိန်းအား ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ စိုက်ပျိုးစရိတ်ချေးငွေများ ပြန်လည်ပေးဆပ်နေမှုအား မြို့နယ်မြန်မာ့ လယ်ယာဖွံ့ဖြိုးရေးဘဏ်မန်နေဂျာ ဦးအုန်းဟန်နှင့် ဝန်ထမ်းများက ကူညီဆောင်ရွက်ပေးကြောင်း သိရသည်။

**ကိုကျော်(သုံးခွ)**



## နှစ်ထပ်ကျောင်းဆောင်သစ်ဆောက်လုပ်ရန် မင်္ဂလာအခမ်းအနား ကျင်းပ

**လေးမျက်နှာ မတ် ၃**

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ် အိုင်သပြုကျေးရွာ အခြေခံပညာအထက်တန်းကျောင်းတွင် နှစ်ထပ်ကျောင်းဆောင်သစ်ဆောက်လုပ်ရန် ရတနာအုတ်မြစ်စီမင်္ဂလာအခမ်းအနားနှင့် အလှူငွေပေးအပ်ပွဲကို မတ် ၁ ရက် နံနက် ၉ နာရီက ကျင်းပသည်။

တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာလှမြတ်သွေးနှင့် မြို့နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျောင်းဆောင်သစ်ဖြစ်မြောက်ရေး ကော်မတီအဖွဲ့ဝင်များက ရတနာအုတ်တော်များကို တွင်းတော်များအတွင်း စီသွင်းပေးကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး လူမှုရေးဝန်ကြီးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်မင်းသိန်းက ကျောင်းဆောင်သစ် ဆောက်လုပ်ရခြင်းနှင့် အလှူငွေလက်ခံရရှိမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

အဆိုပါကျောင်းဆောင်သစ်မှာ အလျား ပေ ၂၈၀၊ အနံ ပေ ၃၀ နှစ်ထပ်ကျောင်းဆောင်သစ်ဖြစ်ကြောင်း သိရသည်။

**ရွှေမိုး(ပြန်/ဆက်)**

## ကြီးကြပ်ရေးမှူးနှင့် စာဖြေသူများ လိုက်နာရန် စည်းကမ်းချက်များရှင်းလင်း

**ကျောက်ပန်းတောင်း မတ် ၃**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့တွင် တက္ကသိုလ်ဝင်စာမေးပွဲကြီးကြပ်ရေးမှူးများ၊ လက်ထောက်ကြီးကြပ်ရေးမှူးများနှင့် စာဖြေသူများ လိုက်နာရန် စည်းကမ်းချက်များရှင်းလင်းပွဲကို မတ် ၂ ရက် နံနက် ၉ နာရီခွဲက အမှတ်(၁)အထက စကားဝါခန်းမ၌ ကျင်းပသည်။

မြို့နယ်ပညာရေးမှူး ဒေါ်တင်တင်အေးက အမှာစကားပြောကြားပြီး ဦးသန်းထွေး (ကျောင်းအုပ်-ပုပ္ပား အထက)၊ ဒေါ်နွဲ့နွဲ့ကြည် (ကျောင်းအုပ်-အထက-၁)၊ ဒေါ်နွဲ့နွဲ့ဝင်း (ကျောင်းအုပ်-သုံးအိမ်ကုန်း အထက)၊ ဒေါ်ငွေငွေမြင့် (ကျောင်းအုပ်-စိတ္တိန်း အထက)၊ ဒေါ်ခင်ညွန့်ရွှေ (ကျောင်းအုပ် လေးရွာ အထက-ခွဲ)နှင့် ဦးဝင်းဖေ (ကျောင်းအုပ်-ဆုံကုန်း အထက-ခွဲ)တို့က မိမိတို့စာစစ်ဌာနများအလိုက် ပြင်ဆင်ဆောင်ရွက်ထားရှိမှုနှင့် စာမေးပွဲကာလအတွင်း တာဝန်ထမ်းဆောင်ကြမည့် စာမေးပွဲကြီးကြပ်ရေးမှူးများ၊ လက်ထောက်ကြီးကြပ်ရေးမှူးများနှင့် စာမေးပွဲဖြေဆိုကြမည့် ကျောင်းသားကျောင်းသူများအတွက် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားကြသည်။

**ကိုနေ (ကျောက်ပန်းတောင်း)**

### သတင်းစုံကဏ္ဍ

## လေဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်

**ကနီ**

လေဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို စစ်ကိုင်းတိုင်းဒေသကြီး ကနီမြို့နယ်တွင် စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း တိုင်းဒေသကြီး ဘေးအန္တရာယ်စီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစဝ်လီဖရန့်ထံမှ သိရသည်။

လေဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ကနီမြို့နယ်တွင် မတ် ၁ ရက်က မဲဒင်မြောက်ရွာနှင့် တော်ဝင်အရှေ့ရွာမှ အိမ်ခြေ ၃၃ အိမ်တို့တွင်လည်းကောင်း၊ မတ် ၂ ရက်က ကျဉ်းမော်ရွာနှင့် ကံဇိဘရွာတို့တွင် နေအိမ် ၆၂ လုံးကို အမိုး၊ အကာ၊ တိုင်၊ တန်းများ ထောက်ပံ့ခဲ့ကြောင်း သိရသည်။

**မျိုးဝင်းထွန်း (မုံရွာ)**

## စစ်ကိုင်းခရိုင်ရဲတပ်ဖွဲ့ဝင်များ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**စစ်ကိုင်း**

စစ်ကိုင်းခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးခင်မောင်စိန်ဦးဆောင်၍ စစ်ကိုင်း၊ မြင်းမူ၊ မြောင်မြို့နယ်တို့မှ ရဲတပ်ဖွဲ့ဝင်များသည် မတ် ၂ ရက် နံနက် ၇ နာရီက စစ်ကိုင်းတောင်ရိုး သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်အတွင်းနှင့် အနီးပတ်ဝန်းကျင်နေရာများသို့ စုပေါင်းသန့်ရှင်းရေးများ ဆောင်ရွက်ခဲ့ကြသည်။

"ခရိုင်အတွင်းမှာရှိတဲ့ ရဲတပ်ဖွဲ့ဝင်အင်အား ၁၀၀နဲ့ သန့်ရှင်းရေးများဆောင်ရွက်ပေးတာပါ" ဟု ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ခင်မောင်စိန်က ပြောကြားသည်။

**ဇော်မြင့်နိုင်**

## တောင်သူများ ဝင်ငွေပိုမိုရရှိလာစေရေး မှိုစိုက်ပျိုးထုတ်လုပ်မှု သင်တန်းဖွင့်လှစ်

**လှိုင်းဘွဲ့**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်တွင် စိုက်ပျိုးရေးဦးစီးဌာနက တောင်သူများ ဝင်ငွေပိုမိုရရှိလာစေရေးအတွက် ငွေနှင်းမှိုစိုက်ပျိုးထုတ်လုပ်နည်းသင်တန်းကို ယနေ့နံနက်ပိုင်းက မြိုင်ကြီးငူအထူးဒေသ အေးလင်းသာယာကွင်းရှိ ခမ္မာရုံ၌ ကျင်းပသည်။

သင်တန်းတွင် (BGF)ကွပ်ကဲရေးအကြံပေးအဖွဲ့မှ ဦးစောချစ်လွင်က အဖွင့်အမှာစကားပြောကြားပြီး ငွေနှင်းမှိုနှင့် ကောက်ရိုးမှိုမျိုး ထုတ်လုပ်နည်းနှင့် စိုက်ပျိုးနည်းများကို လက်ထောက်ဦးစီးမှူး ဦးစိုးမင်းထွန်းနှင့် ဒုဦးစီးမှူး ဒေါ်ရီရီခိုင်တို့က မတ် ၃ ရက်မှ မတ် ၅ ရက်အထိ စာတွေ့လက်တွေ့ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါသင်တန်းသို့ မြိုင်ကြီးငူအထူးဒေသရှိ ဒေသခံတောင်သူ ၄၃ ဦး တက်ရောက်သင်ကြားခဲ့ကြောင်း သိရသည်။

**ခင်စန်းမြင့်(ပြန်/ဆက်)**

## အေးမြကန်သာမင်္ဂလာဘေးမဲ့ကန်တော်ကြီး တူးဖော်

**မြိတ်**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် ကန်သာယာကျေးရွာတွင် တိမ်ကောလျက်ရှိနေသည့် အေးမြကန်သာ ရှေးဟောင်း မင်္ဂလာဘေးမဲ့ကန်တော်ကြီး ပြန်လည်တူးဖော်ခြင်းလုပ်ငန်းကို မတ် ၁ ရက်က စတင်ဆောင်ရွက်ခဲ့သည်။

ယင်းရှေးဟောင်းမင်္ဂလာရေကန်တော်ကြီး၏ အကျယ်အဝန်းဧရိယာသည် ၁၁ ဧကနီးပါးခန့်နှင့် ရေကန်ပတ်လည်အရှည်မှာ ၂၈၉၄ ပေခန့်ရှိပြီး ယခုပြန်လည်တူးဖော်ရာတွင် အနက်ငါးပေ၊ ကန်ပေါင်အကျယ် ၁၅ ပေနှင့် ကန်ပေါင်၏လက်ရှိထက် အမြင့်သုံးပေခန့်ကို မြေဖို့သွားမည်ဖြစ်ကြောင်းနှင့် ကန်ပေါင်အတွင်း၌ ရေလယ်ကျွန်းတစ်ခုနှင့် ပေ ၁၀၀ ခန့်အကွာ ရေလယ်ကျွန်း နှစ်ကျွန်းကို တည်ဆောက်တူးဖော်သွားမည်ဖြစ်ပြီး ရေလျှံမှုမရှိစေရန်အတွက်လည်း ရေထွက်ပေါက်နှစ်ခုကို တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မြင့်ဦး (မြိတ်)**

## မြေအသုံးချ သီးနှံကာကွယ်ရေးနှင့် မျိုးစေ့ဓာတ်ခွဲခန်းများ ဖွင့်ပွဲကျင်းပ

**တာချီလိတ် မတ် ၃**

တောင်သူလယ်သမားနေ့ကို ဂုဏ်ပြုသောအားဖြင့် တာချီလိတ်ခရိုင် စိုက်ပျိုးရေး ဦးစီးဌာနရုံးဝင်းအတွင်း တည်ဆောက်ပြီးစီးသော မြေအသုံးချ သီးနှံကာကွယ်ရေးနှင့် မျိုးစေ့ဓာတ်ခွဲခန်းများဖွင့်ပွဲကို မတ် ၂ ရက် နံနက်ပိုင်းက အဆိုပါ ဓာတ်ခွဲခန်းတွင် ပြုလုပ်ရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်တင့်၊ စိုက်ပျိုးရေးဦးစီးဌာန ဒုတိယ ပြည်နယ်ဦးစီးမှူး ဦးလှဝင်း၊ တာချီလိတ်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယခရိုင် အုပ်ချုပ်ရေးမှူး ဦးမောင်မောင်နိုင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။



ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံ တောင်သူလယ်သမား ၂၅၀ ကျော်တို့က ဓာတ်ခွဲခန်းအတွင်း လှည့်လည် ကြည့်ရှုလေ့လာကြရာ စိုက်ပျိုးရေးဦးစီးဌာန တာဝန်ရှိသူများက ဓာတ်ခွဲခန်းများတိုးချဲ့ဖွင့်လှစ်နိုင်ခြင်းဖြင့် စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည့် GAP လုပ်ငန်းများ၊ မျိုးစေ့ထုတ်လုပ်ငန်းများ၊ ဘက်စုံအဆင့်မြင့်နည်းပညာသုံး စံပြကျေးရွာထူထောင်ခြင်းလုပ်ငန်းများ အပါအဝင် စားသုံးသူပြည်သူများ အာဟာရပြည့်ဝပြီး အန္တရာယ်ကင်းသည့် လယ်ယာထုတ်သီးနှံများ စားသုံးနိုင်ရေးလုပ်ငန်းများကို များစွာအထောက်အကူပြုလာမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားကာ လက်တွေ့သရုပ်ပြသခဲ့ကြကြောင်း သိရသည်။

**မောင်ယဉ်ကျေး**

## လူမှုကျင့်ဝတ်နှင့် အိုင်စီတီခေါင်းစဉ်ဖြင့် ဟောပြော

**မန္တလေး မတ် ၃**

လူမှုကျင့်ဝတ်နှင့် အိုင်စီတီခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးပွဲကို မတ် ၂ ရက် မွန်းလွဲ ၁ နာရီက မန္တလေးမြို့ ၆၂ လမ်းရှိ ဖြဟ္မစိုရ် လူမှုကူညီရေးအသင်း၌ ကျင်းပသည်။

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဝင် ဦးရဲမြတ်သူ၊ တရားလွှတ်တော်ရှေ့နေ ဦးရဲရင့်ဝေ၊ အမှတ်(၁၁) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စုမှ ရဲအုပ်သိန်းဇော်နှင့် MAT Computer မှ တည်ထောင်သူ ဦးတေဇာဝင်းတို့က ဦးဆောင်ဆွေးနွေးခဲ့သည်။

ယင်းနောက် တက်ရောက်လာသူများက သိရှိလိုသည်များ မေးမြန်းဆွေးနွေးရာ ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ဖြေကြားခဲ့ကြသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

## နိုင်ငံတကာစာရင်းကိုင်ကုမ္ပဏီနှင့်ပူးပေါင်း၍ အခွန်စည်းကြပ်လုပ်ငန်း သဘောတူစာချုပ်ချုပ်ဆိုမည်

**ရန်ကုန် မတ် ၃**

အခွန်ထမ်းကိုယ်တိုင် အခွန်စည်းကြပ်သည့်စနစ် (SAS) ဖြင့် မည်သို့အခွန်စည်းကြပ်မှုခံယူမည်ကို ကျွမ်းကျင်အငြိမ်းစားအခွန်အရာရှိများက ဟောပြောမှုနှင့် ကမ္ဘာ့အဆင့်ရှစ်ရှိသော အင်္ဂလန်နိုင်ငံမှ နိုင်ငံတကာစာရင်းကိုင်ကုမ္ပဏီတစ်ခုဖြစ်သည့် Baker Tilly Myanmar နှင့် Htun Than Associate Co.,Ltd တို့ကြား လုပ်ငန်းသဘောတူစာချုပ်ကို မေ ၅ ရက်တွင် Melia Hotel ၌ ချုပ်ဆိုမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံ၏ဖွံ့ဖြိုးရေးလုပ်ငန်းများ ပြည့်ဝစွာဆောင်ရွက်နိုင်ရန်နှင့် တိုင်းပြည်အတွက် အခွန်ဘဏ္ဍာရရှိရန် အခွန်စည်းကြပ်သောလုပ်ငန်း၏ အရေးပါမှုကို ပြည်တွင်းအခွန်များဦးစီးဌာနမှ အငြိမ်းစားဒုတိယညွှန်ကြားရေးမှူး ဦးမင်းလွင်ဦးက ဆွေးနွေးဟောပြောမည်ဖြစ်သည်။

“အခွန်ထမ်းကိုယ်တိုင် စည်းကြပ်တဲ့စနစ်နဲ့ အခွန်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေအကြောင်းအရာတို့ကို ရှင်းလင်းဆွေးနွေးမှာပါ။ ကမ္ဘာ့အဆင့်ရှစ်ရှိတဲ့ နိုင်ငံတကာစာရင်းကိုင်ကုမ္ပဏီနဲ့ပူးပေါင်းပြီး အခွန်ဆိုင်ရာနဲ့ စာရင်းအင်းဆိုင်ရာဖွင့်လှစ်ဖို့ နှစ်ဦးသဘောတူလက်မှတ်ထိုး ပူးပေါင်းဆောင်ရွက်မှာပါ” ဟု ပြည်တွင်းအခွန်များဦးစီးဌာနမှ အငြိမ်းစားဦးထွန်းသန်းက ပြောသည်။

အခွန်ထမ်းကိုယ်တိုင်စည်းကြပ်သည့်စနစ် (SAS) ကို အသစ်ပြောင်းလဲမည့် နိုင်ငံခြားကုမ္ပဏီများ မြန်မာပြည်တွင်ရှိရာ ဌာနများနှင့် ဝန်ထမ်းများကို ပုဂ္ဂလိကဝန်ဆောင်မှု ဆွေးနွေးခြင်းများစွာ လိုအပ်သောကြောင့် မြန်မာပြည်တွင် အခွန်နှင့်ပတ်သက်သည့် ဝန်ဆောင်မှုလုပ်ငန်း ပေါ်ထွန်းလာခြင်းဖြစ်သည်။ အခွန်ဆိုင်ရာဝန်ဆောင်မှုသင်တန်းဆင်းဖြစ်ပါက ဝန်ဆောင်မှုအခွန်လုပ်ငန်းကို လုပ်ကိုင်နိုင်မည်ဖြစ်ပြီး နိုင်ငံသားများအနေဖြင့်လည်း မည်သို့၊ မည်သည့်အတွက်ကြောင့် အခွန်ထမ်းရသည်ကို သိရှိစေရန် အကူအညီပေးနိုင်သည့် ဝန်ဆောင်မှုလုပ်ငန်းများစွာ ပေါ်ထွန်းလာခြင်းဖြင့် အခွန်ထမ်းလုပ်ငန်းများ ပိုမိုလွယ်ကူချောမွေ့စေမည်ဖြစ်သည်။

ပြည်ပနိုင်ငံ အခွန်ဆောင်သောလုပ်ငန်းများတွင် ပုဂ္ဂလိကဝန်ဆောင်မှုအဖြစ် ကိုယ်စားလှယ်အနေဖြင့်လည်းကောင်း၊ အခွန်ပညာပေးလုပ်ငန်းများကိုလည်းကောင်း ဖော်ဆောင်လျက်ရှိရာ နိုင်ငံအတွက်အခွန်ရရှိမှုတွင် အထောက်အကူပြုသည့် ကုမ္ပဏီများစွာ ပေါ်ထွန်းနိုင်ရန် ပြည်ပနိုင်ငံမှ စာရင်းကိုင်ကုမ္ပဏီများဖြင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**သန်းထိုက်**

အမျိုးသားလွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီသည် နိုင်ငံတော်၏အကျိုးအတွက် သဘာဝသယံဇာတများကို ဥပဒေနှင့်အညီ စနစ်တကျတူးဖော်လုပ်ကိုင်ဆောင်ရွက်နိုင်ရန်၊ သဘာဝပတ်ဝန်းကျင်အား ထိခိုက်မှုမဖြစ်စေရန်၊ ချမှတ်ထားသည့် ဥပဒေအား လိုက်နာဆောင်ရွက်ရန်၊ အစိုးရနှင့်ပြည်သူအကြား သဘောထားကွဲလွဲမှုမရှိစေရန်၊ စည်းကမ်းလိုက်နာရန်ဆောင်ရွက်လျက်ရှိပြီး ယင်းကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များကို ယခုတစ်ပတ်လွှတ်တော်ရေးရာကဏ္ဍအနေဖြင့် ဖော်ပြလိုက်ပါသည်။

# တောတောင်ရေမြေ သစ်ပင်သစ်တော လူတွေနေထိုင်နေတဲ့ ရုပ်ဝတ္ထုသဘာဝပတ်ဝန်းကျင် အားလုံးက ကျွန်တော်တို့ကော်မတီနဲ့ သက်ဆိုင်ပါတယ်

အမျိုးသားလွှတ်တော်ကိုယ်စားလှယ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဦးကျော်သီဟ

## အမျိုးသားလွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များ

**တွေ့ဆုံမေးမြန်း နန္ဒာဝင်း**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၇၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၀၆၊ ၁၀၇နှင့် အမျိုးသားလွှတ်တော် အစည်းအဝေး ဆုံးဖြတ်ချက်တို့အရ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၂၂ ရက်တွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၁၅ ဦးဖြင့် ဖွဲ့စည်းခဲ့သည်။ ကော်မတီသည် နိုင်ငံတော်၏အကျိုးအတွက် သဘာဝသယံဇာတများကို ဥပဒေနှင့်အညီ စနစ်တကျတူးဖော်လုပ်ကိုင်ဆောင်ရွက်နိုင်ရန်၊ သဘာဝပတ်ဝန်းကျင်အား ထိခိုက်မှုမဖြစ်စေရန်၊ ချမှတ်ထားသည့် ဥပဒေအား လိုက်နာဆောင်ရွက်ရန်၊ အစိုးရနှင့် ပြည်သူအကြား သဘောထားကွဲလွဲမှုမရှိစေရန်၊ စည်းကမ်းလိုက်နာရန် ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ပြည်သူများမနစ်နာစေရန်ရည်ရွယ်၍ ဥပဒေများ အသစ်ပြင်ဆင်ရေးဆွဲသင့်သည်များကို ပြင်ဆင်ရေးဆွဲရန်၊ အမိန့်နှင့်ညွှန်ကြားချက်များအား ပြည်သူများလိုက်နာဆောင်ရွက်စေရန်၊ သတ္တုလုပ်ငန်းနှင့်စပ်လျဉ်း၍ ဗဟုသုတနည်းပညာများကို ပညာပေးဆွေးနွေးခြင်းများ၊ လိုအပ်ပါက ကွင်းဆင်းစိစစ်ခြင်းများအား အဓိကထားဆောင်ရွက်လျက်ရှိရာ ကော်မတီ၏လုပ်ငန်းဆောင်ရွက်ချက်များနှင့်ပတ်သက်၍ အမျိုးသားလွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ ဥက္ကဋ္ဌ ဦးကျော်သီဟနှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ရပါသည်။

**ဦးကျော်သီဟ**
**အမျိုးသားလွှတ်တော်ကိုယ်စားလှယ်**
**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ ဥက္ကဋ္ဌ**

**မေး။ ။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာကော်မတီ ဖွဲ့စည်းဖြစ်ခဲ့ပုံကို သိရှိလိုပါတယ်။**

**ဖြေ။** ။ မြန်မာနိုင်ငံက ကမ္ဘာပေါ်မှာရှိတဲ့ အခြားနိုင်ငံတွေထက် အင်မတန်ထူးခြားပါတယ်။ သစ်တော၊ သတ္တု၊ ခဲမဖြူ၊ အဖြိုက်နက်၊ ရေနံသယံဇာတတွေ များစွာထွက်ရှိတဲ့နိုင်ငံဖြစ်ပြီး ရေပေါ်ရေအောက် မြေပေါ်မြေအောက် သယံဇာတတွေပေါကြွယ်ဝတယ်။ ခန္တီး၊ ဖားကန့်မှာ ကျောက်စိမ်းထွက်ရှိတယ်။ မိုးကုတ်၊ မိုင်းရှူးစတဲ့ ဒေသတွေမှာလည်း ကျောက်မျက်ရတနာတွေ ထွက်ရှိတယ်။ အဲဒီလို သစ်တောသစ်ပင်တွေ သဘာဝသယံဇာတတွေပေါကြွယ်ဝတဲ့နိုင်ငံမှာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီက တိုင်းပြည်အတွက်ရော ပြည်သူအတွက်ပါ အင်မတန်အရေးကြီးတဲ့ ကော်မတီတစ်ရပ် ဖြစ်ပါတယ်။

ဒီကော်မတီက ပထမအကြိမ်လွှတ်တော် သက်တမ်းကစပြီး ရှိခဲ့ပါတယ်။ အခု ဒုတိယအကြိမ် လွှတ်တော်သက်တမ်းမှာလည်း ၂၀၁၆ ခုနှစ်မှာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီကို အဖွဲ့ဝင် ၁၅ ဦးနဲ့ ပြန်လည်ဖွဲ့စည်းခဲ့တယ်။ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး စီမံခန့်ခွဲနေတဲ့ ဝန်ကြီးဌာနတွေရှိသလို ဥပဒေပြုတဲ့လွှတ်တော်ဘက်ကလည်း ပြန်လည်ထိန်းကျောင်းဖို့အတွက် ဝန်ကြီးဌာနအလိုက် ကော်မတီတွေ ဖွဲ့စည်းပေးထားတာ ဖြစ်ပါတယ်။

**မေး။ ။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာကော်မတီရဲ့ လုပ်ငန်းဆောင်ရွက်ချက်တွေနဲ့ပတ်သက်ပြီး ပြောကြားပေးစေလိုပါတယ်။**

**ဖြေ။** ။ ကော်မတီတွေက ဥပဒေတွေ ရေးဆွဲပေးတယ်။ ပြင်ဆင်ပေးတယ်။ မေးခွန်းတွေ အဆိုတွေကိုလည်း သက်ဆိုင်ရာကော်မတီတွေက မေးမြန်းဆွေးနွေးရတာဖြစ်ပါတယ်။ ထူးထူးခြားခြားအနေနဲ့ဆိုရင် မြန်မာ့ကျောက်မျက်ရတနာဥပဒေ ဖြစ်ပါတယ်။ မြန်မာ့ကျောက်မျက်ရတနာဥပဒေကို ၁၉၉၆ ခုနှစ်ကစတင်ပြီး ရေးဆွဲခဲ့တာ ရှိပါတယ်။

အဲဒီဥပဒေပေါ်လာပြီး ၂၀၁၂ ခုနှစ်အထိ ကြားကာလမှာ နှစ်ကြိမ်ပြင်လာခဲ့တယ်။ အခု ၂၀၁၆ ခုနှစ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီပေါ်ပေါက်လာပြီးနောက်မှာ အဲဒီဥပဒေကိုပဲ ပြင်ဆင်ဖို့ ကျွန်တော်တို့ ကြိုးစားပါတယ်။

အဓိကက မြန်မာ့ကျောက်မျက်ရတနာဥပဒေမှာ အကြီးစားဆိုပြီး စက်ယန္တရားကြီးတွေနဲ့ ထုတ်လုပ်ပါတယ်။ အကြီးစား၊ အလတ်စား၊ အငယ်စား၊ လက်လုပ်လက်စား



အမျိုးသားလွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပနေစဉ်။

ဆိုပြီး ခွဲထားရာမှာ သတ္တုနဲ့ပတ်သက်ရင် အကြီးစားထုတ်လုပ်တယ်ဆိုတာကို လက်ခံလို့ရပေမယ့် ကျောက်စိမ်း၊ ပတ္တမြား၊ နီလာ စတဲ့ကျောက်မျက်ရတနာတွေနဲ့ ပတ်သက်ရင် အကြီးစားဖြစ်တဲ့ ဇကေ ၅၀၊ ၁၀၀ အများကြီးကို စက်ယန္တရားကြီးတွေနဲ့ အနက်ကြီးတူး၊ အကြီးအကျယ်ထုတ်တယ်ဆိုရင် အကုန်လုံးပျက်စီးပြီး ဆုံးရှုံးသွားမှာကို စိုးရိမ်တဲ့အတွက် အကြီးစားဆိုတာကို ပယ်ဖျက်ဖို့အတွက် ကျွန်တော်တို့ စတင်ကြိုးစားတာဖြစ်ပါတယ်။ ကျောက်မျက်ရတနာဥပဒေကို ပြင်ဆင်ဖို့အတွက် ကော်မတီအနေနဲ့ အဆိုတင်ပါတယ်။

သက်ဆိုင်ရာဝန်ကြီးဌာန၊ ကျောက်မျက်အသင်းချုပ်၊ လုပ်ငန်းရှင်တွေ၊ ပညာရှင်တွေ ညှိနှိုင်းတိုင်ပင်ရေးဆွဲပါတယ်။ အဲဒီဥပဒေကို နိုင်ငံတော်သမ္မတထံကို တင်ပါတယ်။ နိုင်ငံတော်သမ္မတက အတည်ပြုပြီး ၂၀၁၉ ခုနှစ် နှစ်ဦးပိုင်းမှာ မြန်မာ့ကျောက်မျက်ရတနာဥပဒေဆိုပြီး ထွက်ရှိပါတယ်။



အမျိုးသားလွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဦးကျော်သီဟ

အဆိုတင်ရင်းနဲ့ ကျောက်မျက်ဥပဒေကို ပြင်ဆင်နိုင်တာ ဖြစ်ပါတယ်။ အဓိကကတော့ အကြီးစားဆိုတာမရှိတော့ဘူး။ အလတ်စား၊ အငယ်စားနဲ့ လက်လုပ်လက်စားဆိုတာပဲ ရှိတော့တယ်။ အဲဒီလိုဖြစ်ဖို့အတွက် ကျွန်တော်တို့ကော်မတီ၊ အစိုးရဝန်ကြီးဌာန၊ လွှတ်တော်နဲ့အားလုံးက ဝိုင်းဝန်းကြိုးစားအတည်ပြုနိုင်ခဲ့တာ ဖြစ်ပါတယ်။

လွှတ်တော်က ဥပဒေကိုအတည်ပြုပြီး နည်းဥပဒေကို ဝန်ကြီးဌာနက အခုရေးဆွဲကာ ရှေ့နေချုပ်ရုံးကိုတင်တယ်။ သမ္မတအတည်ပြုပြီးရင်တော့ နည်းဥပဒေထွက်ရှိလာမှာ ဖြစ်ပါတယ်။ အဲဒါကတော့ ကျွန်တော်တို့ကော်မတီအနေနဲ့ အထူးခြားဆုံး ပြင်ဆင်နိုင်ခဲ့တာဖြစ်ပါတယ်။

ကျောက်မျက်ဥပဒေလိုပဲ အဆိုတင်သွင်းတာ၊ မေးခွန်းမေးမြန်းတာတွေ၊ ဥပဒေပြင်တာ ဆက်လက်ပြီး ဆောင်ရွက်နေတယ်။ အခုဆိုရင် ကျွန်တော်တို့ကော်မတီက သစ်တောဥပဒေနဲ့ပတ်သက်ပြီး အဆိုအောင်သွားတာတွေရှိတယ်။ တစ်သျှူးငှက်ပျောနဲ့ပတ်သက်ရင်လည်း ဆွေးနွေးနေကြတာတွေရှိပါတယ်။ အဲဒီလိုပဲ သစ်တောနဲ့ပတ်သက်တာ၊ သတ္တုနဲ့ပတ်သက်တာတွေကို နည်းဥပဒေ ပြင်ဆင်စရာရှိတာတွေကို ဆွေးနွေးတယ်၊ တိုင်ပင်တယ်၊ ပြင်ဆင်တယ်။

ကျွန်တော်တို့ အဲဒီလို အဆိုတင်သွင်းတာ၊ ဆွေးနွေးတာ၊ မေးခွန်းမေးမြန်းတာတွေ အားလုံးက လွှတ်တော်ဥက္ကဋ္ဌကတစ်ဆင့် ဝန်ကြီးဌာနကို အကြောင်းကြားရတယ်။ သက်ဆိုင်ရာဝန်ကြီးဌာနက တာဝန်ရှိသူတွေလာရောက်ပြီး ဆွေးနွေးအကြောင်းပြန်ကြားတာတွေရှိတယ်။ သတ္တုလုပ်ငန်း၊ ကျောက်မျက်လုပ်ငန်း၊ သစ်တောလုပ်ငန်းတွေ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းတွေနဲ့ပတ်သက်ရင် ကြိုးစားဆောင်ရွက်နေပါတယ်။ ကွင်းဆင်းစစ်ဆေးမှုတွေလည်း ဆောင်ရွက်နေပါတယ်။

**မေး။ ။ ကျောက်မျက်ဥပဒေကို ပြင်ဆင်နိုင်ခြင်းအားဖြင့် ဘယ်လိုအကျိုးကျေးဇူးတွေ ရရှိမယ်ဆိုတာကိုလည်း ရှင်းပြပေးစေလိုပါတယ်။**

**ဖြေ။** ။ အရင်တုန်းက ဥပမာ ဖားကန့်မှာ၊ မိုးကုတ်မှာ ကျောက်တောင်ကြီး တစ်တောင်ထဲက ကျောက်မျက်ရတနာကို မိုင်းခွဲပြီး တူးလိုက်တယ်၊ မြေကြီးတွေကိုနှိုက်ပြီး တူးတယ်၊ ကျောက်စိမ်းလေးကိုရှာပြီး တူးရမယ့်ကိစ္စမှာ အဲဒီလို စက်ယန္တရားအကြီးတွေနဲ့ အနက်ကြီး နှိုက်တူးလိုက်တယ်။

မြေနေရာကလည်း အကျယ်ကြီး၊ ပေးတဲ့သက်တမ်းကလည်း အကြာကြီး။ အကြီးစားကုန်ထုတ်လုပ်ငန်းဖြစ်တဲ့အတွက် တိုင်းပြည်ရဲ့ အဖိုးတန်ရတနာတွေကို ဖြည်းဖြည်းချင်း ထုတ်ယူသုံးစွဲရမယ့်ကိစ္စမှာ အကြီးစားလုပ်ငန်းအနေနဲ့ပေးတဲ့အတွက် အများကြီးကုန်သွားတယ်။ အဲဒါကို အကြီးစားအနေနဲ့မပေးဘဲ အလတ်စား၊ အငယ်စား၊ လက်လုပ်လက်စားအနေနဲ့ပဲ ထားပါဆိုပြီး ပြင်တယ်။

အလတ်စားဆိုတာကိုလည်း မြေဧက ၅၀၊ ၁၀၀ မပေးဘူး။ ကုမ္ပဏီတစ်ခုကို ငါးဧကအနေနဲ့ တူးခွင့်ပေးတယ်။ မြေစာပတ်လမ်းချန်ရမယ်၊ နောက်ထပ် ငါးဧကပေးတယ်၊ မြေစာပတ်လမ်းချန်ရတယ်။ နေရာအကျယ်ကြီးမရှိရင် အောက်ကို အနက်ကြီးတူးလို့မရတဲ့အတွက် အကြီးစားပုံစံ မဖြစ်တော့ဘူး။ ဧက ၅၀ ၊ ၁၀၀ အကြီးကြီး မရတော့ဘူး။ ငါးဧကပဲ ချုံ့လိုက်တယ်။ နှစ် ၂၀ ၊၃၀ လည်း မပေးဘူး။ ငါးနှစ်ပေးတယ်။ သက်တမ်းတိုးရင် သုံးနှစ် အဲဒီလို ချုံ့လိုက်တယ်။ အဲဒီအကျိုးကျေးဇူးက နိုင်ငံအတွက် သားစဉ်မြေးဆက် ရေရှည်အကျိုးရှိပြီး နောက်လူတွေပါ ခံစားနိုင်မှာ ဖြစ်ပါတယ်။

**စာမျက်နှာ ၁၉ သို့** ❖



အမျိုးသားလွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီမှ တာဝန်ရှိသူများ ပြည်ပအဖွဲ့အစည်းများနှင့် တွေ့ဆုံစဉ်။

❖ စာမျက်နှာ ၁၈ မှ

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးက သစ်ပင်၊ သစ်တောက အရေးကြီးပါတယ်။ တောတောင်ရေမြေ သစ်ပင်သစ်တော လူတွေနေထိုင်နေတဲ့ ရုပ်ဝတ္ထုသဘာဝ ပတ်ဝန်းကျင်အားလုံးက ကျွန်တော်တို့ကော်မတီနဲ့ သက်ဆိုင်ပါတယ်။ ကော်မတီအနေနဲ့ သစ်တောတွေနဲ့ ပတ်သက်တာ၊ တောတောင်တွေနဲ့ပတ်သက်တာ၊ တောင်တွေရဲ့ အောက်မှာရှိတဲ့ ကျောက်သံပတ္တမြားတွေ၊ ရွှေ၊ ငွေ၊ ကြေးနီ၊ သွပ်၊ မိုင်းနဲ့ပတ်သက်တာတွေ၊ ရေတွင်း ရေကန်၊ ချောင်းမြောင်း၊ လေထု၊ ရာသီဥတုပြောင်းလဲမှု ဖြစ်စဉ်တွေနဲ့ ဆက်စပ်ပတ်သက်တာတွေက ကျွန်တော်တို့ ကော်မတီနဲ့သက်ဆိုင်တယ်လို့ ခံယူဆောင်ရွက်လျက် ရှိပါတယ်။

**မေး။ ။ ကွင်းဆင်းဆောင်ရွက်မှုတွေရှိရင် ဘယ်ဒေသကို သွားရောက်ကွင်းဆင်းဆောင်ရွက်ခဲ့တယ်၊ ဘာတွေလေ့လာတွေ့ရှိခဲ့တယ်ဆိုတာကိုလည်း ပြောပြပေးပါဦး။**

**ဖြေ။** ။ ဒီကော်မတီ ပေါ်ပေါက်လာပြီးတဲ့နောက်မှာ လူတွေကလည်း အတော်လေး စိတ်ဝင်စားပါတယ်။ ဥပမာ – စဉ့်ကူး၊ သပိတ်ကျင်းဘက်မှာရှိတဲ့ ရွှေတွင်းတွေမှာဆိုရင် ကုမ္ပဏီတွေနဲ့ ဒေသခံတွေနဲ့ တွေ့တယ်။ ဒေသခံလို့ဆိုရာမှာ ဒေသခံက နည်းတယ်။ များသောအားဖြင့် ရွှေထွက်ပြီဆိုရင် အခြားဒေသတွေက လူတွေက ရွှေ့ပြောင်းလာကြတယ်။

နောက်တော့မှ ပိုက်ဆံချမ်းသာသူတွေ၊ ကုမ္ပဏီတွေက ရောက်လာကြတယ်။ မတ္တရာ၊ စဉ့်ကူး၊ သပိတ်ကျင်းဘက်မှာပဲဖြစ်ဖြစ်၊ မိုးထိမိုးမိဘက်မှာပဲဖြစ်ဖြစ် ကွင်းဆင်းစစ်ဆေးတဲ့အခါ ရွှေဆိုတော့ ပြဒါးတွေနဲ့ ဖမ်းတယ်။ ရေတွေက နောက်ကျိပြီး သောက်သုံးရေအတွက် အခက်အခဲဖြစ်နေပြီလို့ပြောလို့ အဲဒီကို သွားရောက်ကြည့်ရှုဆောင်ရွက်ခဲ့တယ်။

နောက်ပြီး ကချင်ပြည်နယ်ကို ကွင်းဆင်းတဲ့အခါ ဖားကန့်ဘက်မှာ ဥရုချောင်းထဲက ရေတွေကိုဆယ်ပြီး ရွှေလုပ်တာ၊ ကျောက်စိမ်းတူးတာတွေကြောင့် နေထိုင်ရတာ အခက်အခဲရှိနေပါပြီလို့ ဒေသခံတွေကပြောတဲ့အတွက် ကွင်းဆင်းစစ်ဆေးတာတွေ ဆောင်ရွက်ခဲ့တယ်။ စစ်ဆေးတွေ့ရှိချက်တွေကို လွှတ်တော်ဥက္ကဋ္ဌကိုတင်၊ လွှတ်တော်ဥက္ကဋ္ဌက သက်ဆိုင်ရာသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနတွေကို ညွှန်ကြားဆောင်ရွက်ပါတယ်။

အဲဒီလို မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်တွေကို ကွင်းဆင်းစစ်ဆေးမှုတွေ ဆောင်ရွက်ခဲ့ပါတယ်။ ရှမ်းပြည်နယ်မှာဆိုရင် စိုက်ခင်းတွေဘေးမှာ စက်ရုံလာဆောက်တဲ့အတွက် စိုက်ခင်းတွေပျက်စီးတယ်ဆိုပြီး တိုင်ကြားလာတဲ့အတွက် ကွင်းဆင်းစစ်ဆေးမှုတွေ ဆောင်ရွက်ပြီး ရေကိုကုမ္ပဏီဘက်ကလည်း ရေလမ်းကြောင်းကို ဘယ်လိုဖောက်ပါ၊ ဘယ်လိုဆောင်ရွက်ပါဆိုပြီး ညှိနှိုင်းမှုတွေ ဆောင်ရွက်ခဲ့ပါတယ်။

တနင်္သာရီတိုင်းဒေသကြီးဘက်မှာ ဆိုရင်လည်း ကျောက်မီးသွေးတွင်းတူးတဲ့ကိစ္စမှာ အနီးအနားက ပြည်သူလူထုတွေက သူတို့အခက်အခဲဖြစ်နေတယ်လို့ ဆိုတဲ့အတွက် ကွင်းဆင်းစစ်ဆေးမှုတွေ ဆောင်ရွက်ခဲ့ပါတယ်။ အဲဒီလို သဘာဝပတ်ဝန်းကျင်အရ ထိခိုက်နစ်နာနေတယ်လို့ ဆိုတဲ့ အရာတွေကို ကွင်းဆင်းစစ်ဆေးမှုတွေ ဆောင်ရွက်ပြီး ဖြေရှင်းဆောင်ရွက်လျက်ရှိပါတယ်။

**မေး။ ။ ကော်မတီရဲ့ လုပ်ငန်းဆောင်ရွက်ချက်တွေ တိုးတက်ကောင်းမွန်အောင် အိမ်နီးချင်းနိုင်ငံတွေကို သွားရောက်လေ့လာခဲ့တဲ့ အတွေ့အကြုံကိုလည်း မျှဝေပေးပါဦး။**

**ဖြေ။** ။ နိုင်ငံခြားခရီးစဉ်အနေနဲ့ လာအိုနိုင်ငံက မိုင်းတွင်းတွေကို သွားရောက်လေ့လာခဲ့တာ ရှိပါတယ်။ ထိုင်းနိုင်ငံကိုလည်း တိရစ္ဆာန်တွေရဲ့ Wild Life နဲ့ ပတ်သက်လို့ သွားရောက်လေ့လာခဲ့တာတွေ ရှိပါတယ်။



အမျိုးသားလွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီမှ တာဝန်ရှိသူများ ကွင်းဆင်းလေ့လာစဉ်။

အဲဒီလို ကော်မတီဝင်တွေကို အခြားနိုင်ငံတွေကို လေ့လာရေးခရီးတွေစေလွှတ်ပြီး ကော်မတီရဲ့ လုပ်ငန်းဆောင်ရွက်ချက်တွေကို တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်လျက်ရှိပါတယ်။

နိုင်ငံခြားခရီးစဉ်တွေကို အဲဒီလို သွားရောက်ခဲ့တာတွေရှိသလို ပြည်တွင်းမှာလည်း သက်ဆိုင်ရာဒေသတွေက ပြည်သူလူထုတွေက တောင်းဆိုလို့ သွားရောက်ခဲ့တာတွေလည်း ရှိခဲ့ပါတယ်။ မကြာခင်ကဆိုရင်လည်း ကျွန်တော်တို့ကော်မတီက Westminster Foundation for Democracy (WFD) ရဲ့ အကူအညီနဲ့ မြန်မာ့ကျောက်မျက်ရတနာဥပဒေနဲ့စပ်လျဉ်းပြီး ဖားကန့်နဲ့ မိုးကုတ်ကို ကွင်းဆင်းသွားရောက်ခဲ့ပါတယ်။ အဲဒါက ဘာဖြစ်လို့လဲဆိုတော့ ကျောက်မျက်ဥပဒေကိုရေးဆွဲပြီး တင်ထားပြီးသားဖြစ်ပါတယ်။ နည်းဥပဒေထွက်လာတဲ့ အခြေအနေမှာ အဲဒီကျောက်မျက်ဥပဒေအပေါ် မူတည်ပြီး လူတွေက အခက်အခဲရှိနေတယ်ဆိုပြီး ပြောကြတယ်။ စာတွေလည်း တက်လာတယ်။ အဲဒီလို အသံအမျိုးမျိုးထွက်လာတဲ့ အတွက် စိတ်ဝင်စားတယ်၊ ကွင်းဆင်းပြီးသူတို့ ဘယ်လို အခက်အခဲဖြစ်နေတယ် ဆိုတာ လေ့လာကြည့်တယ်။ သူတို့အသံကိုနားထောင်ပြီး ပြန်လည်ပြင်ဆင်ဖို့ အချိန်ယူဆောင်ရွက်ရမှာ ဖြစ်ပါတယ်။


**မေး။ ။ အခြားဖြည့်စွက် ပြောကြားလိုတာရှိရင်လည်း ပြောပြပေးပါဦး။**


**ဖြေ။** ။ မြန်မာပြည်သူလူထုအတွက် ကျွန်တော်တို့ ကော်မတီအနေနဲ့ တတ်စွမ်းသမျှ ကြိုးစားဆောင်ရွက်လျက်ရှိပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ လှုပ်ရှားမှုက လွှတ်တော်အစည်းအဝေးတက်ရုံ မဟုတ်ပါဘူး။ ပြည်သူတွေရဲ့ စားဝတ်နေရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးနဲ့ပတ်သက်တာတွေကို ကဏ္ဍအလိုက်ခွဲပြီး ဆောင်ရွက်လျက်ရှိပါတယ်။ အခုလို ပြောကြားခွင့်ရတဲ့အတွက် ဝမ်းသာပါတယ်၊ ကျေးဇူးလည်း တင်ပါတယ်။

**ကော်မတီအနေနဲ့ သစ်တောတွေနဲ့ပတ်သက်တာ၊ တောတောင်တွေနဲ့ ပတ်သက်တာ၊ တောင်တွေရဲ့အောက်မှာရှိတဲ့ ကျောက်သံပတ္တမြားတွေ၊ ရွှေ၊ ငွေ၊ ကြေးနီ၊ သွပ်၊ မိုင်းနဲ့ ပတ်သက်တာတွေ၊ ရေတွင်း ရေကန်၊ ချောင်းမြောင်း၊ လေထု၊ ရာသီဥတုပြောင်းလဲမှု ဖြစ်စဉ်တွေနဲ့ ဆက်စပ်ပတ်သက်တာတွေက ကျွန်တော်တို့ ကော်မတီနဲ့ သက်ဆိုင်တယ်လို့ ခံယူဆောင်ရွက်လျက်ရှိပါတယ်**



အမျိုးသားလွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီမှ တာဝန်ရှိသူများ ပြည်တွင်းအဖွဲ့အစည်းများနှင့် တွေ့ဆုံစဉ်။



# ဖရန့်ကီဒီဂျောင်အနေနဲ့ ဂျူဗင်တပ်ကို ပြောင်းရွှေ့သင့်ဟု ဗန်ဟားလ်ပြောကြား

ကွင်းလယ်ကစားသမား ဖရန့်ကီဒီဂျောင်အနေနဲ့ ဘာစီလိုနာအသင်းဆီ ပြောင်းရွှေ့မယ့်အစား ဂျူဗင်တပ်အသင်းဆီ ပြောင်းရွှေ့သင့်တယ်လို့ ဗန်ဟားလ်က ပြောကြားလိုက်ပါတယ်။

ဖရန့်ကီဒီဂျောင်ဟာ ပြီးခဲ့တဲ့ နွေရာသီ အပြောင်းအရွှေ့ကာလအတွင်းက နယ်သာလန်ကလပ် အေဂျက်အသင်းဆီကနေ ဘာစီလိုနာအသင်းဆီ ပြောင်းရွှေ့ကြေးယူရို ၇၅ သန်း(ပေါင် ၆၅ သန်း)နဲ့ ပြောင်းရွှေ့ခဲ့တာလည်းဖြစ်ပါတယ်။

ဖရန့်ကီဒီဂျောင်ဟာ ၂၀၁၈-၂၀၁၉ ဘောလုံးရာသီက ခြေစွမ်းကောင်းပြသနိုင်ခဲ့တာကြောင့် ဥရောပဘောလုံးလောကရဲ့ အကောင်းဆုံးကစားသမားတွေထဲက တစ်ဦးအဖြစ်လည်း မှတ်တမ်းဝင်ခဲ့တာ ဖြစ်ပါတယ်။

အသက် ၂၂ နှစ်အရွယ်ရှိ ဒီဂျောင်ဟာ စပိန်ချန်ပီယံ ဘာစီလိုနာအသင်းအတွက် ပြိုင်ပွဲအရပ်ရပ်မှာ ပွဲပေါင်း ၃၄ ပွဲအထိ ပါဝင်ကစားခွင့်ရရှိခဲ့ပေမယ့် သွင်းဂိုးနှစ်ဂိုးသာ သွင်းယူပေးနိုင်ခဲ့တာလည်းဖြစ်ပါတယ်။

ဒီဂျောင်ဟာ ဘာစီလိုနာအသင်း ပွဲထွက်ကစားသမားစာရင်းရဲ့ ကွင်းလယ်ကစားသမားသုံးဦးအနက် ဘယ်ခြမ်းကွင်းလယ်ကစားသမားအဖြစ် ပွဲထွက်ကစားခဲ့ရပြီး ဘာစီလိုနာအသင်းရဲ့ ကွင်းလယ်ပိုင်းမှာ ဆာဂျီယိုဘတ်စကွက်၊ ရာကီတစ် တို့နဲ့အတူ ပွဲထွက်ကစားခွင့်ရရှိခဲ့တာ ဖြစ်ပါတယ်။


ဒါပေမယ့် ဗန်ဟားလ်ကတော့ ဒီဂျောင်အနေနဲ့ ဗဟိုကွင်းလယ်ကစားသမားအဖြစ် ကစားခွင့်ရရှိခဲ့မယ်ဆိုရင် ပြိုင်ပွဲကို လွှမ်းမိုးနိုင်မယ့် ကစားသမားဖြစ်လာလိမ့်မယ်လို့ ယုံကြည်ထားတဲ့အတွက် ဗဟိုကွင်းလယ်ကစားသမားအဖြစ် ကစားခွင့်မရရှိခဲ့တဲ့ ဘာစီလိုနာအသင်းဆီ မပြောင်းရွှေ့သင့်ဘဲ ဂျူဗင်တပ်အသင်းဆီသာ ပြောင်းရွှေ့ကစားသင့်တယ်လို့ ပြောကြားခဲ့တာ ဖြစ်ပါတယ်။



ဒီဂျောင်ပါဝင်ကစားနေတဲ့ ဘာစီလိုနာအသင်းဟာ အယ်ကလက်စီကိုပွဲစဉ်မှာ ရီးယဲလ်မက်ဒရစ်အသင်းကို ရှုံးနိမ့်ခဲ့ရတာကြောင့် စပိန်လာလီဂါအမှတ်ပေးဇယားမှာ ရီးယဲလ်မက်ဒရစ်အသင်းနဲ့တစ်မှတ်အကွာအနေနဲ့ အမှတ်ပေးဇယား ဒုတိယနေရာမှာ ရပ်တည်နေတာဖြစ်ပါတယ်။

# ဂျာဒန်ဆန်ချိုနဲ့ တီမိုဝါနာတို့ကို ခေါ်ယူနိုင်ရေး မန်ယူအသင်းနဲ့ လီဗာပူးအသင်း အပြိုင်ကြိုးပမ်း




ငွေကြယ် – စုစည်းသည်

မန်ယူအသင်းနဲ့ လီဗာပူးအသင်းတို့ဟာ ဒေါ့မွန် ကစားသမား ဂျာဒန်ဆန်ချိုနဲ့ လိုက်ဇစ်ကစားသမား တီမိုဝါနာတို့ကို ခေါ်ယူနိုင်ရေး အပြိုင်ကြိုးပမ်းလျက်ရှိပါတယ်။ မန်ယူအသင်းနည်းပြ ဆိုးရှားနဲ့ လီဗာပူးအသင်းနည်းပြ ကလော့တို့အနေနဲ့ ဂျာဒန်ဆန်ချိုနဲ့ တီမိုဝါနာတို့ကို လာမယ့်နွေရာသီဈေးကွက်အတွင်းမှာ ခေါ်ယူနိုင်ဖို့ ပြင်ဆင်နေတာဖြစ်ပါတယ်။

ဂျာဒန်ဆန်ချိုနဲ့ တီမိုဝါနာတို့ဟာ ဘွန်ဒက်လီဂါမှာ အကောင်းဆုံးကစားသမားစာရင်းဝင်တွေဖြစ်တာကြောင့် လာမယ့်နွေရာသီ ဈေးကွက်အတွင်းမှာ ကလပ်အသင်း အတော်များများရဲ့ ခေါ်ယူဖို့ စိတ်ဝင်စားမှုကိုလည်း ခံထားရတာ ဖြစ်ပါတယ်။

အင်္ဂလန်ကြယ်ပွင့် ဂျာဒန်ဆန်ချိုဟာ အခုနှစ် ဘောလုံးရာသီမှာ ဒေါ့မွန်အသင်းအတွက် လိဂ်ပွဲ ၂၂ ပွဲမှာ ၁၄ ဂိုးသွင်းယူပေးထားပြီး ၁၄ ဂိုး ဖန်တီးပေးထားနိုင်ခဲ့သူလည်း ဖြစ်ပါတယ်။ အသက် ၂၃ နှစ်အရွယ် တီမိုဝါနာကတော့ ပြီးခဲ့တဲ့ဘောလုံးရာသီက ပွဲပေါင်း ၃၀ မှာ ၁၆ ဂိုးအထိ လိုက်ဇစ်အသင်းအတွက် သွင်းယူပေးနိုင်ခဲ့တာ ဖြစ်ပါတယ်။ အခုနှစ် ဘောလုံးရာသီမှာတော့ လိုက်ဇစ်တိုက်စစ်မှူး တီမိုဝါနာဟာ ၂၄ ပွဲမှာ ၂၁ ဂိုးသွင်းယူပေးနိုင်ခဲ့တာ ဖြစ်ပါတယ်။

ဒါကြောင့် မန်ယူအသင်းက အဲဒီကစားသမားနှစ်ဦးကို ခေါ်ယူဖို့အတွက် ပြောင်းရွှေ့ကြေး ပေါင်သန်း ၁၀၀ ကျော် သုံးစွဲသွားမယ်လို့လည်း ဆိုပါတယ်။ လီဗာပူးအသင်းနည်းပြ ကလော့ကတော့ အသင်းရဲ့တိုက်စစ်ပိုင်းမှာ ဆာလာ၊ ဆာဒီယိုမာနေးနဲ့ ဖာမီနိုတို့ရှိနေပေမယ့် တိုက်စစ်ပိုင်း အားဖြည့်ဖို့အတွက် ဂျာဒန်ဆန်ချိုနဲ့ တီမိုဝါနာတို့ကို ခေါ်ယူဖို့ စီစဉ်နေတာ ဖြစ်ပါတယ်။

❖ ၂၀၂၀ မှ

စားပွဲတင်တင်းနစ်၊ ဂေါက်သီး၊ ပီတန်း၊ ကရာတေး၊ အပြည်ပြည်ဆိုင်ရာလှေ၊ Esport၊ တင်းနစ်၊ စစ်တုရင်၊ တိုက်ကွမ်ဒို၊ ပန်ကြပ်ဆီလတ်၊ ဂျူဂျစ်ဆု၊ လက်ဝှေ့၊ ကာယဗလ၊ Dance Sport၊ Netball၊ ထိုင်းလက်ဝှေ့၊ Lawn Bowls နှင့် Climb Sport အားကစားနည်းများ ပါဝင်မည်ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် ဘောလုံး၊ ပြေးခုန်ပစ်၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ အပြည်ပြည်ဆိုင်ရာလှေ၊ ဂေါက်သီး၊ ပီတန်း၊ ကရာတေးနှင့် Esport အားကစားနည်းတို့တွင် ဝင်ရောက်ယှဉ်ပြိုင်ရန် စီစဉ်ထားပြီး အားကစားနည်းအချို့ ထပ်တိုးကာ အပြောင်းအလဲဖြစ်နိုင်ကြောင်း သိရသည်။ ယခုနှစ်ပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ထိုင်းနိုင်ငံမှာမူ အိမ်ရှင်အဖြစ် ငါးကြိမ်မြောက် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

ယင်းပြိုင်ပွဲကို ၁၉၈၁ ခုနှစ်တွင် စတင်ကျင်းပခဲ့ပြီး မြန်မာနိုင်ငံအနေဖြင့် ၂၀၁၈ ပြိုင်ပွဲတစ်ကြိမ်သာ အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ခြင်းဖြစ်သည်။ အာဆီယံတက္ကသိုလ်အားကစားပြိုင်ပွဲမှာ တက္ကသိုလ်အဆင့်ပြိုင်ပွဲဖြစ်သော်လည်း လက်ရွေးစင်ကစားသမားများပါ ယှဉ်ပြိုင်ခွင့်ရှိပြီး တက္ကသိုလ်ပညာသင်ကြားနေသူဖြစ်ပါက ယှဉ်ပြိုင်ခွင့်ရှိကြောင်း သိရသည်။

အာဆီယံတက္ကသိုလ် အားကစားပြိုင်ပွဲကို နှစ်နှစ်လျှင် တစ်ကြိမ် ကျင်းပလျက်ရှိပြီး ၂၀၁၈ ခုနှစ်က နောက်ဆုံးကျင်းပသည့် (၁၉)ကြိမ်မြောက် ပြိုင်ပွဲကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ကာ အားကစားနည်း ၁၇ မျိုး ထည့်သွင်းကျင်းပခဲ့သည်။ ယင်းပြိုင်ပွဲတွင် မြန်မာနိုင်ငံအနေဖြင့် ရွှေ ၂၄ ခု၊ ငွေ ၂၆ ခု၊ ကြေး ၂၉ ခုရရှိကာ နိုင်ငံအလိုက်ဆုရရှိမှုတွင် အဆင့် ၄ နေရာ ရပ်တည်နိုင်ခဲ့ကာ ပြိုင်ပွဲတစ်လျှောက် ဆုတံဆိပ်အများဆုံးရရှိသည့် ပြိုင်ပွဲလည်းဖြစ်ခဲ့သည်။

**သတင်း – ရှိုင်းထက်ဇော်**
**ဓာတ်ပုံ – စိုးညွန့်**

## အနုပညာ

# ဇာတ်လမ်းတွဲသစ်နဲ့ ပရိသတ်ရှေ့ အရောက်ပြန်လာမယ့် ဂျန်ဂျီဟွန်း

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ မင်းသမီးတစ်ဦးဖြစ်သူ ဂျန်ဂျီဟွန်းဟာ ရုပ်သံဇာတ်လမ်းတွဲတွေမှာ ပါဝင်သရုပ်ဆောင်ခဲ့ခြင်းမရှိတာ လေးနှစ်ခန့်ကြာခဲ့ပြီဖြစ်ပါတယ်။ လတ်တလောမှာ မင်းသမီးဟာ ရုပ်သံဇာတ်လမ်းတွဲသစ်မှာ ပါဝင်သရုပ်ဆောင်သွားမှာဖြစ်ကြောင်း ထုတ်ဖော်ပြောကြားတာ ဖြစ်တယ်လို့ ကိုရီးယားဘိုးဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဂျန်ဂျီဟွန်းရဲ့ ဇာတ်လမ်းတွဲသစ်ကို "Jarisan"လို့ ယာယီအမည်ပေးထားပြီး ဇာတ်လမ်းတွဲရဲ့ အမည်အတိအကျကိုတော့ လက်ရှိအချိန်အထိ သတ်မှတ်ပြီးခြင်း မရှိသေးဘူးလို့လည်း သိရပါတယ်။ ဒီဇာတ်လမ်းတွဲကို ကျော်ကြားတဲ့ ဇာတ်လမ်းတွဲပေါင်းများစွာကို ဇာတ်ညွှန်းရေးသားပေးခဲ့သူ ကင်မ်အွန်ဟီက တာဝန်ယူရေးသားပေးမှာ ဖြစ်ကြောင်းလည်း သိရပါတယ်။



ဒီဇာတ်လမ်းတွဲကို ဂျန်ဂျီဟွန်းအနေနဲ့ လက်ခံရိုက်ကူးပေးဖို့ရာ စဉ်းစားနေကြောင်း သူ့ရဲ့ အေဂျင်စီကလည်း အတည်ပြုပြောကြားခဲ့ပါတယ်။ ဂျန်ဂျီဟွန်းအနေနဲ့ ပြီးခဲ့တဲ့ လေးနှစ်တာကာလအတွင်း ရုပ်သံဇာတ်လမ်းတွဲတွေကို လက်ခံရိုက်ကူးပေးခဲ့ခြင်း မရှိပါဘူး။ ၂၀၁၆ ခုနှစ်အတွင်း ထွက်ရှိခဲ့တဲ့ "My Love From The Star" ဇာတ်လမ်းတွဲမှာ မင်းသား ကင်မ်ဆိုးယန်နဲ့အတူ တွဲဖက်ပါဝင်ထားပြီး အဆိုပါဇာတ်လမ်းတွဲဟာ အဲဒီအချိန်က ကြည့်ရှုသူအများဆုံး ဇာတ်လမ်းတွဲတစ်ခု ဖြစ်ခဲ့ပါတယ်။

# ဒန်နီယယ်ရက်ဒ်ကလစ် ဟယ်ရီပေါ်တာအဖြစ် ပြန်လည်သရုပ်ဆောင်ဖို့ရာ မသေချာ

တစ်ချိန်က မှော်ပညာအကြောင်း ရိုက်ကူးထားတဲ့ ဟယ်ရီပေါ်တာ ဇာတ်လမ်းတွဲရုပ်ရှင်တွေမှာ အဓိကဇာတ်ကောင် ဟယ်ရီပေါ်တာအဖြစ် ပါဝင်ခဲ့သူ မင်းသား ဒန်နီယယ်ရက်ဒ်ကလစ်က နောင်လာမယ့် ဟယ်ရီပေါ်တာ ဇာတ်လမ်းတွဲမှာ သူ့ကို ဟယ်ရီပေါ်တာအဖြစ် ပါဝင်သရုပ်ဆောင်ဖို့ ကမ်းလှမ်းခဲ့ပါက ပါဝင်သွားဖို့ရာ သေချာမယ်လို့မထင်ကြောင်း ဖြေကြားခဲ့တယ်လို့ အေးရှားဝမ်းဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။



လတ်တလောမှာ အသက် ၃၀ အရွယ်ရှိပြီဖြစ်တဲ့ ဒန်နီယယ်ရက်ဒ်ကလစ်က "Fantastic Beasts and Where to Find Them"ရုပ်ရှင်တွေမှာ ဟယ်ရီပေါ်တာအဖြစ် ပါဝင်ပေးဖို့ရာ ကမ်းလှမ်းခံရပါက ပါဝင်ဖြစ်ဖို့ရာ မသေချာကြောင်း မီဒီယာတွေရဲ့ မေးမြန်းမှုကို ဖြေကြားခဲ့တာ ဖြစ်ပါတယ်။ ဟယ်ရီပေါ်တာအဖြစ် ဆယ်နှစ်ကြာ သရုပ်ဆောင်ခဲ့တဲ့ မင်းသားက သူ့ရဲ့ လက်ရှိဘဝ အခြေအနေကို ကျေနပ်ပျော်ရွှင်မိကြောင်း၊ မရိုက်ကူးရသေးတဲ့ ရုပ်ရှင်တစ်ကားအတွက် နှစ်နဲ့ချီကာ ကြိုတင်စာချုပ်ချုပ်ဆိုပြီး အဲဒီလိုဘဝမှာ လှုပ်ရှားရတာကို မနှစ်သက်ကြောင်း ဖွင့်ဟခဲ့တယ်လို့လည်း သိရပါတယ်။

# သတင်းမှားဖြန့်ဝေသူတွေကို အရေးယူမည်ဖြစ်ကြောင်း လီဒေါင်ဝတ်ခ်၏အေဂျင်စီ ပြောကြား

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ မင်းသားတစ်ဦးဖြစ်သူ လီဒေါင်ဝတ်ခ်ရဲ့ အေဂျင်စီဖြစ်တဲ့ ကင်းကောင်အင်တာတိန်းမန့်က မင်းသားနဲ့ပတ်သက်ပြီး သတင်းမှား ရေးသားဖြန့်ဝေသူတွေကို အေဂျင်စီအနေနဲ့ ထိထိရောက်ရောက် အရေးယူသွားမှာဖြစ်ကြောင်း လတ်တလောမှာ ထုတ်ဖော်ပြောကြားခဲ့တာ ဖြစ်တယ်လို့ စွန်ပီဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

လီဒေါင်ဝတ်ခ်ရဲ့ ကိုးကွယ်ယုံကြည်ရာ ဘာသာတရားနဲ့ပတ်သက်ပြီး မင်းသားရဲ့ နာမည်သိက္ခာကို ကျဆင်းစေမယ့် မဟုတ်မမှန်သတင်း ရေးသားသူတွေကို အရေးယူသွားမှာဖြစ်ကြောင်း အေဂျင်စီက မတ် ၃ ရက်မှာ အေဂျင်စီရဲ့ တရားဝင်လူမှုကွန်ရက် စာမျက်နှာပေါ်ကနေတစ်ဆင့် ထုတ်ပြန်ခဲ့တာ ဖြစ်ပါတယ်။

ဆင်ချွန်းဂျီလို့အမည်ရတဲ့ ဘာသာရေး အဖွဲ့အစည်းတစ်ခုဟာ ဒယ်ဂူမြို့က ကိုရိုနာဗိုင်းရပ်စ် စတင်ပြန့်ပွားခဲ့ရာ နေရာဖြစ်ကြောင်း အတည်ပြုခဲ့ပြီးနောက် အဆိုပါ အဖွဲ့အစည်းမှာ နာမည်ကျော်ကြယ်ပွင့်တွေလည်း ပါဝင်ကြောင်း ရေးသားဖော်ပြမှုတွေ ပေါ်ထွက်လာခဲ့ပါတယ်။

**အေးပြည့် – စုစည်းသည်**

**ဟိတေသီဒုလ္လဘ မကျင်းပဖြစ်ကြောင်း အသိပေးကြေညာခြင်း**

မဟာစည်သာသနာ့ရိပ်သာ၊ ဟိတေသီအဖွဲ့တွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော(၅၂)ကြိမ်မြောက် ဟိတေသီမိသားစု၏ စုပေါင်းရဟန်းခံ၊ ရှင်ပြု၊ သီလရှင်ဝတ် အလှူတော်ကို ၅-၄-၂၀၂၀ ရက်တွင် ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း ၁၁-၂-၂၀၂၀ရက်တွင် ကြေညာခဲ့သော်လည်း ဗုဒ္ဓသာသနာ့နုဂ္ဂဟအဖွဲ့ချုပ်အမှုဆောင် လပတ်အစည်းအဝေး(၂/၂၀၂၀) ဆုံးဖြတ်ချက်အရနှင့် ဟိတေသီအဖွဲ့အမှုဆောင် လပတ်အစည်းအဝေး(၂/၂၀၂၀)ဆုံးဖြတ်ချက်တို့အရ (COVID-19) ရောဂါကူးစက်ပျံ့နှံ့ဖြစ်ပွားခြင်းမှ ကာကွယ်နိုင်ရေးအတွက် ဟိတေသီဒုလ္လဘပွဲ မကျင်းပဖြစ်တော့ပါကြောင်း ပြန်လည်ကြေညာအပ်ပါသည်။

**ဟိတေသီဒုလ္လဘကော်မတီ**

**သင်္ကြန် (၁၀)ရက်တရားစခန်းပွဲ**

သာကေတမြို့နယ်အောင်စကြာမိုးကုတ် ဝိပဿနာဓမ္မရိပ်သာသင်္ကြန် (၁၀)ရက် အထူးတရားစခန်းပွဲကြီး ဧပြီလ (၁၀)ရက် မှ ဧပြီလ (၁၉)ရက် အထိ ကျင်းပသွားမည်ဖြစ်ရာ ဒုလ္လဘ၊သီလရှင်ယောဂီပုဂ္ဂိုလ်များလူကိုယ်တိုင် လာရောက်စာရင်းပေးသွင်းရန်နှင့် အရက်ဆွမ်း၊နေ့ဆွမ်း၊အချိုပွဲ၊ဖျော်ရည်လှူဒါန်းလိုသောစေတနာရှင်များဖော်ပြပါ ဖုန်းနံပါတ်သို့လှူဒါန်းနိုင်ပါကြောင်းနှိုးဆော်အပ်ပါသည်။

ဖုန်း-၀၉-၅၁၄၇၃၈၂၊ ၀၉-၇၇၂၀၁၅၃၈၃၊ ၀၉-၇၉၄၃၉၆၆၅၁

**သုံးရာသီ** (ဓမ္မဒါန)

Mar- 6,13, 26

09 420144148, 09 421153797

**GOLDEN LIGHT** 09-424499446 ,424499447

45000 * Mar 6, 13 , 20 , 26 , 27

65000 Motel 95000

70000 65000

60000 75000

110000 / 160000

**RUBY** ကားစီးလုံးငှားသည်

09-51-77212, 519100, 535100

ဆိုင်းဘုတ်များ Saloon,Van ကားမျိုးစုံ ငှားနိုင်ပါသည်။ (ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ)

**တရုတ်**

စကားပြောရုံပဲဆိုရင် (တရုတ်)စာမတတ်လည်းပြောလို့ရတယ်။

Sayar.Yang

**ENGLISH**
**Conversation Practice**

ပြောလိုပြီးပြောမတတ်သူ ပြောတတ်ပြီးပြောမထွက်သူအတွက် စကားပြောလေ့ကျင့်သင်တန်း

Great Wall စကားပြော ၊ စကားပြန်

TAMWE - 540714, 09 5183636
09 420230133

စိန်နန်းတော်
Diamonds & Fine Jewellery

**မြိတ်မြို့ စိန်ရွှေရတနာ အထူးဈေးရောင်းပွဲ**

၆ရက် ၊ ၇ရက် ၊ ၈ရက် ၊ ၉ရက် မတ်လ ၂၀၂၀

( Myeik Shopping Center ) မြိတ် ကုန်တိုက်

ကမ်းနား လမ်း ၊ ဆိပ်ကွင်း ၊ သာကေတ ရပ်ကွက် ၊ မြိတ်မြို့



**ဗလာမပါ**
**(ရွှေဆွဲသီး နှင့် ငွေသား) ကံစမ်းမဲ**



" နိုင်ငံကျော် အနုပညာရှင် အဆိုတော် ချစ်သုဝေ မှ မတ်လ (၆) ရက်နေ့ ( သောကြာနေ့ ) ညနေ (၆) နာရီ မှ (၈) နာရီ အတွင်း မြိတ်မြို့ မှ ချစ်ပရိသတ်များနှင့် အမှတ်တရ ဓါတ်ပုံရိုက် ၊ တေးသီချင်းများ ဖြင့် သီဆိုဖျော်ဖြေ ပေးသွားမည် ဖြစ်ပါသည်။ "

* ဗလာမပါ ( ရွှေဆွဲသီး နှင့် ငွေသား ) ကံစမ်းမဲ (မှတ်ချက် – ၃ သိန်းကျပ်ဖိုးနှင့် အထက် ဝယ်ယူရပါမည် / ဘောင်ချာ တစ်စောင်ကို ကံစမ်းမဲတစ်စု ပေးပါမည် ။)
* (၁၀) သိန်း ဖိုးနဲ့ အထက်ဝယ်ယူသူများကို " စိန်နန်းတော် VIP Member Card " ထပ်မံ လက်ဆောင်
* သိန်း (၅၀) ဖိုးနဲ့ အထက်ဝယ်ယူသူများကို " မြန်မာ့ပွဲတက်ရိုက်ဆည် " ထပ်မံ လက်ဆောင်
* သိန်း (၈၀) ဖိုးနဲ့ အထက်ဝယ်ယူသူများကို " D&C ( Singapore Brand ) လက်ကိုင်အိတ် " ထပ်မံ လက်ဆောင်
* နေ့စဉ်ပထမဦးဆုံးလာရောက်အားပေးသော Customer အယောက် (၁၀၀) ကို " I ❤ စိန်နန်းတော် တီရှပ် " ထပ်မံ လက်ဆောင်

နံနက် (၉) နာရီ မှ ည (၉) နာရီထိ
ဖုန်း – ၀၉ ၅၂၅၀၀၈၃၅၅ ၊ ၀၉ ၅၆၅၅၅၅၀၆၀ ၊ ၀၉ ၄၈၈၈ ၂၅၅၈၀

ရွှေ ပဲရည်ရွှေအစည် စိန်ထိုင်ဆက်များ ၊ 18K White Gold (ရွှေဖြူ ) စိန်ထိုင်ဆက်များ ၊Belgium စိန်အပြည့်အသွင်များနှင့် Hong Kong Setting စိန်ထိုင်ဆက်များကိုစုံလင်စွာရောင်းချပေးသွားမည် ဖြစ်ပါသည် ။

iMyanmarHouse.com မှ ကြီးမှူးကျင်းပသည့်

**AGDBANK Home Loan Expo**

**အရောင်းပြပွဲကြီး**

ဆောက်လုပ်ရေးကုမ္ပဏီပေါင်း (၃၀) ကျော်မှ တောင်ဥက္ကလာ၊ မြောက်ဥက္ကလာ၊ စမ်းချောင်း၊ မရမ်းကုန်း၊ အင်းစိန်၊ သာကေတ၊ သဃ်န်းကျွန်း၊ ဒေါပုံ၊ လှိုင်၊ တာမွေ၊ မြောက်ဒဂုံ၊ တောင်ဒဂုံ၊ အလုံ၊ ကြည့်မြင်တိုင် စသည့် မြို့နယ်စုံရှိ အိမ်ရာများကို ကျပ်ငွေ သိန်း (၂၀) ကျော်မှ စတင်ရောင်းချပေးမည်။

**ပုံမှန်အတိုးနှုန်း (၁၃ %) ကို ပြပွဲအတွင်း (၁၁ %) အထိ အထူးသက်သာသည့် အတိုးနှုန်းထားများဖြင့် လျှော့ချပေးမည်။**

7 & 8 March 2020 (စနေ၊ တနင်္ဂနွေ)


မနက် ၉ နာရီမှ ညနေ ၅ နာရီ အထိ

Pullman Hotel, Grand Ballroom



ဆက်သွယ်ရန် iMyanmarHouse.com ဖုန်း 09 455294841~5

အသေးစိတ်ကြည့်ရန် www.imyanmarhouse.com/agd-homeloan




## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

### သခင်မကြီး ဒေါ်အုန်းခင် (ရေနံချောင်း)

လွတ်လပ်ရေးမော်ကွန်းဝင်(ပထမဆင့်)

အသက်(၉၇) နှစ်

ပါမောက္ခဒေါ်နွယ်နွယ်ဝင်း (ပါမောက္ခ/ဌာနမှူး၊ တပ်မတော်ဆေးတက္ကသိုလ်-ငြိမ်း)၏ ကျေးဇူးရှင်မွေးသမိခင် သခင်မကြီး ဒေါ်အုန်းခင် (ရေနံချောင်း)သည် ၁-၃-၂၀၂၀ (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**အုပ်ချုပ်မှုဒါရိုက်တာအဖွဲ့နှင့် ဝန်ထမ်းမိသားစုများ**
**အာရှတော်ဝင်ဆေးရုံ**

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဒေါ်အလွမ်း

အသက်(၈၇)နှစ်

International Business Promotion Center Co.,Ltd မှ အဖွဲ့ဝင် Dr.မြတ်သူ၏ မိခင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲပါသည်။

**ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ**
**IBPC Co.,Ltd**

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

### ဒေါ်အလွမ်း

အာရှတော်ဝင်ဆေးရုံနှင့် တော်ဝင်အထူးကုဆေးခန်း

အသက်(၈၇) နှစ်

ဦးစွန်တိတ်(အာရှတော်ဝင်ဆေးရုံနှင့် တော်ဝင်အထူးကုဆေးခန်း)၏ဇနီး၊ ဦးတင့်ဇော်-ဒေါ်ကြည်ကြည်၊ ဦးသန်းဌွေး-ဒေါ်အေးအေး၊ ဦးထွန်းကြည်-ဒေါ်ခင်ခင်သက်၊ ဒေါက်တာလှဝင်း-ဒေါက်တာတင်တင်မော်၊ ဒေါက်တာမြတ်သူ-ဒေါက်တာခင်ချိုဦး၊ ဦးသိန်းဟန်-ဒေါက်တာသန်းသန်းနုတို့၏မိခင်ကြီး ဒေါ်အလွမ်းသည် ၂-၃-၂၀၂၀ (တနင်္လာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။ (အန်းမ ကောင်းရာသုဂတိသို့ လားပါစေ)

**Sitagu Asia Royal Sleep lab & Clinic**
**ဝန်ထမ်းမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

### ဒေါ်အလွမ်း

အာရှတော်ဝင်ဆေးရုံနှင့် တော်ဝင်အထူးကုဆေးခန်း

အသက်(၈၇) နှစ်

ဦးစွန်တိတ်(အာရှတော်ဝင်ဆေးရုံနှင့် တော်ဝင်အထူးကုဆေးခန်း)၏ ဇနီး၊ ဦးတင့်ဇော်-ဒေါ်ကြည်ကြည်၊ ဦးသန်းဌွေး-ဒေါ်အေးအေး၊ ဦးထွန်းကြည်-ဒေါ်ခင်ခင်သက်၊ ဒေါက်တာလှဝင်း-ဒေါက်တာတင်တင်မော်၊ ဒေါက်တာမြတ်သူ-ဒေါက်တာခင်ချိုဦး၊ ဦးသိန်းဟန်-ဒေါက်တာသန်းသန်းနု တို့၏မိခင်ကြီး ဒေါ်အလွမ်းသည် ၂-၃-၂၀၂၀ (တနင်္လာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။ (အန်းမ ကောင်းရာသုဂတိသို့ လားပါစေ)

**အမှုဆောင် ဒါရိုက်တာအဖွဲ့နှင့် ဝန်ထမ်းမိသားစုများ**
**အာရှတော်ဝင်ဆေးရုံ**

## အရာခံဗိုလ်/၇၁ ဝေလွင် (ငြိမ်း)

ကပ-၅၀၈၇

**အင္ဂဝါ(ရန်ကုန်)နာရေးကူညီမှုအသင်း၊အသင်းဝင်အမှတ်(၃၁၅)**

**အသက်(၈၆)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ယုဇနဥယျာဉ်မြို့တော်၊ (၉၄)ရပ်ကွက်၊ A-၈ လမ်း၊ တိုက်(၂)၊ အခန်း(၃၀၂)နေ ဒေါ်ညိုညို၏ခင်ပွန်း သည် ၂-၃-၂၀၂၀ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၄-၃-၂၀၂၀ ရက် ညနေ ၄ နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ မွန်းလွဲ ၂:၄၅ နာရီတွင် ထွက်ပါမည်။)

အင္ဂဝါ(ရန်ကုန်) နာရေးကူညီမှုအသင်း

## ဒေါ်နုနုရီ (ခ) ဒေါ်နုနုပန် (မဟာဂီတ) (၇၂) နှစ်

အင်းစိန်မြို့နယ်၊ ပိန္နဲကုန်းရပ်ကွက်နေ (ဦးအေးမောင်-ဒေါ်ခင်မေ)တို့၏ သမီးလတ်၊ (ဦးဘသန်း-ဒေါ်တင်တင်)တို့၏သမီးချွေးမ၊ (ဦးမျိုးခင်)၊ (ဦးမျိုးသန်း) တို့၏ညီမ၊ ဒေါ်ခင်စန်းစန်းမြင့်၊ (ဒေါ်ခင်အေးသွင်)၊ ဦးတင်ဝင်း၊ ဦးမျိုးအေးတို့၏ အစ်မ၊ ကိုမိုးသီဟ(ကိုပန်)-မစန္ဒာ(P & S မိတ္တူ)၊ မလွင်ကလျာ(ခ)ဇူးဇူး (ဆက်ဆံပြန်/ကြား YCDC မြို့တော်သတင်း)တို့၏မိခင်၊ မောင်ထင်ကရ (ဆေး-၂)၏ ချစ်လှစွာသောအဘွား၊ ဦးတင်သန်း(တက္ကသိုလ် အပန်ငယ်၊ လက်ထောက်ညွှန်ကြားရေးမှူး-ငြိမ်း၊ စာရင်းစစ်ချုပ်ရုံး)၊ (Auditor Great Seal Co.,Ltd) ၏ဇနီးသည် ၂-၃-၂၀၂၀ (တနင်္လာနေ့) မွန်းလွဲ ၁:၄၅ နာရီ တွင် ကွယ်လွန်သွားပါသဖြင့် ၄-၃-၂၀၂၀ (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၈-၃-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အမှတ်(၃၁)၊ (၅/ဘီ)၊ ဘောဂလမ်း၊ ကွက်သစ်ရပ်ကွက်၊ အင်းစိန်မြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ]

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

### ဒေါ်အလွမ်း

အာရှတော်ဝင်ဆေးရုံနှင့် တော်ဝင်အထူးကုဆေးခန်း

အသက်(၈၇) နှစ်

ဦးစွန်တိတ်(အာရှတော်ဝင်ဆေးရုံနှင့် တော်ဝင်အထူးကုဆေးခန်း)၏ဇနီး၊ ဦးတင့်ဇော်-ဒေါ်ကြည်ကြည်၊ ဦးသန်းဌွေး-ဒေါ်အေးအေး၊ ဦးထွန်းကြည်-ဒေါ်ခင်ခင်သက်၊ ဒေါက်တာလှဝင်း-ဒေါက်တာတင်တင်မော်၊ ဒေါက်တာမြတ်သူ-ဒေါက်တာခင်ချိုဦး၊ ဦးသိန်းဟန်-ဒေါက်တာသန်းသန်းနုတို့၏မိခင်ကြီး ဒေါ်အလွမ်းသည် ၂-၃-၂၀၂၀ (တနင်္လာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။ (အန်းမ ကောင်းရာသုဂတိသို့ လားပါစေ)

**ဦးသိန်းလွင်၊ ဦးမြင့်လွင်၊ ဒေါ်ပေါ့ပေါ့**
**တိုးနယားပွဲရုံ မိသားစု**

## ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

### ဒေါ်အလွမ်း

အသက်(၈၇) နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ အမှတ်(၇၆၀)၊ မဟာဗန္ဓုလလမ်းနေ ဦးစွန်တိတ်(တော်ဝင်အထူးကုဆေးခန်းနှင့် အာရှတော်ဝင်ဆေးရုံ)၏ဇနီး၊ ဦးတင့်ဇော်-ဒေါ်ကြည်ကြည်၊ ဦးသန်းဌွေး-ဒေါ်အေးအေး၊ ဦးထွန်းကြည်-ဒေါ်ခင်ခင်သက်၊ ဒေါက်တာလှဝင်း-ဒေါက်တာတင်တင်မော်၊ ဒေါက်တာမြတ်သူ-ဒေါက်တာခင်ချိုဦး၊ ဦးသိန်းဟန် (မြန်မာနိုင်ငံဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်၊ ဒုတိယဥက္ကဋ္ဌ)-ဒေါက်တာသန်းသန်းနုတို့၏မိခင်ကြီး ဒေါ်အလွမ်းသည် ၂-၃-၂၀၂၀ ရက် မွန်းလွဲ ၁:၃၄ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**မြန်မာနိုင်ငံဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်**
**ဥက္ကဋ္ဌ၊ဒုတိယဥက္ကဋ္ဌများ၊ အမှုဆောင်များ၊**
**ဒိုင်လူကြီးများနှင့်လက်ရွေးစင်အားကစားသမားများ**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၆)၊ မြေကွက်အမှတ်(၂၀၅)၊ မြေကွက်တည်နေရာ အမှတ်(၂၀၅)၊ ရဲကျော်စွာလမ်း၊(၃၆)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဦးတင်အေး(AD-၀၂၄၃၁၈) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား ဂရန်အမည်ပေါက် ဦးတင်အေး(ခင်ပွန်း)ဖြစ်သူကွယ်လွန်၍ ၎င်း၏ တစ်ဦးတည်းသောဇနီးဖြစ်သူ ဒေါ်ထွေးမြင့်[၁၂/အလန(နိုင်)၀၁၂၈၈၅] မှ အမွေ ဆက်ခံပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ သေစာရင်း၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ဂရန်မူရင်းတို့တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူး လျှောက်ထားလာခြင်းအား တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့် ရက်မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇/ဒီ နံ့သာကုန်း)၊ မြေကွက်အမှတ်(၁၇/ဒ)၊ ဧရိယာ(၀.၉၆) ဧက၏ တစ်စိတ်တစ်ဒေသ၊ မြေကွက်တည်နေရာ အမှတ်-၁၇၊ နံ့သာမြိုင် (၁)လမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ဦးစောဖေသန်း အမည်ပေါက် မြေပိုင်မြေ (အိမ်ရာမြေသတ်မှတ်) မြေအား ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး၊ တရားမ အထွေထွေမှုအမှတ်-၆၉/၉၇ အရ အမွေထိန်းလက်မှတ်စာ မိတ္တူ အရောင်းအဝယ်စာချုပ်အမှတ်-၂၁၂၀ (၂၈-၅-၀၂)တို့တင်ပြ၍ ဒေါ်ကြည်ကြည်ဝေ [၁၃/တကန(နိုင်) ၁၃၄၀၂၈]မှ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ**

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

### သခင်မကြီး ဒေါ်အုန်းခင် (ရေနံချောင်း)

အသက် (၉၇)နှစ်

ပါမောက္ခ ဗိုလ်မှူးကြီး ဒေါ်နွယ်နွယ်ဝင်း(ငြိမ်း) ဦးနှောက်နှင့်အာရုံကြောဆေးပညာဌာန၊ တပ်မတော်ဆေးတက္ကသိုလ်၏ မွေးသမိခင်ကျေးဇူးရှင်သည် ၁-၃-၂၀၂၀ရက် (တနင်္ဂနွေနေ့) နံနက် ၈း၅၂နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးနှောက်နှင့် အာရုံကြောပညာရပ်ဆိုင်ရာအဖွဲ့**
**(Neuromedical and Neurosurgical)**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေကြီး(က+ဂ)ရပ်ကွက်၊ (၁၅၅)လမ်း၊ အမှတ်(၉၂)ဟု ခေါ်တွင်သော မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် ၂-ခန်းတွဲ (၃ ½ ) တိုက်၏ (၃-လွှာ) (ယာ) ဘက်ခြမ်း အကျယ်အဝန်း (၁၂ ½ x ၅၅)ပေရှိ ရေ၊ မီး အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား ဝယ်ယူပိုင်ဆိုင်ထားသူများဖြစ်ကြသော ဦးသော်တာဦး[၁၂/တမန(နိုင်)၀၄၃၁၄၅]နှင့် မခင်သီတာမျိုး[၁၂/တမန(နိုင်)၀၀၀၈၇၈] တို့မှ လက်ရှိထား အမည်ပေါက်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောကြားလာသဖြင့် ကျွန်ုပ်တို့၏ မိတ်ဆွေ ဦးရဲကျော်မင်း[၁၂/တမန(နိုင်)၀၀၀၄၈၈]မှ ဝယ်ယူရန် အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်း အထောက်အထားများဖြင့် ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဝယ်သူ၏လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးဖြိုးသူရိန်ဌေး(LL.B)**
**(စဉ်-၁၆၅၀၁) (၈-၁-၂၀၂၀)**
**တရားလွှတ်တော်ရှေ့နေ**

**ဦးသိန်းဇော်ဇော်(LL.B)**
**(စဉ်-၄၆၈၁၉)**
**အထက်တန်းရှေ့နေ**

**အမှတ်(၂၄၀)၊ မြေညီ(A)၊ (၃)လမ်း၊ စံပြရပ်ကွက်၊**
**သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၃၂၁၄၄၄၄၊ ၀၉-၇၃၀၀၄၄၄၆**

## "ဒဂုံမြို့သစ် မြေကွက်များ ဝယ်လိုသည်"

ဒဂုံဆိပ်ကမ်း (၅၉၊ ၆၀၊ ၆၁၊ ၆၈၊ ၆၉၊ ၇၇၊ ၇၈၊ ၇၉၊ ၈၀၊ ၈၉) ရပ်ကွက်၊ ဒဂုံအရှေ့ပိုင်း (၉၊ ၁၀၊ ၁၄၊ ၁၅၊ ၁၁၇၊ ၁၁၈၊ ၁၀၈၊ ၁၂၄၊ ၁၂၅) ရပ်ကွက်၊ ဒဂုံတောင်ပိုင်း (၁၄၅၊ ၁၄၆၊ ၁၄၇၊ ၁၅၃၊ ၁၅၄) မ/ဒဂုံ $U_9$-$U_{10}$

**Ph-01-7539922, 09-425015277, 09-798891857 (မြတ်တော်ဝင်)**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၅)ရပ်ကွက်၊ ရတနာမွန်(၃)လမ်း၊ တိုက်အမှတ်(၂၆)၊ အခန်းအမှတ် (၁၀၁- ပထမထပ်)၊ တိုက်ခန်းသည် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနတွင် ဦးမျိုးမြင့် [၁၂/ဗဟန(နိုင်)၀၇၀၃၀၆] အမည်ဖြင့် မှတ်သားတည်ရှိနေပါသည်။ အမည်ပေါက်ပိုင်ရှင် ဦးမျိုးမြင့်ထံမှ အဆင့်ဆင့်တရားဝင်ဝယ်ယူ၍ လက်ရှိပိုင်ဆိုင်ထားရှိသူ ဦးမင်းသန့်ထွန်း[၉/ခအဇ (နိုင်)၀၀၀၄၆၅]ထံမှ ဦးကျင့်ဟောက်မုန် (ခ) ဂျိုးဇက်ကျင့်ဟောက်မုန် [၅/ဒပယ(နိုင်)၀၆၇၃၅၆]က ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ရာ အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက တရားဝင်ခိုင်လုံသော အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာ စာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်မှုမရှိပါက တိုက်ခန်း အရောင်း အဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကျင့်ဟောက်မုန် (ခ) ဂျိုးဇက်ကျင့်ဟောက်မုန်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်မာလာ LL.B တရားလွှတ်တော်ရှေ့နေ (စဉ်-၈၅၂၀)**
**တိုက်(၅)၊ အခန်း (၀၀၈)၊ အေးရိပ်မွန် (၉)လမ်း၊ (၅)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၁၈၁၈၂၀၊ ၀၉-၉၆၅၁၈၁၈၂၀**

## အထူးကျေးဇူးတင်ရှိခြင်း
## ဦးပေါ်ခန်သန်း
**အသက်(၉၃)နှစ်**

၂၆-၂-၂၀၂၀ ရက် (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်၍ ၂၈-၂-၂၀၂၀ ရက် (သောကြာနေ့)တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးခဲ့သော ကျေးဇူးရှင်ဖခင်ကြီး ဦးပေါ်ခန်သန်း နာမကျန်းဖြစ်စဉ်က အထူးဂရုစိုက်ကုသ ပေးခဲ့ပါသော SSC ဆေးရုံမှ ပါမောက္ခ ဒေါက်တာ ဦးဆန်းလွင်နှင့့် ဆရာဝန်ကြီးများ၊ သူနာပြုဝန်ထမ်းများ၊ နာရေးကိစ္စအရပ်ရပ်တွင် ကူညီဆောင်ရွက်ပေးခဲ့ပါသော မောင်နှမများနှင့် မိတ်ဆွေများ၊ ရေဝေးသုသာန်မှ ဝန်ထမ်းများအားလုံး၊ နာရေးသို့ လိုက်ပါပို့ဆောင်ပေးကြပါသော လူကြီးမိဘ၊ ဆွေမျိုးမိတ်ဆွေသင်္ဂဟများ၊ တပ်မတော်(လေ) မိသားစုများ၊ စာနာနှစ်သိမ့်အားပေးစကားပြောကြားပေးပါသော ဆွေမျိုးမိတ်ဆွေသင်္ဂဟများ၊ ပန်းခြင်းများ၊ လှူဖွယ်ဝတ္ထုပစ္စည်းများ ပေးပို့ကူညီပေးပါသော ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့် တပ်မတော်(လေ) မိသားစုများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ ရက်လည်ဆွမ်းကျွေးသို့ ကြွရောက်ပေးပါသော ဆွေမျိုး မိတ်သင်္ဂဟများ၊ မေတ္တာဖြင့် အဘက်ဘက်မှ ကူညီဆောင်ရွက်ပေးကြသူများ အားလုံးကို အထူးကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
## သခင်မကြီးဒေါ်အုန်းခင် (ရေနံချောင်း)
(လွတ်လပ်ရေးမော်ကွန်းဝင်-ပထမဆင့်)
**အသက်(၉၇)နှစ်**

ဦးမင်းဇော်(ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး) နှင့် ဒေါ်ချိုချိုဦး (ကထိက-ငြိမ်း၊ စိုက်ပျိုးရေးတက္ကသိုလ်)တို့၏ မိခင်ဖြစ်သူ ဒေါ်အုန်းခင်သည် ၁-၃-၂၀၂၀ ရက်နေ့တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၇၃)မှသူငယ်ချင်းများ နှင့် မိသားစုများ**

## ဒေါက်တာဒေါ်စိုးလွင်(ခ)ဒေါ်ပိုပို (ပခုက္ကူ)
**အသက်(၉၆)နှစ်**
**ရန်ကင်းမြို့နယ်ဒေသန္တရကျန်းမာရေးဆရာဝန်ကြီး(ငြိမ်း)**
**ရာသက်ပန်ယောဂီ၊ ချမ်းမြေ့ရိပ်သာကျောင်း(ကမ္ဘာအေး)**

ပခုက္ကူအသင်း(ရန်ကုန်)၏ သက်ကြီးကန်တော့ခံဖြစ်သူ ဒေါက်တာဒေါ်စိုးလွင်(ခ)ဒေါ်ပိုပိုသည် ၂-၃-၂၀၂၀ (တနင်္လာနေ့) နံနက် ၆:၃၀ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**အမှုဆောင်အဖွဲ့**
**ပခုက္ကူအသင်း(ရန်ကုန်)**

## လွမ်းဆွတ်တသအမှတ်တရအလှူ

၁၉၈၄-၈၇၊ ရုက္ခဗေဒ ဂုဏ်ထူးတန်း First Batch တို့၏မိခင် ဆရာမကြီး ဒေါက်တာဒေါ်ခင်စိန် ကွယ်လွန်ခြင်း တစ်လပြည့်အထိမ်းအမှတ် အဖြစ် ၂-၃-၂၀၂၀ ရက်တွင် အောင်မင်္ဂလာမြေဇင်းတောရကျောင်းတိုက်၌ တပည့်သားသမီးများမှ ဆွမ်း၊ ကျောင်း၊ ဆေးအစရှိသည့် လှူဖွယ်ဝတ္ထုအစုစု တို့ကို လှူဒါန်းခဲ့ကြပါသည်။ ဆရာမကြီး ကောင်းမွန်ရာဘုံဘဝမှ သာဓု ခေါ်နိုင်ပါစေကြောင်း ဆရာမကြီး၏မေတ္တာ၊ စေတနာကို ထာဝရအမှတ်ရ လျက် ၈၄-၈၇ သားသမီး၊ တပည့်များမှ ဆုတောင်းမေတ္တာပို့သအမျှပေး ဝေအပ်ပါသည်။

**1984–87 Botany Honors First Batch,**
**University of Yangon**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ငွေးငွေး
**အသက်(၉၁)နှစ်**

မြန်မာနိုင်ငံပုံနှိပ်နှင့် ထုတ်ဝေသူလုပ်ငန်းရှင်များ အသင်း၏ နာယကဒေါက်တာတင်ထွန်းဦး၏မိခင် ဒေါ်ငွေးငွေး သည် ၂၉-၂-၂၀၂၀ (စနေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ အထူးဝမ်းနည်းကြေကွဲရ ပါသည်။

**မြန်မာနိုင်ငံပုံနှိပ်နှင့်**
**ထုတ်ဝေသူလုပ်ငန်းရှင်များအသင်း(MPPA)**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်အေးအေးမြင့်
**အသက်(၈၇)နှစ်**

သူငယ်ချင်း ဒုတိယဗိုလ်မှူးကြီးမောင်မောင်စိုး(ငြိမ်း) ဇနီး ဒေါ်သိင်္ဂီအေး တို့၏မိခင် ဒေါ်အေးအေးမြင့် အသက်(၈၇)နှစ်သည် ၁-၃-၂၀၂၀ ရက်တွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရ ပါသည်။

**စစ်တက္ကသိုလ် အမှတ်စဉ်(၂၃)**
**သူငယ်ချင်းမိသားစုများ**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ရင်ကြည် (မုဒုံ)

ဦးဝင်းနိုင်-ဒေါ်တင်ထွေးရီတို့၏ ကျေးဇူးရှင်မွေးသမိခင် ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ မလိခအိမ်ရာနေ ဒေါ်ရင်ကြည် အသက်(၈၃)နှစ်သည် ၂၈-၂-၂၀၂၀(သောကြာနေ့) ည ၇:၁၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**မေခအိမ်ရာ သူငယ်ချင်းများ**

ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဘဒ္ဒန္တဂါရဝါလင်္ကာရာဘိဝံသ
**သိက္ခာတော်(၃၇)ဝါ၊ သက်တော်(၅၇)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံဥယျာဉ်မြို့တော် (ဇေကမ္ဘာဝင်း)၊ မဟာဂန္ဓာရုံကျောင်းတိုက် ပဓာနနာယကဆရာတော် သိက္ခာတော်(၃၇)ဝါ၊ သက်တော်(၅၇)နှစ် ဘဒ္ဒန္တဂါရဝါလင်္ကာရာ ဘိဝံသ [သာသနာလင်္ကာရသာမဏေကျော်၊ သ-စ-အ ဓမ္မာစရိယ၊ မဟာဂန္ထဝါစကပဏ္ဍိတ၊ တိုင်းသံဃဝန်ဆောင်(ရွှေကျင်)၊ ရွှေကျင်နိကာယ ဂိုဏ်းလုံးဝန်ဆောင်နာယက]သည် (၁၃၈၁ ခုနှစ်၊ တပေါင်းလဆန်း ၈ ရက်)၊ ၁-၃-၂၀၂၀ ရက် မွန်းလွဲ ၁၂:၅၅ နာရီတွင် ဘဝနတ်ထံပျံလွန် တော်မူသွားပါသဖြင့် (၁၃၈၁ ခုနှစ်၊ တပေါင်းလဆန်း ၁၂ ရက်)၊ ၅-၃-၂၀၂၀ ရက် မွန်းတည့် ၁၂ နာရီတွင် မင်္ဂလာဒုံဥယျာဉ် မြို့တော်၊ မဟာဂန္ဓာရုံကျောင်းတိုက်၌ သာဓုကီဠနသဘင် အခမ်းအနားဆင်ယင် ကျင်းပပြီး ညနေ ၃ နာရီတွင် ရေဝေး သုသာန်၌ အန္တိမအဂ္ဂိဈာပနပူဇာ သဘင် ကျင်းပမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ တပည့်သံဃာများနှင့် ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ် ပါသည်။

ဈာပနကျင်းပပူဇော်ရေးကော်မတီ

ခရစ်တော်၌အိပ်ပျော်ခြင်း
## ဒေါ်စိန်ကြည်
**အသက်(၉၅)နှစ်**

[သိက္ခာတော်ရဆရာကြီး ဦးထွန်းဖေ (ဝါးနက်ချောင်းနှစ်ခြင်းအသင်းတော်)-ဒေါ်ရွှေနု]တို့၏ သမီး၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ သီရိခေမာရပ်ကွက်၊ အမှတ်(၁၂-က)၊ ခတ္တာလမ်းနေ [ဦးခင်မောင်ကြီး (ရုပ်ရှင်မြှင့်တင်ရေး)]၏ ချစ်လှစွာသောဇနီး၊ (ဒေါ်မြကြည်)၊ (ဦးမြအောင်)၊ (ဗိုလ်ကြီးမောင်စိန်)၊ (ဒေါ်မြရီ)၊ (ဦးမြဒင်)တို့၏ ညီမ၊ (ဦးအောင်ကြည်)၊ (ဦးထွန်းကြည်)၊ (ဒေါ်သန်းကြည်)တို့၏ အစ်မ ဒေါ်စိန်ကြည်သည် ၂-၃-၂၀၂၀ (တနင်္လာနေ့) မွန်းလွဲ ၁:၁၆ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၄-၃-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဘုရားကျောင်း၌ဝတ်ပြုပြီး ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှ ကားများ နံနက် ၈ နာရီနှင့် ၈ မိုင် ညီအစ်ကိုများ အသင်း တော်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ခရစ်တော်၌ အိပ်ပျော်ခြင်း
## ဒေါ်စိန်ကြည်
**အသက် (၉၅) နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ သီရိခေမာရပ်ကွက်၊ အမှတ်(၁၂-က)၊ ခတ္တာလမ်းနေ [ဦးခင်မောင်ကြီး(ရုပ်ရှင်မြှင့်တင်ရေး)]၏ ချစ်လှစွာသော ဇနီး၊ (ဒေါ်ခင်ခင်ကြီး-ဦးမောင်မောင်)၊ ဒေါ်ခင်ခင်လေး-ဦးသက်နိုင်၊ Rev.Dr. ဦးယောသပ်-နော်ခူးလီယာ၊ (ဦးထွန်းလှိုင်)၊ ဒေါ်ခင်မြမူ Ruth-ဒေါက်တာတင်တိုး၊ ဒေါ်ခင်စန်းလွင် Naomi-ဦးအေးမင်း၊ ဦးအောင်နိုင်-ဒေါ်ကြူကြူဝင်း၊ ဒေါ်ခင်မြတ်ဆု-ဦးတင်မောင်ဌေး၊ ဦးဒီမျိုးလှိုင်၊ ဆရာဦးဇော်ကြီး-နော်ဂျူးလီယာ၊ (ဦးကျော်စွာ)၊ ဒေါ်ခင်ထွေးကြည်တို့၏မိခင်၊ ဦးနေမျိုးသူ-ဒေါ်ခင်ရဲသီတာ၊ ဒေါက်တာ ဥက္ကာအေးမင်း-ဒေါက်တာဂျေးလ်ခေါ်မိုင်၊ ဦးရန်မျိုးနိုင်-ဒေါ်စန္ဒာညွန့်၊ ဒေါ်ခင်သစ္စာ-ဦးဒေးဗစ်ဟာရှိုင်း၊ ဒေါ်သက်မွန်သွေး-ဦးမျိုးမင်းထွန်း၊ ဦးရဲသူရိန်-ဒေါ်ဖြိုးသီရိဝင်း၊ ဦးမြတ်ဦး-ဒေါ်နှင်းဟေမာန်ဦး၊ ဒေါ်မေဝေသီအေးမင်း-ဦးစောကော်မူထော်၊ ဦးပြည့်ဖြိုးမောင်၊ဒေါက်တာဇင်ကိုကိုဝိုင်း-ဒေါက်တာစုမြတ်ကိုကို၊ ဦးအောင်ငြိမ်းချမ်း၊ ဒေါက်တာမြနေခြည်တိုး၊ နော်ဂျူးဒီဟီးလားဇော်၊ ဒေါ်ခင်သန္တာ၊ နော်ဂျေးနီစေးလားဇော်တို့၏အဘွား၊ မောင်နိုဝယ်လ်ကို၊ မဂျေဒီ၊ မောင်ဘင်ဂျမင်၊ မောင်မျိုးသက်ထွန်း၊ မောင်တိုးချစ်ထွန်း၊ မောင်နေသန်၊ မောင်လုခ်၊ မောင်ရဲရင့်ထွန်း၊ မောင်ရဲမြတ်သူ၊ မောင်အဲရစ်ခ်တို့၏ဘွားဘွားကြီးသည် ၂-၃-၂၀၂၀ ရက် မွန်းလွဲ ၁:၁၆ နာရီတွင် ဆာကူရာဆေးရုံ၌ ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၄-၃-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဘုရားကျောင်း၌ ဝတ်ပြုပြီး ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၈ နာရီနှင့် ၈-မိုင်ညီအစ်ကိုများ အသင်းတော်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးကျော်စိုး
**မော်လမြိုင်ကျော်သရေကွင်း (ညောင်ပင်လေးဈေး)**
**အသက် (၅၆) နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ ဒေါ်ငွေးငွေးကြည်၏ခင်ပွန်း၊ မငွေးစိုးမိုး၊ မောင်ဝေလင်းစိုး၊ မအိအိရတနာစိုးတို့၏ဖခင်သည် ၃-၃-၂၀၂၀ ရက် နံနက် ၁၀:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၃-၂၀၂၀ ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၈-၃-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ (၂၁/၂၃)၊ ဓမ္မာရုံလမ်း၊ မြေညီထပ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်အလွမ်း
**အသက်(၈၇)နှစ်**
**(အာရှတော်ဝင်ဆေးရုံနှင့် တော်ဝင်အထူးကုဆေးခန်း)**

ရန်ကုန်မြို့နေ ဦးစွန်တိတ် (နာယက-အာရှတော်ဝင်ဆေးရုံကြီး)၏ ဇနီး ဒေါက်တာမြတ်သူ - ဒေါက်တာဒေါ်ချိုဦး (အာရှတော်ဝင်ဆေးရုံ)တို့၏ မိခင် ဒေါ်အလွမ်းသည် ၂-၃-၂၀၂၀ (တနင်္လာနေ့)တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခဦးခင်မောင်ဝင်း**
**(အသည်းအထူးကုဆရာဝန်ကြီး)နှင့် ဇနီး**
**ဒေါက်တာဒေါ်ခင်လေးရီ**

ဘဝနတ်ထံပျံလွန်တော်မူခြင်း
## သက်တော်ရှည်ဆရာတော် ဘဒ္ဒန္တရဠသာရ မဟာထေရ်
**(အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်)**
**သိက္ခာတော်(၇၄)ဝါ၊ သက်တော်(၉၄)နှစ်**

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ သိမ်ဖြူလမ်း၊ မင်္ဂလာရာမ၊ ပါဠိ တက္ကသိုလ်ကျောင်းတိုက်၏ ဦးစီးပဓာနနာယက သက်တော်ရှည် ကျေးဇူး တော်ရှင် ဆရာတော်ကြီး ဘဒ္ဒန္တရဠသာရ မဟာထေရ်သည် (၁၃၈၁ ခုနှစ်၊ တပေါင်းလဆန်း ၁၀ ရက်) ၃-၃-၂၀၂၀ (အင်္ဂါနေ့) နံနက် ၃:၅၀ နာရီတွင် (SSC ဆေးရုံ၌) ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၈၁ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၆ ရက်) ၁၄-၃-၂၀၂၀ (စနေနေ့) မွန်းလွဲ ၁၂:၃၀ နာရီတွင် မင်္ဂလာရာမပါဠိတက္ကသိုလ် ကျောင်းတိုက်၌ အန္တိမအဂ္ဂိဈာပနပူဇာသဘင် အခမ်းအနားဆင်ယင်ကျင်းပ ပြီး ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး နေ တပည့်သံဃာ၊ ဒါယကာ/ဒါယိကာမ အပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

ဈာပနကျင်းပရေးကော်မတီ

## ဒေါက်တာဒေါ်စိုးလွင်(ခ) Dr. ပိုပို
**အသက်(၉၆)နှစ်**
**(ပခုက္ကူ)**
**ရန်ကင်းမြို့နယ်ဒေသန္တရကျန်းမာရေးဌာနဆရာဝန်ကြီး(ငြိမ်း)**
**ရာသက်ပန်ယောဂီ၊ ချမ်းမြေ့ရိပ်သာကျောင်း(ကမ္ဘာအေး)**

ပခုက္ကူမြို့နေ (ဦးလွင်-ဒေါ်မမကြီး)တို့၏ သမီး၊ (ဦးသိမ်းမောင်-ဒေါ်တင်ရွှေ)၊ (ဦးကြီးမြင့်)-ဒေါ်သန်းရီ၊ (ဦးစိန်လှ-ဒေါ်ခင်လှ)၊ (ဦးသူ-ဒေါ်စောရီ)တို့၏ ညီမ၊ (ဦးလှဝင်း-ဒေါ်ခင်ခင်ကြည်) တို့၏ အစ်မ၊ တူ/တူမ ၂၀ ယောက် တို့၏ အဒေါ်၊ မြေး၊ မြစ်များ၏ အဘွား ဒေါက်တာဒေါ်စိုးလွင်(ခ) Dr.ပိုပိုသည် ၂-၃-၂၀၂၀ (တနင်္လာနေ့) နံနက် ၆:၃၀ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန် သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ် ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၈-၃-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အမှတ်(၁၅၇/က)၊ (၄)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူ တူ/တူမများနှင့် မြေးများ

## အနိစ္စ

## ဦးခင်လှ (စနဲမြို့)
**အသက် (၇၈) နှစ်**

စနဲမြို့လူမှုရေးအသင်း (ရန်ကုန်)ဝင်၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မင်းရဲကျော်စွာလမ်း၊ အမှတ်(၃၆၂)နေ (ဦးဖိုးတုတ်-ဒေါ်ဘွားခင်)တို့၏ သားကြီး၊ (ဦးရွှေတင်-ဒေါ်စိန်ဘုံ)တို့၏ သားသမက်၊ ဒေါ်တင်တင်စိန်၏ ချစ်လှစွာသောခင်ပွန်းသည် ၂-၃-၂၀၂၀ (တနင်္လာနေ့) နံနက် ၄:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၃-၂၀၂၀ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသဖြင့် အသင်းသား/သူများ လိုက်ပါပို့ဆောင်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ပါမည်။)

အလုပ်အမှုဆောင်ကော်မတီ
စနဲမြို့လူမှုရေးအသင်း (ရန်ကုန်မြို့)

---

## ဦးအေး (၇၇) နှစ်
**စက်ရုံမှူး-ငြိမ်း၊**
**မြန်မာ့ဂုန်လျှော်လုပ်ငန်း**

မိတ္ထီလာမြို့နေ (ဦးစိန်မောင်-ဒေါ်စိန်ရွှေ)တို့၏ သားထွေး၊ တောင်ငူမြို့၊ ငွေလုံရပ်နေ (သခင်ထွန်းဖေ-ဒေါ်မမကြီး)တို့၏ သားသမက်၊ ဒေါ်စန်းစန်းယု၊ (ဦးဇော်အောင်)တို့၏ မောင်/ညီ၊ ဦးမြင့်သိန်းလွင်-ဒေါ်စုသက်ထွန်း၊ ဦးအေးမင်းထွန်းတို့၏ဖခင်၊ မောင်လွင်ဘုန်းခေတ်(ခ)Terry Lwin ၏ ချစ်လှစွာသောအဘိုး၊ ဒေါ်ခင်စန်းလွင်(ပေါက်ပေါက်)၏ ခင်ပွန်းသည် ၃-၃-၂၀၂၀ (အင်္ဂါနေ့) နံနက် ၈ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၃-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၉-၃-၂၀၂၀ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ တိုက်(B-4)၊ အခန်း(201)၊ ဟံသာဝတီအိမ်ရာ၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်မြသန်း(ဗဟန်းကုန်သွယ်ရေး-ငြိမ်း)
**အသက် (၈၈) နှစ်**

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ (၂၅)ရပ်ကွက်၊ ချယ်ရီလမ်း၊ အမှတ်(၂၀၁/၃)နေ ဦးဖြိုး-ဒေါ်ဖွေ့တို့၏ သမီး၊ [ဦးစန်မြင့်(ရုံးဝန်ထောက်-ငြိမ်း၊ ကြေးတိုင်နှင့် မြေစာရင်း)]၏ဇနီး၊ ဦးမြင့်မောင်-ဒေါ်ကြည်ကြည်ဝေ၊ (ဦးမြင့်အောင်)၊ ဦးတင်ထွန်းအောင်-ဒေါ်ချိုမာမြင့်၊ ဦးအောင်လတ်-ဒေါ်နီလာမြင့်၊ ဦးဇော်ဇော်အောင်-ဒေါ်ဥမ္မာမြင့်၊ ဦးသက်နိုင်မြင့်(အကောက်ခွန်-ငြိမ်း)၊ ဦးကျော်ကျော်မိုး-ဒေါ်ဖြူဖြူမြင့်တို့၏ချစ်လှစွာသောမွေးသမိခင်၊ မြေး ကိုးယောက်၊ မြစ် နှစ်ယောက် တို့၏ ချစ်လှစွာသောဘွားဘွားကြီးသည် ၃-၃-၂၀၂၀ (အင်္ဂါနေ့) မွန်းလွဲ ၂:၂၅ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၅-၃-၂၀၂၀ (ကြာသပတေးနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁:၁၅ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူ အားရည်စူး၍ ၉-၃-၂၀၂၀ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း
## နော်အောလစ် (သန်လျင်)
**အသက်(၇၀)**

(ဦးစောလတ်စတင်-နော်အက်စီ)တို့၏ သမီး၊ (ဦးဘိုးကျော်-ဒေါ်အေးသာ)တို့၏ သမီးချွေးမ၊ ဦးစောညွန့် [ဆလက တိုင်းဆောက်(၁၁/ငြိမ်း)]၏ ချစ်လှစွာသောဇနီး၊ ဦးစောမူလာ-နော်ဆာဘလု၊ ဦးစောဆန်နီ-နော်ဆာအယ်တို့၏ ညီမထွေး၊ ကိုထွဋ်သီဟ-နော်မိုးမိုးအေး၊ ကိုအေးသူရ-နော်အက်စတာထူး(မဒုံး)၊ ကိုမောင်မောင်သက်ထွန်း-မချောစုမွန်၊ ကိုရှုမောင်-မချောစုငြိမ်းတို့၏ ချစ်လှစွာသောမိခင်၊ မောင်ပီတာငြိမ်းမောင်၊ နော်ထားစီးယိုတို့၏အဘွား နော်အောလစ်သည် ၃-၃-၂၀၂၀ (အင်္ဂါနေ့) နံနက် ၁:၄၅ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၅-၃-၂၀၂၀ (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် သန်လျင်ကရင်နှစ်ခြင်းအသင်းတော်၌ ဈာပနဝတ်ပြုကိုးကွယ်ပြီး သန်လျင် အမိုးနီခရစ်ယာန်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးသောင်းစိန် (သပြု) (၅၉)နှစ်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (င)ရပ်ကွက်၊ စက်မှုဇုန်နေ (ဦးကြိုင်-ဒေါ်ညွန့်ရင်)တို့၏သား၊ ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ သပြုကျေးရွာနေ (ဦးရွှေ)-ဒေါ်အေးတို့၏ သားသမက်၊ ဦးအေးလွင်ဦး-(ဒေါ်ခင်သီတာ)၊ ရွှေပေါက်ကံစက်မှုဇုန်နေ ဦးယဉ်ဌေး-ဒေါ်စန်းစန်းဝေ၊ (ဦးသက်နိုင်)-ဒေါ်ခင်လေး၊ မန္တလေးမြို့နေ ဦးသန်းစိုး-ဒေါ်နီလာထွေး၊ မြောက်ဒဂုံမြို့နယ်နေ ဦးသက်တင်ဦး-ဒေါ်စန်းစန်းအေးတို့၏အစ်ကိုကြီး၊ အမှတ်(၉၈)၊ မြစ်ငယ်လမ်း၊ (၄)ရပ်ကွက်၊ ဝေဘာဂီမြို့သစ်နေ ဒေါ်ဝင်းဝင်းကြူ၏ခင်ပွန်း၊ မဇင်ဝင့်ဖြူ မနှင်းအေးသူဇာတို့၏ ကျေးဇူးရှင်ဖခင်ကြီးသည် ၂-၃-၂၀၂၀ (တနင်္လာနေ့) ညနေ ၆:၃၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၃-၂၀၂၀ (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၈-၃-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် တွင် အမှတ်(၉၈)၊ မြစ်ငယ်လမ်း၊ (၄)ရပ်ကွက်၊ ဝေဘာဂီမြို့သစ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# 2019 Novel Coronavirus (2019-nCoV) ကြောင့် ဖြစ်ပွားသော အဆုတ်ရောင်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဗဟိုကော်မတီ၏ ဒုတိယအကြိမ် အစည်းအဝေး ကျင်းပ

**နေပြည်တော် မတ် ၃**

2019 Novel Coronavirus (2019 – nCoV) ကြောင့် ဖြစ်ပွားသော အဆုတ်ရောင်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီ၏ ဒုတိယအကြိမ် အစည်းအဝေးကို ယနေ့ နံနက် ၉ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ ကျင်းပသည်။

အစည်းအဝေးတွင် ဗဟိုကော်မတီဥက္ကဋ္ဌ၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်က အမှာစကားပြောကြားခဲ့ရာ COVID-19 ရောဂါကူးစက်ပြန့်ပွားမှုနှင့်စပ်လျဉ်း၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က ကမ္ဘာလုံးဆိုင်ရာ အရေးပေါ်အခြေအနေ(Global Emergency) အဖြစ် ပထမအကြိမ် ထုတ်ပြန်ကြေညာခဲ့ရာမှ ဖေဖော်ဝါရီလကုန်တွင် ကမ္ဘာတစ်ဝန်း ကူးစက်မှုအလွန်မြင့်မားသည့်အဆင့်(Very High)သို့ ပြောင်းလဲတိုးမြှင့်သတ်မှတ်ခဲ့ပါကြောင်း၊ ထို့ပြင် COVID-19 ရောဂါကူးစက်ပြန့်ပွားမှုသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝူဟန်မြို့မှ စတင်ခဲ့သော်လည်း လက်ရှိတွင် အခြားနိုင်ငံ(၆၀) ကျော်တွင်လည်း ကူးစက်ပြန့်ပွားလျက်ရှိပါကြောင်း၊ သို့ပါ၍ ယနေ့ အစည်းအဝေးတွင် နိုင်ငံတကာ၌

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ❂**



ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် 2019 Novel Coronavirus (2019–nCoV) ကြောင့် ဖြစ်ပွားသော အဆုတ်ရောင်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီ ဒုတိယအကြိမ် အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။



# မြန်မာ့သနပ်ခါး ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင်အဖြစ် သတ်မှတ်နိုင်ရန် ယူနက်စကိုသို့ အမည်စာရင်းတင်သွင်းမည်

**မန္တလေး မတ် ၃**

မြန်မာလူမျိုးတို့၏ ရိုးရာဓလေ့အဖြစ် နှစ်သက်စွာ လိမ်းခြယ်ခဲ့ကြသည့် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် သနပ်ခါးကို မြန်မာနိုင်ငံ၏ ပထမဆုံးကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်စာရင်းဝင်အဖြစ် သတ်မှတ်နိုင်ရန် မတ်လအတွင်း၌ ကုလသမဂ္ဂပညာရေးသိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့(ယူနက်စကို) သို့ အမည်စာရင်းတင်သွင်းနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းမြှင့်တင်ရေးလုပ်ငန်း ကော်မတီအဖွဲ့ဝင် ဦးရဲမြတ်အောင်က ပြောသည်။

မြန်မာနိုင်ငံတွင် ထိတွေ့ကိုင်တွယ်၍မရသည့် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များစွာရှိသော်လည်း ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် စာရင်းဝင်အဖြစ် သတ်မှတ်ခံထားရခြင်း မရှိသေးသည့်အတွက် လွန်ခဲ့သည့် နှစ်တစ်ထောင်ကျော်ကာလကတည်းက ရိုးရာယဉ်ကျေးမှုဓလေ့အဖြစ် လိမ်းခြယ်ခဲ့ကြပြီး ယနေ့တိုင်

**စာမျက်နှာ ၄ ကော်လံ ၁ သို့ ❐**

# ၂၀၂၀ အာဆီယံတက္ကသိုလ် အားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ဝင်ရောက်ယှဉ်ပြိုင်ရန် စီစဉ်

**ရန်ကုန် မတ် ၃**

၂၀၂၀ ပြည့်နှစ် အာဆီယံတက္ကသိုလ်အားကစားပြိုင်ပွဲကို ဒီဇင်ဘာလတွင် ထိုင်းနိုင်ငံ၌ ကျင်းပမည်ဖြစ်ပြီး မြန်မာနိုင်ငံက အားကစားနည်းအချို့တွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားနည်းအချို့ကို စတင်ရွေးချယ်ထားပြီး အားကစား အဖွဲ့ချုပ်များနှင့် ညှိနှိုင်းကာ ပြင်ဆင်မှုများ ပြုလုပ်သွားမည်ဖြစ်သည်။

**ထည့်သွင်းကျင်းပ**

၂၀၂၀ ပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ထိုင်းနိုင်ငံအနေဖြင့် အားကစားနည်း ၂၅ မျိုး ထည့်သွင်းကျင်းပရန် စီစဉ်ထားပြီး ပြေးခုန်ပစ်၊ ရေကူး၊ ဘောလုံး၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ ကြက်တောင်၊ ဘတ်စကက်ဘော၊

**စာမျက်နှာ ၂၀ ကော်လံ ၆ သို့ ❖**



၂၀၁၈ အာဆီယံတက္ကသိုလ်အားကစားပြိုင်ပွဲတွင် ပြေးခုန်ပစ်ပြိုင်ပွဲ ကျင်းပစဉ်။

## ဘင်္ဂလား ပင်လယ်အော် အခြေအနေ

**နေပြည်တော် မတ် ၃**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

**မြန်မာ့ပင်လယ်ပြင်။** လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့်ရှိနိုင်သည်။

**နောက်နှစ်ရက်အတွက် ခန့်မှန်းချက်။** စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် မိုးဆက်လက်ထစ်ချုန်းရွာမည်။ **မိုး/ဇလ**

## ကြေးမုံ ယနေ့ဖတ်စရာ

**ပဋိပက္ခအတွင်း အမျိုးသမီးများအား အကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီ ညှိနှိုင်းအစည်းအဝေး ကျင်းပ**

စာမျက်နှာ » ၇



**အစ္စရေးနိုင်ငံ၏ ရွေးကောက်ပွဲတွင် လက်ရှိဝန်ကြီးချုပ် ဘင်ဂျမင် နေတန်ယာဟု အနိုင်ရ**

စာမျက်နှာ » ၁၃

**စစ်ကိုင်းမြို့ ပတ္တမြားစက်မှုဇုန်ရှိ ချည်မျှင်နှင့် အထည်စက်ရုံတစ်ရုံ မီးလောင်**



စာမျက်နှာ » ၁၄